မိဘတို့၏

သားသမီးတို့အပေါ် ကျေးဇူးကြီးမြတ်ပုံကို

ဖော်ပြရာဖြစ်သော

# မိဘမြတ်ကျေးဇူး


အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက

B. A. Hons ဝိဇ္ဇာဂုဏ်ထူး(သီရိလင်္ကာ)

စုဆောင်းရေးသားသည်



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၄ ကောဇာ-၁၃၄၂ ဇူလိုင်လ-၁၉၈၀

သမီးများ ဖြစ်ကြသော မသန်းကြည်၊ မအုံးမှိုတို့ကလည်း မိမိကို ခင်ကြသည်။

ဆုံစီးယင်း စာကျက်ခဲ့။ ။ခလေးတန်းပညာ သင်ကြားပြီး နောက် ကျောင်းဆက်လက်မနေ ရတော့ချေ။ ဒုတိယ ကမ္ဘာစစ်အတွင်း ဖြစ်သည်၊ မိဘတို့ကား နွား ခုနစ်ကောင်၊ လှည်း သုံးစီးနှင့် မြေပဲတထောင်ခန့် ထွက်အောင် အလုပ်လုပ်သည့် တောင်သူများ ဖြစ်ကြရာ အိမ်ရှိ လူကုန် အလုပ်လုပ်ကြရသည်။ ထိုစဉ်က အသက် ၁၂ နှစ်၊ ၁၃ နှစ်ခန့်ရှိသော မိမိသည် ဆုံစီးရသည်၊ "အဖေ၊ ဆုံစီးယင်း အလကား မနေချင်ဘူး၊ ကမ္ဘဈေးက ဘုရားရှိခိုးစာအုပ်တအုပ် ဝယ်ခဲ့ပါ၊ ဆုံစီးယင်း ကျုပ် စာကျက်ချင်ပါတယ်" ဆိုလို့ ဖခင်ကြီးက ဘုရားရှိခိုးစာအုပ် ဝယ်ပေးပါသည်။ သို့ဖြစ်၍ ဘုရားရှိခိုးမျိုးစုံကို ဆုံစီးယင်း ကျက်ခဲ့သည်။

ရှင်ရဟန်းပြု ပညာသင်။ ။အသက် ၁၄ နှစ်သားအရွယ် ရှိရာ ၁၃၀၆ ခုနှစ်တွင် မိဘ တို့က ရှင်ပြုပေးသဖြင့် သာမဏေဝတ် သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော် အရှင်သာဂရမဟာ ထေရ်က 'ရှင်ကေလာသ' ဟု ဘွဲ့ပေးတော်မူပါသည်။ ကိုရင် က်၍ ပထမတဝါတွင် ပရိတ်၊ လောကနီတိ စသည်တို့ကို ာတော် ဦးပရမထံတွင် သင်ယူရသည်။

**လူထွက်ခဲ့ရခြင်း။** ။ကိုရင်ဝတ်၍ တဝါရဝါကျွတ်လျှင် ဖခင်ကြီးက "ကိုရင် အိမ်မှာ အလုပ်တွေများတယ် လူထွက်ရမယ်" ဟု အတန်တန် ပြောပါသည်။ "ဒကာကြီး၊ မထွက်ချင်ဘူး၊ ကိုရင်ဝတ်နဲ့ပဲ နေတော့မယ်" ဟု ပြောရာ ဖခင်သည် အလွန်စိတ်ဆိုးသည်။ သို့နှင့် မိမိသည် ရံခါ ဒကာကြီးနှင့် အတွေ့မခံပဲ နေခဲ့သည်။ ကျောင်းက ဘုန်းကြီးများက "ကိုဘရှန်၊ ကိုရင်ကမှ မထွက်ချင်ပဲ၊ ဇွတ်အထွက်မခိုင်းပါနဲ့" ဟု ပြောကြသည်။ ဖခင်သည် မိခင်ကိုနိုင်သည်။ "လှပို၊ နှင့်သားကို လူထွက်အောင် မလုပ်နိုင်လျှင် ထမ်းပိုးကျစ် ကြည့်ပေတော့" ဟု ကြိမ်းမောင်းတော့သည်။ သို့ဖြစ်၍ မိခင်သည် တနေ့တွင် နေ့လယ်နေပူကြီးမှာ မိမိနေရာ ဏန်တိမ်ရွာသုံးထပ်ကျောင်း ရောက်လာ၍ "ကိုရင် ထွက်ရမယ်၊ ဟောဒီမယ် ပိုးရှေချည်ပါ ပုဆိုး၊ ဟောဒီမယ် ဇာပေါက်စွပ်ကျယ်" စသည်ဖြင့် ပြောပါသည်။ "ဒကာမကြီး ကိုရင်မထွက်ဘူး" ဟု မိမိကပြောရာ မိခင်က "ကိုရင်၊ ကိုရင်မထွက်ယင် ကိုရင့်အဖေဏ တပည့်တော်မကို ထမ်းပိုးကျစ်နဲ့ ရိုက်မှာ သေချာတယ်၊ မထွက်လို့မဖြစ်ဘူး" ဟု ဆိုသဖြင့် မိမိသည် မိခင်ကို သနားပါသဖြင့် လူထွက်လိုက်ရသည်။

**ကိုရင်ပြန်ဝတ် သဒ္ဒါတက်။** ။လူထွက်ပြီး နောက်တနေ့ ကန်တော်ရွာ အရှေ့မြောက်ဘက် မလှမ်းမကန်းမှာ ရှိသော ယာတောသို့ သံခေါးဖတ်ကောက်၊ မြေပဲကောက်ရန် လိုက်သွားပါသည်။ ထိုအခါ မိမိအသက်

၁၅ နှစ်ခန့် ရှိပါပြီ။ မိခင်ဆင်ပေးသည့် ပိုးရောချည်ပါ ပုဆိုး၊ ဇာပေါက်စွပ်ကျယ် ဝတ်ဆင်ပြီး ယာတောလိုက်သွားခြင်း ဖြစ်သည်။ ထိုနေ့ညနေတွင် ဇီးကုန်းတောရ ကျောင်းမှ ဘုန်းတော်ကြီး ဦးဇောတ[၁] ယာတော ကြွလာတော်မူသည်။ ရောက်မဆိုက် ကိုရင်လူထွက်ကို မြင်လျှင်မြင်ချင်း "သည်သူငယ် ဝတ်ကောင်းစားလှနဲ့ ဘယ်နှယ် ယာတောလိုက်လာတာလဲ"ဟု မေးသဖြင့် "ဘုန်းကြီး၊ တပည့်တော် ကိုရင်လူထွက်ပါ၊ မနေ့ကပဲ ဖေဖေက အတင်းခိုင်းတာနဲ့ ထွက်လိုက်ပါတယ်၊ တကယ်တော့ မထွက်ချင်ပါဘူးဘုရား"ဟု လျှောက်ရာ ဘုန်းတော်ကြီး ဦးဇောတက"ကိုရင်လူထွက်၊မင်းသည်လိုဆို ပြန်ဝတ်မလား"။ "ဖေဖေကသာ ခွင့်ပြုလျှင် ဝတ်ပါမည်"ဟု လျှောက်ထားရာ ဘုန်းတော်ကြီး ဦးဇောတက "အို ကိုရင်လူထွက်၊မင့်အဖေ ငါ နိုင်တယ်၊ယခုအိမ်သွားကြစို့"ဟုဆိုပြီး ဘုန်းတော်ကြီးဦးဇောတ အိမ်ကြွလာသည်။ မိမိ(ကိုရင်လူထွက်)မှာ နောက်ကလိုက်သွားပါသည်။ အိမ်ရောက်တော့ ဘုန်းတော်ကြီးဦးဇောတက "ကိုဘရှန်၊ကိုရင်သင်္ကန်းပြန်ဝတ်စေမလို့ သဘောတူပါ"ဟု မိန့်ဆိုရာ ဒကာကြီးက "ဘုန်းကြီး၊ မဖြစ်ဘူး။ အိမ်မှာ အလုပ်တွေရှုပ်တယ်။ နွားသုံးရှဉ်းနဲ့ တောင်သူလုပ်နေတာ၊ ကိုရင်လူထွက်ရှိမှ စခန်းစေ့မယ် ဘုရား"။ "ကိုဘရှန်၊ စခန်းစေ့သော မစေ့သော

---

၁။ ဘုန်းတော်ကြီး ဦးဇောတမှာ ယခု ဇီးကုန်း ကံကျောင်း၌ သီတင်းသုံးလျက်ရှိသည်။ သက်တော် ၈၈ နှစ်ခန့် ရှိပြီ။ မိမိ မကြာမကြာသွား၍ ကန်တော့ပါသည်။

ပြောမနေနဲ့၊ သူဝတ်ချင်တာဖြင့် ဝတ်ပေးရမယ်''ဟု ပြောရာ ''ကိုယ်တော်တယ်ခက်တာပဲ၊ ဒါဖြင့် ဘုန်းကြီးသဘော'' ဟု ဆိုသဖြင့် ထိုနေ့ညနေမှာပင် ကန့်တိမ်ရွာ သုံးထပ်ကျောင်း ဆရာတော် ဦးသာဂရကို ဥပဇ္ဈာယ်ပြု၍ သင်္ကန်းပြန်ဝတ်ခဲ့သည်။ သင်္ကန်းဝတ်ပြီး သုံးထပ်ကျောင်း၌ စာပေ ချပို့၍ သီတင်းသုံးတော်မူသော ဦးဥက္ကံသထံသဒ္ဒါကြီးတက်ရာ သုံးလ လောက် အကြာတွင် သဒ္ဒါကြီးရှစ်စောင်သုတ်ပြီး ရုပ်ပြီးအနက် ဆို ခပ်ကြမ်းကြမ်းပြီးဆုံးပါသည်။

အဘိဓာန်ကျက်၊ ပုဒ်စစ်၊ သဒ္ဒါစစ် စသည်ကျက်၊ မိလိန္ဒ ပဉှာဆို။ ။၁၃၀၇ ခုနှစ် ဝါတွင်းမှာ မိမိ၏ ဇာတိရွာ ကန့်ရပ်ရွာမှ အရှေ့ဘက် ၅ ရာထွင်းကျော်ကျော် ကွာလှမ်းသည့် ကျီး(ကျစ်)ချောင်းသောင်ခုံအလယ်မှာ တည် ဆောက်သည့် တောရကျောင်း၌ ဦးဥက္ကံသ၊ ဦးကုမာရတို့နှင့် အတူ တောဝါဆိုရသည်။ တောကျောင်းအနေ သွားခါနီး တွင် မိခင်ကြီးဒေါ်လှပိုက ငိုယို၍တားလေသည်။ တောထဲ မနေရန် အကြိမ်ကြိမ်တားပါသည်။ သို့ရာတွင်နောက်ဆုံးခွင့်ပြု ပါတော့သည်။ မိမိသည်တောမှာနေယင်း အဘိဓာန် ကျက်ရ သည်။ ပုဒ်စစ်၊သဒ္ဒါစစ် စသည်ကို ကျက်ရသည်။ ည-ဦးဥက္ကံသ က စာပြန်ခိုင်းပါသည်။ စာမရလျှင် ထန်းပတ်ပြားတုတ်ဖြင့် ရိုက်လေ့ရှိသည်။ ဦးဥက္ကံသက မကြာမကြာ ရိုက်တတ်သည်။ တခါဟာရိုက်လိုက်တာ အချက်ပေါင်း ၃၀ ကျော်တယ်။ ခြေထောက်ကနေ စရိုက်တာ ဂုတ်ရောက်မှ နားတော့သည်။

ထန်းပတ်ပြားလည်း ကျိုးသည်။ မိလိန္ဒပဉှာ ပါဠိတော်ကိုလည်း နေ့စဉ် အနက်ဆိုရသည်။ ဆရာက မရိုက်လျှင်ထား စာကျက် စာတက်ရသည်မှာ အလွန် ပျော်ပါသည်။

ကန်တိမ်ရွာသုံးထပ်ကျောင်းခေတ္တနေ စာတက်စာကျက်။

တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက်နေ့တော့ ဝါကျွတ်သဖြင့် မူလနေရင်းစုံ ကန်တိမ်ရွာ သုံးထပ်ကျောင်းသို့ ပြောင်းရွှေ့ နေထိုင်ပါသည်။ သုံးထပ်ကျောင်း ရောက်တော့ ဆိုလက်စ မိလိန္ဒပဉှာ ကုန်သဖြင့် ပါရာဇိကဏ် ပါဠိတော်ကို ဆက်လက် ဆိုပါသည်၊ ပါရာဇိကဏ်ပါဠိတော် ကုန်ပြန်သဖြင့် ပါစိတ် ပါဠိတော် ဆက်လက်ဆိုရပါသည်။

ကံကောင်းလို့ခွေးရူးကိုက် မခံရ။

။မိမိသည် ထိုစဉ်က ကျက်လက်စ အဘိဓာန် ပါဠိကို ကျောင်းအောင်စံထားမှု နိဿယနှင့်တကွ ကျက်ရပါသည်[၁]။ နံနက်စောစောထ၍ ဆရာတော်များ ဘုဉ်းပေးရန်ဆံပြုတ်ကျိုရ ပါသည်။ ထိုစဉ်က ကိုရင်ဇောတိကဆိုသော ကိုရင်လဲ ရှိပါ သည်။ ယင်းသို့နေ့စဉ် ဆံပြုတ်ကျိုရာမှ ဘုန်းကြီး ဦးဥက္ကံသ ဘာစိတ်ကူးရမှန်းမသိ။ အိပ်ခါနီးတော့ "ကေလာသ၊လာခဲ့" ဆိုလို့ သွားပါသည်။ "နက်ဖြန်မနက်စောစော မင်း ဆံပြုတ်

---

၁။ ပခုက္ကူအဘိဓာန်နိဿယသစ်နိဒါန်းလည်း ကြည့်။

မကျိုနဲ့တော့။ မင်းကျိုတဲ့ဆံပြုတ် ငါမသောက်ချင်ဘူး” မိန့်ပါသည်။ သည်တော့ မိမိက “ဦးပဥ္စင်း၊ ဖြစ်ပါတယ်၊ အိပ်ရေးဝဝ အိပ်ရတာပေါ့”ဟု လျှောက်ထားလိုက်ပါသည်။ နံနက်ထကျတော့ ကိုရင်ဇောတိက ဆံပြုတ်ထကျိုပါသည်။ ထိုအခါ မီးတင်းကုတ်တဲထဲမှာ ရောက်ရှိနေသော ခွေးရူးက ကိုရင်ဇောတိကကို လိုမ့်ကိုက်ပါသည်။ ကိုရင်ဇောတိက တော်တော်ဆေးကုယူရသည်။ နောက် ကိုရင်ဇောတိက လူထွက်သွားသည်။

## ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရောက်ရှိပညာသင်။ ။

၁၃ဝ၇ ခုနှစ် ဝါဆိုဦးတွင် ဦးဉက္ကံသနှင့်အတူပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ ပညာသင်ရန် ရောက်ရှိခဲ့သည်။ ဖခင်ဒါယကာကြီး ဦးဘရှန်နှင့် မိခင် ဒါယိကာမကြီးဒေါ်လှပိုတို့လဲ လိုက်ပါလာကြ၍ ပခုက္ကူမြို့ ကုက္ကိုတန်းရပ်ရှိသာသနာနုဂ္ဂဟ ဆွမ်းလောင်း အသင်းမှ ကြွလာသမျှ သံဃာတော်တို့အား ဟင်းလျာ ၄ ခွက်ဖြင့် ဆွမ်းလောင်းလှူပြီး အဂ္ဂ မဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး အရှင်ပညာထံ ရေစက်ချ အပ်နှံ အပ်ပေးဝေပြီး ဒကာကြီးဒကာမကြီးတို့က “တပည့်တော်များသား ကိုရင် သည်တိုက်ထဲ ဓမ္မာဒယကျောင်းမှာ နေရန် အပ်နှံပါသည်” စသည်ဖြင့် လျှောက်ထားကြသည်။ ထိုအခါ ဆရာတော်ကြီးက “အေး-အေး၊ ကိုရင် စာကြိုးစားရမယ်”စသည်ဖြင့် မိန့်ကြားတော်မူပါသည်။

**ဦးဥက္ကံသ ကန်သစ်ကျောင်းထိုင်ကြ မိမိ ပခုက္ကူနေရစ်။ ။**

ယင်းသို့ဖြင့် ပခုက္ကူရောက်၍ ဦးဥက္ကံသ ထံမှာပင် ဆိုလက်စ ပါစိတ်ပါဠိတော် ကုန်အောင်ဆိုရသည်။ ၎င်းနောက် မဟာဝါ ပါဠိတော် ကုန်အောင် ဆိုပါသည်။ စူဠဝါ ပါဠိတော်ကို မဆို တော့ပဲ ထိုစဉ်က အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်နန္ဒဝံသ၏ စူဠဝါချိုက်နှင့် ကြုံ၍ လိုက်ရပါသည်။ ဦးဥက္ကံသ ထံတွင် သဒ္ဒနီတိ သုံးကျမ်း၊ ဋီကာကျော်၊ သဒ္ဒါငယ်ကျမ်းများကို ဆို လိုက်ရပါသည်။နောက် ဦးဥက္ကံသမှာ ကန်သစ် ကျောင်းထိုင် ကြသဖြင့် မိမိသည် ပခုက္ကူမှာနေရစ်၍ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယနှင့် ပထမကျော် ဦးပဏ္ဍိတထံတွင် နေ့ဝါ ညဝါ ကျမ်းစာ အများအပြားကို ဆိုဝါဖြင့် သင်ယူရပါသည်။

**ရဟန်းအဖြစ်သို့ရောက်ခြင်း။ ။** ၁၃၁၂ ခုနှစ်၊ တပို့တွဲလဆုတ် ၁၂ ရက်နေ့တွင် ကန်တိမ်ရွာ ဒါယိကာမကြီး ဒေါ်စိန်ခ သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ညောင်ပင်လှ ထန်းစုကျောင်း ဆရာတော် ဦးဉာဏကို ဥပဇ္ဈာယ်ပြု၍ ရန်ဟန်းအဖြစ်သို့ ရောက်ပါသည်။

**စာမေးပွဲ ငယ်၊လတ်၊ ကြီး၊ စာချတန်း အောင်မြင်ခြင်း။ ။**

စာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုရာ ၁၃၁၂ ခုနှစ်တွင် ပထမငယ်၊ ၁၃၁၃ ခုနှစ်တွင် ပထမလတ်၊ ၁၃၁၄ ခုနှစ်

တွင် ပထမကြိမ်၊ ၁၃၁၅ ခုနှစ်တွင် စာချုတန်းကို ဂူဏ်ဘူး ဆောင်ကျမ်းများနှင့်တကွ ဖြေဆိုအောင်မြင်ခဲ့ပါသည်။

မိဘများ ဒမြတိုက်၊ ပြန်ပေးဆွဲခံရ၊ ခက်ခဲစွာ စရိတ် ထောက်ရ။ ။ခေါ်ဆိုး အခါဆိုး အချိုးမျိုးနှင့် ကြုံရရာ မိဘများမှာ ဒမြတိုက်ခံရသဖြင့် ငွေဒင်္ဂါး ၅၀၀၊ ရွှေ ၁၀ သားခန့် စသည်နှင့် ငွေစက္ကူများစွာ ဒမြလက် ပါသွားခဲ့သည်။ ၎င်းပြင် မိခင် ဒကာမကြီး ပြန်ပေးအခေါ် ခံရသဖြင့် ယာပေါင်၊ ကြွေးယူပြီး ခက်ခဲစွာ ရွေးယူရသည်။ ဒကာမကြီး ပြန်ပေးလက်မှာ ၁၇ ရက်ကြာသည်။ ထိုစဉ်က မိမိမှာ စာမေးပွဲဖြေရန် ရန်ကုန်သွားရန် ရှိလေရာ မိမိ၏ ဖခင်ကြီးနှင့် မိခင်တို့သည် မိမိအား စရိတ် ထောက်စရာပင် မရှိ သဖြင့် ယာတခင်း ထပ်မံပေါင်၍ စရိတ် စီစဉ် ရပါသည်။ နောက်တွင် 'တမိုးကောင်း တချောင်းစီး' ဆိုသည့်အတိုင်း မိုးလေဝသကလည်း အဆင်ပြေသဖြင့် ပဲ ပြောင်း နှမ်းတို့ရလေ ရာ မိဘများမှာ စီးပွားရေး ကောင်းလာပါသည်။

မိဘများနှင့် ဘုရားဖူး လှည့်လည်ခြင်း။ ။မိဘနှစ်ဦးတို့သည် အလွန်လျှင် ကျေး ဇူး များလှ၏။ ပညာသင်ရာ၌ လိုလေသည်မရှိအောင်ထောက်ပံ့ ကြသည်။ ရွာရောက်လျှင်လည်း မကောင်း ကောင်းကြောင်း ချက်ပြုတ် ကပ်လှူကြသည်။ တခါ တခါ ဒကာကြီးက "ဦးပဉ္စင်း၊ ဦးပဉ္စင်းအဘွက် ကုန်ကျတဲ့ ငွေတွေ ရာ ထောင်

တော် တော် များပြီ” ဟု မြည်တွန် တတ်သည်။ ထိုအခါ ဒကာမကြီးက ဒကာကြီးကို “သည်လူနှယ်၊ ဦးပဥ္စင်း အတွက် ကုန်လိုများတော့ ကျုပ်တို့ မစားရစားရ ကုန်ပေစေ၊ ဦးပဥ္စင်း စိတ် ဆင်းရဲအောင် ဘာလို့ လျှောက်ထားလဲ” စသည်ဖြင့် တာဆီး ကာဆီး လုပ်တတ်သည်။ မိမိသည် ဒကာကြီး ဒကာမကြီးတို့နှင့်အတူ မန္တလေး၊ စစ်ကိုင်း ဘုရားများ၊ ပုဂံ-ညောင်ဦး ဘုရားများ၊ ရန်ကုန်၊ ပဲခူး ဘုရားများ၊ ရွှေစက်တော် စသည်တို့ကို ဖူးမြော် ခဲ့ပါသည်။ ဤသို့ စသည်ဖြင့် မိမိအား မိဘတို့သည် အလွန်လျှင် ကျေးဇူးများလှ ပါသည်။

**မန္တလေး ပညာ သင်ကြားခဲ့ခြင်း။** ။မိမိသည် မန္တလေးမြို့ အနောက်ပြင် မဟာဝေယံ ဘုံသာတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင် ကလျာဏာဘိဝံသ အထံ၌ လည်းကောင်း၊ မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမဥ္စူ ထံ၌ လည်းကောင်း၊ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက် အရှင် ဥက္ကံသာဘိဝံသ ထံ၌ လည်းကောင်း နေထိုင်၍ ပညာ သင်ကြားခဲ့ပါသည်။ ထိုစဉ်ကလည်း မိဘတို့ မိမိ အတွက် ကြေးငွေ ကုန်ကျကြသည်။

**ဆဋ္ဌ သံဂါ ယနာတွင် အ လုပ် လုပ် ခြင်း။** ။မိမိသည် ၁၃၁၆-ခုနှစ်မှစ၍ ၁၃၂၃ ခုနှစ်အထိ ကျင်းပ ပြု လုပ်အပ်သော

ဆဋ္ဌ သံဂါယနာ မဟာ ဓမ္မသဘင်ကြီး တွင်လည်း ဆဋ္ဌ သံဂီတိ ကာရက၊ ဆဋ္ဌ သံဂီတိ ဘာဏက၊ ပဋိဝိသောဓက၊ ဩသာန သောဓက၊ ကျမ်းညွှန်း ဩသာနသောဓက ဖြစ်၍ ရန်ကုန်မြို့ ဇမ္ဗူဒီပ ကျောင်းဆောင်၌ ၅ နှစ်တိုင် ဝါဆို နေထိုင်၍ ဆောင်ရွက်ခဲ့သည်။ ထိုစဉ်ကလည်း မိဘတို့ ရန်ကုန် ရောက်ရှိပြီး ဆဋ္ဌသံဂါယနာ သဘင်ကြီး၌ ကြည်ညို ခွင့်ကို ရရှိကြသည်။

ယိုးဒယား၊ အိန္ဒိယ၊ သီဟိုဠ်တို့၌ လည်ပတ် နေထိုင် ပညာ သင်။ ။ဘဝနတ်ထံ ပျံလွန်တော်မူကြပြီးဖြစ်သော အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူ ဆရာတော် ဘုရားကြီးအရှင်သုန္ဒရမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ မန္တလေးမြို့ ဘုရားကြီးတိုက် ဟံသာဝတီဆရာတော်ဘုရားကြီး အရှင်ဣန္ဒာ-သဘ၊ ဆဋ္ဌသံဂါယနာ အကျိုးဆောင် အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရ ဆရာတော် အရှင်ဝိသုဒ္ဓတို့နှင့် အတူ ယိုးဒယား နိုင်ငံ သို့လည်း ရောက်ရှိ လှည့်လည် ဗဟုသုတ ဆည်းပူးခဲ့ပါသည်။ ဆဋ္ဌသံဂါယနာ အပြီးတွင် အိန္ဒိယနိုင်ငံ၊ သီဟိုဠ်နိုင်ငံ တို့သို့ သွားရောက်လှည့်လည် ပါသည်။ သီဟိုဠ်၌မူ ၅နှစ် နေထိုင်၍ သက္ကတ၊ ပရာကရိတ်၊ အင်္ဂလိပ်၊ သီဟိုဠ် စသည့် ဘာသာရပ် များကို သင်ယူခဲ့သည့်ပြင် ပါဠိဘာသာကိုလည်း သမိုင်းနှင့် တကွ အချေသပ် လေ့လာခဲ့ပါသည်။

ဘီ-အေ ဂုဏ်ထူး အောင်မြင်ခြင်း။ ။သီဟိုဠ်ကျွန်း၌ နေစဉ် မဏ္ဍာဝလရွာ သီရိနန္ဒာရာမပရိဝေဏ၊ ကိုလံဘိုမြို့ ဓမ္မဒူတာအဿမ ပရိဝေဏ တို့၌ ပဏ္ဍိတ်ဘွဲ့ရ ပညာရှင်များထံ ပညာသင်ကြားခဲ့ပြီး ဝိဇ္ဇောဒယ တက္ကသိုလ်၌ သီဟိုဠ်အစိုးရ အထောက်အပံ့ဖြင့် ပညာ သင်ကြားခွင့်ကို ရခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ဘီ-အေ ဂုဏ်ထူးတန်းတွင် အဆင့် အတန်း အမြင့်ဆုံးဖြင့် အောင်မြင်ခဲ့၍ အမ်-အေ (မဟာဝိဇ္ဇာ) တန်းအတွက် ဆက်လက် ပညာ ဆည်းပူးခွင့်ကို ရရှိခဲ့ပါသည်။

ပခုက္ကူပြန်၍ ကျမ်းပြုစာချခြင်း။ ။မိမိသည် မြင်းမိုရ်ဆယ်ပြန်မက ကျေးဇူးများလှသော အဘိဓဇ မဟာ ရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရ မဟာထေရ်၏ အကြိမ်ကြိမ် မှာယူချက်အရ မဟာဝိဇ္ဇာတန်းကို ပြီးဆုံးအောင် မဆည်းပူးခဲ့ရပဲ ၁၃၂၈ ခုနှစ် ဒုတိယဝါအမီ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီးသို့ ပြန်ရောက်၍ ဆရာတော် ဘုရားကြီး အမိန့်အရ တင့်တယ်သာမော ကျော်စော ထင်ရှားလှသော သာသန ဇောတိပါလ ကျောင်းကြီး၌ နေထိုင်၍ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ ကင်္ခါ၊ ဝိသုဒ္ဓိမဂ်၊ ဒီဃနိကာယ်ပါဠိအဋ္ဌကထာ၊ မဇ္ဈိမနိကာယ် ပါဠိအဋ္ဌကထာ၊ သံယုတ္တနိကာယ် ပါဠိ အဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ် ပါဠိ အဋ္ဌကထာ၊ ခုဒ္ဒကနိကာယ်အပါအဝင် နေတ္တိပါဠိအဋ္ဌကထာ

စသော မာဝစနှင့် မုဒ္ဒဗောဓ၊ အမရကောသ၊ စာဏကျနီတိ အစရှိသော သက္ကတဘာသာ ပေသည့် ဘာသာ အမျိုးမျိုး၊ ကျမ်းဂန် အမျိုးမျိုးတို့ကို ချူပို့ခဲ့သည်။ ရင်းပြင် ပခုက္ကူ သာသနာဝင်၊ မဟာဝိသုတာရာမ နိကာယ သာသနာဝင်၊ စစ်ကိုင်း သာသနာဝင်၊ မန္တလေး သာသနာဝင်၊ ပခုက္ကူ စာချ နည်း၊ ပခုက္ကူ အဘိဓာန် နိဿယသစ် အစရှိသော ကျမ်းဂန် ပေါင်း ၉၀ ကျော် တို့ကိုလည်း ရေးသား စီရင်ခဲ့သည်။

**တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းညွှန်းများဦးဆောင်ရေး။**

ရင်းပြင် သာသနာရေး ဦးစီးဌာန၏ တာဝန် ပေးချက်အရ တ–ဝဂ် အဘိဓာန် ကျမ်းကြီးများ၊တ–ဝဂ်ပါဠိပဒ ပိဋက ကျမ်း ညွှန်းကျမ်းများကိုလည်း ဦးဆောင်၍ရေးသားပြုစုခဲ့လေသည်။

**မိဘတို့ ဒါနပြုကြ။** ။မြင်းမိုရ်ဆယ်ပြန်မကလွန်သည့် ချစ်ဝှန် ကဲထ အမိအဘတို့သည် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီးထဲ၌ လာရောက်ကြ၍ အကြိမ်ပေါင်း များစွာ သံဃာတော် အရှင်မြတ်တို့အား ဆွမ်းကပ် လှူဒါန်း ကြသည်။

**သိမ်ထပ် ဒါနပြုကြခြင်း။** ။မိမိအား ပခုက္ကူမြို့ ကန်ရပ်ရွာ နေ ဦးပျော်ပါး–ဒေါ်သောင်း သားသမီး တစုတို့ကလည်းကောင်း၊ ညောင်တုန်းမြို့ ကျုံတမာ

ရွာ ဦးကျော်ထင်—ဒေါ်စိန်ချစ် သားသမီးတို့ကလည်းကောင်း ပရိက္ခရာရှစ်ပါး စသည် လှူဒါန်းကာ သိမ်ထပ်၍ ဒါနပြုကြကုန်၏။

**မိဘများကွယ်လွန်ခြင်း။** ။ဖခင်ကြီး ဦးဘရှန်မှာ ၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၅ ရက်နေ့ နေ့လယ် ၁၁ နာရီခွဲခန့်တွင် ကွယ်လွန်ခဲ့လေသည်။ မိမိနောင်တော်ကြီး ဦးအေးကန်မှာ ဖခင် ဒါယကာကြီး မကွယ်လွန်မီ ၉ ရက်က ကွယ်လွန်ခဲ့လေသည်။ မိခင်ကြီး ဒေါ်လှပုံမှာ ၁၃၄၂ ခုနှစ် နယုန်လဆန်း ၁၀ ရက်နေ့ ၂ နာရီ အချိန်တွင် ကွယ်လွန်ခဲ့သည်။ မိခင်ဒါယိကာမကြီး မကွယ်လွန်မီ ၇ ရက်အကွာ ၁၃၄၂ ခုနှစ် နယုန်လဆန်း ၃ ရက်နေ့တွင် အင်္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး အရှင်ဂန္ဓမာ မဟာထေရ် ပျံလွန်တော်မူခဲ့လေသည်။

**သံဝေဂများ ဖြစ်ခဲ့ရ။** ။ဒါယိကာမကြီး ကွယ်လွန်ချိန်တွင် မိမိသည် ပခုက္ကူ၌ မရှိပါချေ။ ၁၃၄၂ ခုနှစ် နယုန်လဆန်း ၇ ရက်နေ့က သာသနာ သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေး၏ သံဃာ့ကိုယ်စားလှယ် တပါးအနေဖြင့် ရန်ကုန်သို့ သွားပါသည်။ နယုန်လဆန်း ၈ ရက်နေ့ ညနေ ၆ နာရီခန့်တွင်

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းခြေရှိ တည်းခိုရာ ဥတ္တရကုရု ကျောင်းဆောင်သို့ ရောက်ရှိပါသည်။

တိုင်းဆက်သွယ်ရေး အကျိုးဆောင်အဖြစ် ဆောင်ရွက်။ ။

မိမိ ရောက်လျှင်ရောက်ချင်း သံဃာ့ဝန်ဆောင် ဆရာတော်များနှင့် တွေ့ပါသည်။ ဆရာတော်များက ဦးကေလာသကို မကွေးတိုင်း ဆက်သွယ်ရေး အကျိုးတော်ဆောင် အဖြစ်ဖြင့် ဆောင်ရွက်ရန် **တာဝန် အပ်နှင်းထားပါသည်။**

ဆောင်ရွက်ဖွယ် ကိစ္စများ ဆောင်ရွက်ပါဟု မိန့်ဆိုသဖြင့် ဆောင်ရွက်ဖွယ် ကိစ္စများကို ဆောင်ရွက်ရ၏။ ယင်းသို့ တိုင်းဆက်သွယ်ရေးအကျိုးတော်ဆောင် ဆရာတော်တပါးအနေဖြင့် ကမကထပြု၍ မကွေးတိုင်း သံဃာ့ကိုယ်စားလှယ် အသင်းစည်းဝေးနေစဉ် ယင်းသည့် နယုန်လဆန်း ၁၀ ရက်နေ့ ၆ နာရီခန့် အချိန်တွင် ဒကာမကြီးဆုံးကြောင်း ပခုက္ကူမှ တယ်လီဖုန်း လာပါသည်။ သို့ဖြစ်၍ မိမိသည် ပခုက္ကူသို့ ဦးပဉ္စင်းလာမှ သင်္ဂြိုဟ်ရမည်၊ နယုန်လဆုတ် ၂ ရက်နေ့ ပခုက္ကူ ရောက်မည်ဟု တယ်လီဖုန်း ပြန်လိုက်ပါသည်။

ရန်ကုန်လုပ်ငန်းတွေ အများအပြား ပြုလုပ်ခဲ့။ ။မိမိသည် ရန်ကုန်သို့ ရောက်ရှိသည့် နယုန်လဆန်း ၈ ရက်နေ့မှ နယုန်လဆုတ် ၁ ရက်နေ့အတွင်း အလုပ်ကိစ္စတွေ အများကြီး လုပ်ခဲ့ပါသည်။

ဆရာတော် အရှင်ဂန္ဓမာ မဟာထေရ်၏ မဟာထေရဝိက္ကီဠိတ ကျမ်းနှင့် ပခုက္ကူ အဖိုးတန် စာပေများ ကျမ်းကို အလျင်အမြန်စာအုပ်အဖြစ် ရောက်အောင် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်၊ နည်းသစ် ဦးသောင်းလွင်စသူတို့၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည်။

ဥတ္တရကုရုကျောင်းဆောင် အစည်းအဝေးခန်းမ၌ အခမ်းအနားမှူးဖြစ်၍ အကြိမ်ကြိမ်သော သံဃာ့ အစည်းအဝေးတွင် ဆောင်ရွက်ခြင်း၊ ဇမ္ဗုဒီပကျောင်းဆောင်၌ ကျင်းပသည့် တိုင်းဆက်သွယ်ရေး အကျိုးဆောင်များ အစည်း အဝေးသို့ တက်ရောက်၍ ဆောင်ရွက်ခြင်း၊ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူကြီး အတွင်း ကျင်းပပြုလုပ်သည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင် ပါဝင်ဆောင်ရွက်ခြင်းများအပြင်၊ အထူးသဖြင့် နယုန်လဆန်း ၁၄ ရက်နေ့ နံနက်ပိုင်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီးတွင် 'ဝိနည်းဓမ္မကံ' အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ မူကြမ်းကို ထောက်ခံဆွေးနွေးခဲ့သည်။

ပခုက္ကူပြန်လာ မိခင်အလောင်းသဂြိုဟ်ခြင်း။ ။နယုန်လဆုတ် ၁ ရက်နေ့ ည

နေတွင် ရန်ကုန်မှ အစိုးရပို့သည့် အစီအစဉ်ဖြင့် ပခုက္ကူသို့ ပြန်ခဲ့ရာ၊ နယုန်လဆုတ် ၂ ရက်နေ့ ည ၈ နာရီခန့်တွင် မိမိနေရာ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက် သာသနာ့ ဇောတိပါလ

ကျောင်းသို့ ရောက်ပါသည်။ ကျောင်းမှာ မိမိ၏ နဝကမှ ကပ္ပိယ ဒါယကာဦးမိုင်ကင်းနှင့် မိဘသဖွယ် စောင့်ရှောက်လေ့ ရှိသော ဒါယကာကြီး ဦးဘညွန့်၊ ဒါယိကာမကြီး ဒေါ်ပု မိသားစုတို့ ဆောက်ရှိနေပါသည်။မိမိချက်ကြွေရာ ကန်ရပ်ရွာသို့ သွားရန် ကားစီစဉ်နှင့်ပြီး ပြင်ရာ၊ ရောက်ရှိ၍ ၁၅ မိနစ်ခန့် အကြာတွင် ကန်ရပ်ရွာသို့ ဆရာတော် ဦးဇဝန၊ ဒကာကြီး ဦးမိုင်ကင်းတို့နှင့်အတူ ဆက်သွားပါသည်။ ည ၉ နာရီခန့်တွင် ရွာရောက်၍ မိခင်ကြီး ရုပ်ကလာပ်ရှိသော သေတ္တာကို ကိုင် ကြည့်ပြီး မဏ္ဍပ်တွင်းရှိ ရပ်ရွာခေါင်းဆောင်များနှင့် တိုင်ပင် နှီးနှော၍ နယုန်လဆုတ် ၄ ရက်နေ့တွင် ပင့်သံဃာ ၁၃၇ ပါး တို့အား သင်္ကန်း၊စာအုပ်၊ကမ္ဗဝါလှူဒါန်း၍ ကြီးကျယ်လှသော မြို့ပရိသတ်၊ တောပရိသတ်ဖြင့် မိခင်အလောင်းကို နောက် ဆုံးပိတ် သင်္ဂြိုဟ်လိုက်ပါသည်။ သင်္ဂြိုဟ်ပွဲ အခမ်းအနားတွင် တိပိဋကဓရ မေဓာဘ္လာဂါရုံက ဆရာတော် အရှင်နေမိန္ဒ က ငါးပါးသီလပေး၊ ရေစက်ချ၊ တရားဟော၍ ချီးမြှောက်တော် မူသည်။ သံဃာတော်အားလုံးက အနိစ္စဝတ သင်္ခါရာ ဂါထာ ၃ ခေါက်ရွတ်ဆို၍ သံဝေဂ ပွားများတော်မူကြသည်။

ဒါယကာကြီး ကွယ်လွန်စဉ်ကလည်း ဦးနေမိန္ဒ က တရား ဟော၍ ချီးမြှောက်တော် မူသည်။ ထိုစဉ်က မိမိ ကိုယ်တိုင် ရေစက်ချပါသည်။

**လလည်ဆွမ်းသွတ် ကုသိုလ်ပြုခြင်း။** ။ပထမ ဝါဆိုလဆန်း ၁၀ ရက်နေ့ကား ဒါယိကာမကြီး ကွယ်လွန်၍ တလ ပြည့်မြောက်ရာနေ့ ဖြစ်သည်။ ယင်းတလပြည့်မြောက်သည့် ပထမဝါဆိုလဆန်း ၁၀ ရက်နေ့ နံနက် ၉ နာရီခန့်တွင် နိုင်ငံတော် သံဃနာယက ဆရာတော် ဦးဝေပုလ္လသာမိ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဦးကုသလတို့ အပါအဝင် သံဃာတော် ၈ ပါးအား ဆွမ်းအုပ်များ၊ သင်္ကန်းဒွိစုံ စသည်များ လှူဒါန်း၍ ဆွမ်းသွတ် ကုသိုလ် ပြုပါသည်။ဥပါသကာ–ဥပါသိကာမ ၁၀၀ ကျော်တို့ ကုသိုလ် ပါဝင် အမျှအတမ်း ပေးဝေကြသည်။ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် ဦးကုသလက သီလပေး၊ ရေစက်ချ၊ တရားဓမ္မ ချီးမြှင့်တော်မူသည်။

**မိဘမြတ် ကျေးဇူးကျမ်း ရေးသား စီရင်ခြင်း။** ။ မိမိသည် မိဘတို့အား အတတ်နိုင်ဆုံး စောင့် ရှောက် ခဲ့ ပါ သည်။ နို့ဆီ၊ သကြား၊ သရက်သီး၊ ပန်းသီး၊ ငှက်ပျောသီး၊ မုန့်မျိုးစုံ၊ ငါးကြော် စသည်တို့ မပြတ်ပေး၍ ပြုစုခဲ့သည်။ မိဘများအိမ် ၂ ကြိမ် မီးလောင်ရာ ချက်ချင်း အိမ်ဆောက်ပေးစေခဲ့သည်။မိဘများ အသက်ရှင်စဉ်က ကထိန် ခင်းစေခြင်း၊ သင်္ကန်းကပ်စေခြင်း၊ ဆွမ်းကပ် လှူစေခြင်း စသည် ကုသိုလ်ကောင်းမှုများကိုလည်း ပြုစေခဲ့သည်။ မိမိ၏ မွေးချင်းများကလည်း စိတ်ဝင်တစား ပြုစုကြ၏။ သို့နှင့် မိဘကျေးဇူး ဆပ်ရသည်ကို အားမရသေးပဲ

ဤမည်သော မိဘမြတ်ကျေးဇူးကျမ်း ၁၀ ရက်ခန့် လုပ်အား ပေး ရေးသားပြုစုခဲ့ရာ မနေ့ကပြီးစီးရာ ယနေ့ နိဒါန်း ပြီး ဆုံးပါသည်။

တိုက်တွန်းချက်။ ။အို...စာရှုသူတို့။ အသင်တို့ကို မိဘတို့သည် ကလလ ရေကြည် တည်ဦးစကာ၌ မိခင် ဖခင်တို့သည် ဥယျာဉ်ပျိုးသလို အမျိုးမျိုးစောင့်ရှောက်ခဲ့ကြသဖြင့် အသင်တို့သည် ယခုလို လူလားမြောက်၍ ကြီးပွားခြင်းသို့ ရောက်ခဲ့ကြကုန်၏။ သို့ဖြစ်၍ မိဘတို့ကို အစစအရာရာ ငြိုငြင်မှုမရှိအောင် ယုယုယယ စောင့်ရှောက်ပြုစု လုပ်ကျွေးပါဟု တိုက်တွန်းယင်း နိဒါန်းကို လက်စသတ်လိုက်ပါပြီ။

မိခင်ဖခင် ကျေးဇူးရှင် နေ့စဉ်လုပ်ကျွေးပါ။
အမိအဘ ယင်းနှစ်ဝ ယုယုယယ ပြုစုပါ။
မိဘနှစ်အင် ပြုစုလျှင် ပျော်ရွှင်ထက်နဝ်ရွှာ။

အရှင်ကေလာသ

ဓမ္မာစရိယ ဂဏဝါစက၊ ဘီ-အေ(ဂုဏ်ထူး)၊

သာသနာ့ဇောတိပါလကျောင်း၊

မဟာဝိသုတာရာမတိုက်၊

ပခုက္ကူမြို့။

၁၃၄၂ ခုနှစ်၊ ပထမ ဝါဆိုလဆန်း ၁၁ ရက်။

# ကျမ်းဦးအမှာ

မပြစ်မှားအပ်သော ပုဂ္ဂိုလ်ဆယ်ယောက်။ ။တေမိယဇာတ်
ပါဠိတော်၌

ကျေးဇူးဥပကာရ မမေ့အပ်၊ မပြစ်မှားအပ်သော ပုဂ္ဂိုလ် ဆယ်ယောက် လာရှိ၏။ ယင်း ဆယ်ယောက်ကို 'ခင်ပွန်းကြီး ဆယ်ပါး' ဟုလည်း ခေါ်သည်။ ၎င်းတို့ကား—

(၁) သဗ္ဗညုတ ဘုရားရှင်၊

(၂) ပစ္စေကဗုဒ္ဓါ ဘုရားရှင်၊

(၃) ရဟန္တာပုဂ္ဂိုလ်၊

(၄) ဘုရားမြတ်စွာ၏လက်ယာရံ,လက်ဝဲရံတပည့်များ၊

(၅) အမိ၊

(၆) အဘ၊

(၇) မိမိထက် အသက် သိက္ခာ ဂုဏ်ဝါ ကြီးမြတ်၍ ရှိသေအပ်သူ၊

(၈) ဆရာသမား၊

(၉) **အစားအဝတ်** ပေး၍ ကျေးဇူးပြုခဲ့ဘူးသူ၊

(၁၀) ပစ္စုပ္ပန် တမလွန် ကောင်းစားရေး **အတွက်** တရားဟောပြသူ-

အားဖြင့် ဆယ်ယောက်ဖြစ်၏။

ကျေးဇူးရှင် ပုဂ္ဂိုလ်နှစ်ဦး။ ။ခင်ပွန်းကြီး ဆယ်ပါးအနက် အမိအဘ နှစ်ပါးတို့သည်လည်း သားသမီးများအဖို့ရာ ထိပ်တန်း ကျေးဇူးရှင်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဘုရားသဗ္ဗညုကိုယ်တော်တိုင် "ဗဟုပကာရာ ဘိက္ခဝေ-မာတာပိတရော ပုတ္တာနံ" (ရဟန်းတို့၊ မိဘနှစ်ပါးတို့ကား သားသမီးများအား ကျေးဇူးများလှသည်) ဟု အစချီတော်မူ၍ ကျေးဇူးများပုံကို အကျယ်ဟောပြတော်မူခဲ့လေသည်။ ဤကျမ်း၌လည်း ပါပြီးဖြစ်သည်။

မိဘကျေးဇူးကန်းသူနှင့် ကျေးဇူးဆပ်သူ။ ။လောက၌ မိဘ ကျေးဇူး ကန်းသူလည်းအများအပြားရှိခဲ့သည်။ ကျေးဇူးဆပ်သူလည်း အများအပြား ရှိခဲ့သည်။ အဇာတသတ်မင်း၊ ဗြဟ္မဒတ်မင်း စသူတို့ကား ထိပ်တန်း ကျေးဇူးကန်းသူတို့ ဖြစ်ကုန်၏။ ၎င်းပုဂ္ဂိုလ်များ မိဘကျေးဇူး ကန်းသဖြင့် အဝီစိ ငရဲသို့ **သွား**ကြကုန်၏။

(ဆောင်) မာတာ ပိတ၊ မိဘတို့အား၊ တရားယှဉ်းချွတ်၊ ဇာတသတ်နှင့်၊ ဗြဟ္မဒတ်မင်း၊ ဝိစိဆင်း၏။
(မဃဒေဝလင်္ကာ။ ၁၇၃–အပိုဒ်)

မိဘကို ရိုရိုသေသေ လေးလေးမြတ်မြတ် ပြုစုလုပ်ကျွေး သူတို့၏ စံရာဌာနီကား ထက်ခွင်ထက်ရပ် နတ်ပြည်ဖြစ်၏။

မိဘ ကျေးဇူးဆပ်သည့်အနေ ဤကျမ်းပြု။ ။ဆရာတော် အရှင် တေ
လာသသည် မိဘ နှစ်ပါးအား လွန်စွာ စောင့်ရှောက်ခဲ့သည်။ ချီးမြှောက်ခဲ့သည်။ စာချ, စာရေးအလုပ်တွေ လွန်စွာ များနေသည့်ကြားမှပင် ရံခါ မိဘတို့ထံ ရုတ်တရက် ကားဖြင့်ကြွ၍ စားစရာပို့၍ နှစ်သိမ့်ရာ နှစ်သိမ့်ကြောင်း စကားကောင်းများကို ပြောလေ့ရှိသည်။ မိဘ နှစ်ပါး ကွယ်လွန်စဉ်လည်း ခမ်းနားစွာ သင်္ဂြိုဟ်ခဲ့သည်။ ကွယ်လွန်ပြီးနောက် မိဘ နှစ်ပါးတို့ကို ရည်စူး၍ ကုသိုလ်ကောင်းမှု ပြုခဲ့သည်။ ဤမည်သော မိဘမြတ် ကျေးဇူးကျမ်းကိုလည်း မိဘ နှစ်ပါးကို ကျေးဇူးဆပ်သည့်အနေဖြင့် အများလူရှင်တို့အကျိုး စီရင် ရေးသားခဲ့လေသည်။

လေ့လာဖတ်ရှု အတူယူကြ။ ။ဤကျမ်းစာကို သေချာစွာ လေ့လာ ဖတ်ရှုကြပြီးလျှင်
အဟိုရှေးက အမိအဘကို လုပ်ကျွေးပြုစုခဲ့ကြသော အသောင်း

**အလျှာ သူတော်စွာတို့ထံ** နှလုံးမူ **အတုယူကြ၍** မိဘနှစ်ပါး**ကို အတတ်နိုင်ဆုံး ပြုစု** လုပ်ကျွေးကြကုန်ရာသည်။

**မိကို ဘကို** ချစ်ကြည်ညို ရိုသေလုပ်ကျွေးပါ။
ကျွေးမွေးပြုလျှင် ထက်နတ်ခွင် ခိုဝင်ရောက်ရမှာ။

ဦးဇဝန (တိုက်ကြပ်၊ ဂဏဝါစက)
မဟာဝိသုတာရာမတိုက်၊
ပခုက္ကူမြို့။

၁၃၄၂-ခု ပထမ ဝါဆိုလဆန်း ၁၂-ရက်။

# မိဘမြတ်ကျေးဇူး

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ပဏာမပဋိညာဉ် | ၃၃ |
| ၂။ | အနန္တဂုဏ်အင် ကျေးဇူးရှင် | ၃၄ |
| ၃။ | စောင့်ရှောက်ထားဝစဉ် မာတာမိခင် | ၃၄ |
| ၄။ | ပင်ပန်းကြီးစွာ ရှာဖွေယုယ မွေးသဖခင် ကျေးဇူးရှင် | ၃၅ |
| ၅။ | အနီးစပ်ဆုံး အရင်းနှီးဆုံး အခင်မင်ဆုံး | ၃၅ |
| ၆။ | လက်ဦးဆရာ မည်ထိုက်စွာ မာတာပိတာ မိနှင့်ဘ | ၃၆ |
| ၇။ | အသက်သခင် မွေးသမိခင် | ၃၇ |
| ၈။ | မိခင်ဝမ်းဝယ် သန္ဓေတွယ်ပုံ | ၃၈ |
| ၉။ | ဖခင်က ကူညီစောင့်ရှောက်ပုံ | ၄၂ |
| ၁၀။ | ဖွားမြင်ပြီးနောက် စောင့်ရှောက်ပုံ | ၄၃ |

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၁။ | ရင်သွေးဟူက ချစ်မဝတည့် | ၄၅ |
| ၁၂။ | သားသမီးအသံကြားသနား မျက်နှာမြင့် လွန်ချစ်ခင် | ၄၆ |
| ၁၃။ | ပညာတတ် လူလားမြောက်အောင် စောင့်ရှောက်ကြခြင်း | ၄၇ |
| ၁၄။ | မိဘကျင့်ဝတ် ငါးပါး | ၄၉ |
| ၁၅။ | တောင်းစုတ် ပလုံးစုတ် ပစ်နိုင်၊ သားသမီးဆိုး မပစ်နိုင် | ၅၀ |
| ၁၆။ | လူ့သဘော သားသမီးချစ်၊ အရုပ်ဆိုးသော သားသမီး ချစ်သနား | ၅၁ |
| ၁၇။ | မည်မျှဆဲရေး ဆဲရေး ဖရုသဝါစာ မဖြစ် | ၅၁ |
| ၁၈။ | ကျေးဇူးကျေအောင် မဆပ်နိုင်သော ပုဂ္ဂိုလ်နှစ်ဦး | ၅၂ |
| ၁၉။ | အမိအဘတို့၏ ကျေးဇူးကျေအောင် ဆပ်နည်း | ၅၄ |
| ၂၀။ | အနန္တ ငါးပါး | ၅၅ |
| ၂၁။ | မိဘကောင်းသော ဒုဋ္ဌဂါမဏိနှင့် သဒ္ဓါတိဿ | ၅၇ |
| ၂၂။ | လူကလေးတို့ ဦးဦးဖျားဖျား မစားကြနဲ့ | ၅၈ |
| ၂၃။ | သံဃာမလှူပဲ စားမိ၍ စေတီတည် ကျေးဇူးဆပ် | ၅၉ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၄။ | မိဘကျေးဇူးကို သိသော ပရက္ကမဗာဟုမင်း | ၆၁ |
| ၂၅။ | မိခင်အရိုး မြေကျရာ၌ စေတီတည်သည့် ဗားထရာ သာသနာပိုင် ဆရာတော် | ၆၂ |
| ၂၆။ | မိဘနှစ်ဖော် မျှော်လင့်ချက် | ၆၃ |
| ၂၇။ | အမိကျေးဇူး အဘကျေးဇူး | ၆၅ |
| ၂၈။ | မွေးသမိခင် ကျေးဇူးရှင်ကို လုပ်ကျွေးသော ကွမ်းဆော်မင်း | ၆၈ |
| ၂၉။ | မိဘကို ပြုစုလုပ်ကျွေးခြင်း | ၇၁ |
| ၃၀။ | မိဘနှစ်ပါးအား လေးစား ရိုသေနည်း | ၇၃ |
| ၃၁။ | မိဘ ကျွေးမွေးပြုစုသူ ယခုဘဝ ချီးမွမ်းခံရ နောက်ဘဝ နတ်ပြည်၌ ဖြစ်ရ | ၇၄ |
| ၃၂။ | မိခင်မေတ္တာ ကြီးလှစွာ | ၇၆ |
| ၃၃။ | လိုဏ်ဂူအပြင်ဘက် ထွက်ထိုင်နေကြ | ၇၈ |
| ၃၄။ | သားအဘနှစ်ယောက် ထွက်ပြေးကြခြင်း | ၇၉ |
| ၃၅။ | အလောင်းတော်၏ လိမ္မာပါးနပ်မှု | ၈၁ |
| ၃၆။ | မိခင်နှင့်သား ပင်ကိုစိတ်ထား | ၈၂ |
| ၃၇။ | မိခင်အလောင်း သင်္ဂြိုဟ်ခြင်း ဘုရင်ဖြစ်ခြင်း | ၈၅ |
| ၃၈။ | မိဘစကား နားထောင်ကြ | ၈၆ |

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉။ | မိဘစကားကို နားထောင်သော ရာမမင်းသား | ၈၇ |
| ၄၀။ | မှတ်သားဖွယ် အတုယူဖွယ်များ | ၉၅ |
| ၄၁။ | မိဘစကား နားမထောင်သော မိတ္တဝိန္ဒက | ၉၇ |
| ၄၂။ | မိဘလုပ်ကျွေးသူ နတ်များကယ် | ၁၀၀ |
| ၄၃။ | မိဘစကား နားမထောင်လျှင် အမွေမခံထိုက် | ၁၀၁ |
| ၄၄။ | မိဘမလုပ်ကျွေးက ပျက်စီးကြောင်း | ၁၀၂ |
| ၄၅။ | ပညာရင့်ဖြိုး ဥစ္စာတိုးနိုင် | ၁၀၃ |
| ၄၆။ | မိဘလုပ်ကျွေးသော ဂုဏ်ကြောင့် ဘီလူးစား မခံရသော သုတနု | ၁၀၄ |
| ၄၇။ | မိဘလုပ်ကျွေး သိကြားမင်းဖြစ် | ၁၀၆ |
| ၄၈။ | မိခင်ကို မရှုံမရှာ လုပ်ကျွေးသော ဒိသာပါမောက္ခဆရာကြီး | ၁၀၈ |
| ၄၉။ | မိခင်ကို လုပ်ကျွေးသော အလောင်းတော် ဆင်မင်း | ၁၁၀ |
| ၅၀။ | ဖခင်ကို အသက်ပေး၍ လုပ်ကျွေးသော အလီနသတ္တုမင်းသား | ၁၁၅ |
| ၅၁။ | မိဘလုပ်ကျွေး အသက်ဘေးမှ ချမ်းသာသော ရာမလုလင် | ၁၁၉ |

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၂။ | မိဘနှစ်ပါးအား လုပ်ကျွေးသော အလောင်းတော် သမင်မင်းအကြောင်း | ၁၂၁ |
| ၅၃။ | မိခင်ကို အသက်နှင့် လဲလှယ် ကာကွယ်ကြသော မျှောက်များ | ၁၂၅ |
| ၅၄။ | မိဘလုပ်ကျွေးသဖြင့် ရွှေသမင် အသက် ချမ်းသာရ | ၁၂၆ |
| ၅၅။ | ကြွေးနှစ်မျိုး | ၁၂၈ |
| ၅၆။ | မိဘတို့ကြွေး ကျေအောင်ဆပ်ကြ | ၁၂၉ |
| ၅၇။ | သာလိကေဒါရဇာတ် | ၁၃၀ |
| ၅၈။ | ကြွေးဟောင်းဆပ်ကြ ကြွေးသစ်တည်ကြ ရွှေအိုးမြှုပ်ကြ | ၁၃၇ |
| ၅၉။ | ဗြဟ္မာအမည် ရရှိကြခြင်း | ၁၃၉ |
| ၆၀။ | မေတ္တာဖြစ်ပွားကြပုံ | ၁၃၉ |
| ၆၁။ | ကရုဏာဖြစ်ပွားကြပုံ | ၁၄၀ |
| ၆၂။ | မုဒိတာဖြစ်ပွားကြပုံ | ၁၄၀ |
| ၆၃။ | ဥပေက္ခာဖြစ်ပွားကြပုံ | ၁၄၁ |
| ၆၄။ | ပုဗ္ဗာစရိယ လက်ဦးဆရာ မည်ကြခြင်း | ၁၄၂ |
| ၆၅။ | အာဟုနေယျ ဟူသော အမည်ကို ရရှိကြခြင်း | ၁၄၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၆။ | ပုဗ္ဗဒေဝတာ=လက်ဦးနတ် | ၁၄၆ |
| ၆၇။ | အမိ အဘနှင့် ဝိသုဒ္ဓိနတ် | ၁၄၇ |
| ၆၈။ | နတ်များ စာရင်းကောက်ယူခြင်း | ၁၄၈ |
| ၆၉။ | မိဘနှစ်ပါးအား မေတ္တာပွားများရန် | ၁၅၀ |
| ၇၀။ | မိဘလုပ်ကျွေးက အကျိုးဆယ်ပါး ရရှိနိုင် | ၁၅၂ |
| ၇၁။ | သုဝဏ္ဏသာမဇာတ် | ၁၅၄ |
| ၇၂။ | အရှေ့ အရပ်မျက်နှာအလား မိဘနှစ်ပါး | ၁၅၆ |
| ၇၃။ | သားသုံးမျိုး | ၁၅၈ |
| ၇၄။ | မိဘတို့ အလိုရှိသည့် သားဖြစ်အောင် ကြိုးပမ်းကြ | ၁၅၉ |
| ၇၅။ | ရွှေလမင်းသဖွယ် တင့်တယ်ထွန်းလင်းသည့် သားဖြစ်အောင် ကြိုးပမ်းကြ | ၁၆၀ |
| ၇၆။ | မိဘကျေးဇူးကို ဆပ်တော်မူသော ဘုရားရှင် | ၁၆၂ |
| ၇၇။ | မိခင်ကျေးဇူး ဆပ်တော်မူသော အရှင်သာရိပုတ္တရာ | ၁၆၃ |
| ၇၈။ | သားကောင်း သမီးကောင်း ဖြစ်အောင် ကြိုးစားကြပါ | ၁၆၄ |
| ၇၉။ | သားသမီးတို့ ဤသို့ စိတ်ထားသင့် | ၁၆၅ |
| ၈၀။ | မိဘမြတ်ကျေးဇူးကျမ်း လက်စသတ်ခြင်း | ၁၆၇ |
| ၈၁။ | မိဘမြတ်ကျေးဇူးကျမ်း နိဂုံး | ၁၆၈ |
| ၈၂။ | အရှင်ထေလာသ ပြုစုသော ကျမ်းစာများ | ၁၇၀ |

# မိဘမြတ်ကျေးဇူး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမ ပဋိညာဉ်

ရတနာသုံးပါး ဆရာအား ညွှတ်တွား ဝန္ဒနာ။
မိဘကျေးဇူး ဂုဏ်အထူး ကြည်နူး အောက်မေ့ကာ။
မိဘကျေးဇူး ကျမ်းစာထူး ရှင်မြူး ရေးပိမ့်ငါ။

မိမိသည် မိဘကျေးဇူးအမည်ရှိသော ကျမ်းငယ်တကျမ်းကို ရေးသား စီရင်မည်ဖြစ်သဖြင့် 'ရတနာသုံးပါး ဆရာအား ညွှတ်တွားဝန္ဒနာ' အစရှိသော သံပေါက်ကဗျာ သုံးပုဒ်ဖြင့် ရတနာသုံးပါးအား ရှိခိုးခြင်းနှင့် ပဋိညာဉ်ကိုပြုပါသည်။ မိမိ၏ ကျေးဇူးရှင် မိဘ နှစ်ပါးကို ကျေးဇူးဆပ်သည့် အနေ ဖြင့် ဤကျမ်းစာကို ရေးသား ပြုစု စီရင်ပါသည်။

## အနန္တဂုဏ်အင် ကျေးဇူးရှင်

အမိ၊ အဘ ဟူသော ပုဂ္ဂိုလ် နှစ်ဦးတို့သည် လောက၌ ထိပ်တန်း အနန္တဂုဏ်အင်ကျေးဇူးရှင်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ လောက၌ ပညာရှိပုဂ္ဂိုလ်များဟု ကျော်စော ထင်ရှားကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် မိဘတို့၏ အမျိုးမျိုး အဖုံဖုံ စုံလင်စွာ ထောက်ပံ့မှုကြောင့် ပညာရှိကဝိပုဂ္ဂိုလ်များအဖြစ်သို့ ရောက်ကြသည်။

ဝင်းပြင် ပစ္စည်းဂုဏ်သိန်နှင့် ပြည့်စုံကြကုန်သော ပုဂ္ဂိုလ်တို့သည်လည်း အမိအဘလျှင် အမှန်အစ ပဘာဝ ရှိကြကုန်၏။

(ဆောင်) ပညာရှိသူ၊ဟူဟူသမျှ၊ယေဘုယျအား၊နှစ်ပါးမိဘ၊
မှန်အစတည့်၊ ဓနစည်းစိမ်၊ ဂုဏ်သိန်ပြည့်ပို၊ များ
ပုဂ္ဂိုလ်လည်း၊ ထိုထိုမိဘ၊ အစအမှန်၊ ကေန်ရှိ၏။

## စောင့်ရှောက် ထာဝစဉ် မာတာမိခင်

ယင်း အမိအဘ နှစ်ဦးအနက် မိခင်သည် သားသမီးများကို နို့ချိုတိုက် ကျွေးမွေး၍ မွေးမြူလာရုံမျှမက အချိန်အခါ ကာလ သမယရှိသမျှ လွန်ကဲလှသော မေတ္တာဓာတ် ရေစင်ဖြင့် ထာဝစဉ် နိစ္စ ခင်မင်ယုယပြီး ထာဝရ သနား ကရုဏာတရားဖြင့် စောင့်ရှောက် မြတ်နိုးတတ်သည် ဖြစ်ရကား 'မာနေတီတိ မာတာ' ဟူသော ဝိဂ္ဂိုဟ်ဝစနတ် ဗျုပ္ပတ်ကြောင့် "မာတာ= အမိမည်၏" ဟူ၍ သိရာ၏။

(ဆောင်) မေတ္တာရေစင်၊ နေ့စဉ်သွင်၍၊ ထိုပြင်တဖြာ၊ ကရု
ဏာမိုး၊ ရွာစွေဖြိုးလျက်၊ တိုးတက်စေကြောင်း၊
ဆုမွန်တောင်းကာ၊ သားပုတ္တာနှင့်၊ ကြင်နာမငြီး၊
ချစ်သမီးကို၊ နည်းနည်းဖုံဖုံ၊ စုံစုံချစ်ခင်၊ မြတ်နိုး
ကြင်သည်၊ ခေါ်တွင်မိခင် မာတာတည်း။

## ပင်ပန်းကြီးစွာ ရှာဖွေယုယ မွေးသဖခင် ကျေးဇူးရှင်

ဖခင်သည်ကား မိမိကြောင့် မီးရှူးသန့်စင် ဖွားမြင်လာသော သားသမီးများကို နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ဝတ်ရေးကစ အေးအေးချမ်းချမ်းရှိရန် ထက်သန်လှစွာ မေတ္တာစေတနာ အဟုန်ဖြင့် တနေ့ကုန် တခနခန်း ပင်ပန်းကြီးစွာ ရှာဖွေ၍ စောင့်ရှောက် ကျွေးမွေးခဲ့လေသည်။ သို့ဖြစ်၍ 'ပုတ္တေ ပါတိ ရက္ခတီတိ ပိတာ' သားသမီးတို့ကို ကြီးပြင်းအောင် စားဝတ်နေရေးအတွက် အခက်အခဲမရှိအောင် စောင့်ရှောက်သဖြင့် "ပိတာ=ဖခင်မည်၏" ဟူလို။

(ဆောင်) ပင်ပန်းကြီးစွာ၊ ဥစ္စာထွေထွေ၊ ရှာဖွေပြုစု၊ ယုယု
ယယ၊ နိစ္စမဖောက်၊ စောင့်ရှောက်ပေးကျွေး၊
မွေးသဖခင် ကျေးဇူးရှင်။

## အနီးစပ်ဆုံး အရင်းနှီးဆုံး အခင်မင်ဆုံး

လောကကြီးမှာ ဘုရားမြတ်စွာနှင့် ကင်းသူတွေ ဒုနဲ့ဒေး ရှိ၏။ ဘုရားသာသနာ သဒ္ဓါပန္န ဖြစ်သူကား အလွန် နည်း

ပါး၏။ တရားတော် ယုံကြည်သူလည်း အင်္ဂကြီးနည်းလှချေ၏။ သံဃာတော် ကိုးစားသူကား ကမ္ဘာတလွှား အလွန်ရှား၏။ ဤ မြန်မာနိုင်ငံ၌ကား ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်သဖြင့် ဘုရား, တရား, သံဃာ ကြည်ညိုသူတို ပေါများကြသည်။ ကမ္ဘာ့လူဦးရေနှင့် နှိုင်းစာလျှင် ဘာမျှ မပြောပလောက်ချေ။ ဆရာသမားနှင့် ကင်းသူလည်း ရှိတတ်သည်။ သို့ရာတွင် မိဘနှင့် ကင်းသူဟူ၍ကား မရှိချေ။ သို့ဖြစ်၍ သားသမီးဖြစ်သူတို့သည် မိဘ နှစ်ဦးနှင့် အနီးစပ်ဆုံး-အပတ်သက်ဆုံး၊ အရင်းနှီးဆုံး၊ အခင်မင်ဆုံး ဖြစ်ကြကုန်၏။

## လက်ဦးဆရာ မည်ထိုက်စွာ မာတာပိတ မိနှင့်ဘ

အမိအဘတို့သည် သားသမီးတို့၏ လက်ဦးအစ ပထမ ဆရာသမား ဖြစ်ကြသည်။ 'ပုဗ္ဗာစရိယ' များ ဖြစ်ကြသည်။ မွေးဖွားလာ၍ ၁ ရက်သား ၁ ရက်သမီး၊ ၂ ရက်သား ၂ ရက်သမီး အရွယ်က စ၍ တန (ကျနု)ပဲ့ပြင် သွန်သင် ညွှန်ကြား ဆုံးမတတ်ကြသည်။ ဥယျာဉ်ပျိုးသလို ကြီးပြင်းအောင်၊ လူလားမြောက်အောင် အမျိုးမျိုး အဖုံဖုံ စောင့်ရှောက်ခဲ့ကြသည်။ "ချစ်သား (ချစ်သမီး)၊ အမေ (မေမေ)လို ခေါ်လိုက်စမ်းပါလား၊ အဖေ(ဖေဖေ)လို ခေါ်လိုက်စမ်းပါလား။ လူကလေး (သမီးကလေး)၊ အဲဒါကို လက်လို့ခေါ်တယ်။ အဲဒါ ခြေလို့ ခေါ်တယ်၊ အဲဒါ နှာခေါင်းလို့ ခေါ်တယ်၊ အဲဒါကို မျက်စိလို့ ခေါ်တယ်" စသည်ဖြင့်လည်း သင်ပေးကြကုန်၏။ "လူကလေး

(သမီးကလေး)၊ အထက် မော်ကြည့်စမ်းပါလား၊ ဝါဝါ ဝင်းဝင်း (ဝါဝါဝန်းဝန်း) ထွန်းလင်းနေတာကို တွေ့ရမယ်။ အဲဒါကို ရွှေလမင်းလို့ ခေါ်တယ်” စသည်ဖြင့် ရှေးဦးစွာ သွန်သင်တတ်ကြသည်။ သို့ဖြစ်၍ မိဘတို့ကို “ပုဗ္ဗာစရိယ= ရှေးဦး ဆရာများ”ဟု ခေါ်ကြသည်။

ရင်သွေးဟူက၊ ချစ်မဝတည့်၊ မိဘတာ်ထွာ၊ သား တကာနှင့်၊ တရာနှစ်ကဲ၊ လည်ချင်းနွဲ့လည်း၊ ရောင့်ရဲမထင်၊ စုံမက်ကြင်လျက်၊ ဖြူတ်ခြင်ကိုက်နာ၊ မှုရှိမှာမျှ၊ ရုံခါ တဆစ်၊ မဖြစ်စေရက်၊ အသက်ရှည်ကြောင်း၊ ဆုတောင်း ဆုယူ၊ အလှူကောင်းမှု၊ ကိုယ်စားပြုလျက်၊ ဝတ်တုစုံပ၊ ဆောင်ရွက်စသား၊ ကုံငြည့်ဘင်း၊ ဖြန့်ဖြူးခြင်းဖြင့်၊ မကင်းရေမိုး၊ ဥယျာဉ်ပျိုးသို့၊ မညှိုးမခေါင်၊ ကြီးပြင်း အောင်လျှင်၊ စောင်စောင်ပျတ်ပျတ်၊ ကွပ်ညှပ်ဆုံးမ၊ သင်ပြသသည်၊ ငယ်ကလက်ဦး ဆရာတည်း ။

အသက်သခင် မွေးသမိခင်

အမိသည် မိမိဝမ်း၌ စွဲပိုက်သန္ဓေတည်နေဖြစ်ပေါ်လာသော ကိုယ်ဝန်ကို ရရှိလာသောအချိန်ကာလ ခါသမယမှစ၍ အားရ ရွှင်လန်းစွာနှင့် ဘေးမသီရန်မခ ကျန်းမာ ချမ်းသာစွာ ဖြစ်ရ

---

၁။ စတုခမ္မသာရ ကိုးခန်းပျို့။ ၄၅—ပိုဒ်။

လေအောင် ဆင်းရဲဒုက္ခအမျိုးမျိုးခံစားပြီး စောင့်ရှောက်ခဲ့ရ လေသည်။ အကယ်တမူ မိခင်ဖြစ်သူ၏ အစောင့်အရှောက် အဆင်မပြေခဲ့လျှင် ငှင်္ဂသန္ဓေ ကိုယ်ဝန်သည် ဝမ်းဗိုက်တွင်း ကိန်းအောင်းနေစဉ်မှာပင် အပြင်လောကမှ အလင်းရောင်ကို မမြင်မတွေ့ရပဲ မိခင်၏ဝမ်းတွင်းမှာပင်လျှင် ညက်ညက်မွကြေ သေဆုံးခဲ့လေရာ၏။

မိခင်ရဲ့စောင့်ရှောက်မှု ညံ့ဖျင်းလျှင် အချို့ရှေးဦးအစ ပထမ ခုနစ်ရက်အတွင်း ကလလ ရေကြည်အဖြစ်ကပင်လျှင် တဘဝ ပြောင်းခဲ့ရရှာ၏။ အချို့မှာ ဒုတိယ ခုနစ်ရက်အတွင်းကျရောက် အမြှုပ်နှ အမြှုပ်ကျဘဝကပင် ပျက်စီးကြရသည်။ အချို့မှု တတိယခုနစ်ရက်အတွင်း အမြှုပ်ရင့် သွေးခဲဘဝ ရောက်ခါမှ အစပျောက် ပျက်စီးကြရသည်။ အချို့မှာလည်း စတုတ္ထ ခုနစ် ရက်အတွင်း အသားတစ် အသားခဲ ဖြစ်ခါမှ ကြမ္မာမှောက်၍ ပျောက်ဆုံးပျက်စီးကြရသည်။ အချို့မှာလည်း ပဉ္စမ ခုနစ်ရက် အတွင်း ခက်မငါးဖြာ စုံလင်ခါမှ မလှမပ ပျက်စီးကြရလေ သည်။ ဤသို့စသည်ဖြင့် ပျက်စီးမှု မှန်သမျှသည် ယေဘုယျ အားဖြင့် မိခင်ညံ့ဖျင်းမှုကြောင့် ဖြစ်လေသည်။

(ဆောင်) မာတာမိခင်၊ မစောင့်လျှင်ကား¹၊ ရှေ့တွင်ကလလ၊ ပထမတွင်၊ ကြေမွပျက်ပြုန်း၊ ဆုံးပါးရာ၏။ တချို့ များမှာ၊ ဒုတိယာအဟုတ်၊ အမြှုပ်နှဘဝ၊ ချိန်ကာလ

---

၁။ 'မစောင့်ရှောက်လျှင်ကား' ဟူ၏။

မှာ၊ ပျက်ခဲ့ရာ၏။ ထိုမှတဖြာ၊တတိယာ်နဲ့၊ သေးခဲ ရောက်မှ၊ မဖောက်မှန်စွာ၊ ပျက်ခဲ့ရှာ၏။ တဖြာ ထို့ပြင်၊ ပဥ္စမတွင်၊ ငါးအင်ခက်မ၊ စုံလင်ပါမှ၊ ပျက်စီးကျသည်၊ ဤသို့စသား၊ ပျက်မှုများက၊ မှတ်သားမိခင် ကြောင့်သာတည်း။

## မိခင်ဝမ်းဝယ် သန္ဓေတွယ်ပုံ

မိခင်ဝမ်းဝယ် သန္ဓေတွယ်ခဲ့ပုံမှာ စဉ်းစား ကြည့်လေလေ ကြောက်စရာကောင်းလေဖြစ်၏။ ထို့ကြောင့် ဘုရားမှနိတုမရှိက 'ဇာတိပိ ဒုက္ခာ'ဟု ဟောတော်မူခဲ့လေသည်။

သားသမီးဖြစ်သော ပဋိသန္ဓေကိုယ်ဝန်သည် အမိ၏ အစာ ဟောင်းအိမ်ကိုဖိဆိုင်၍အစာသစ်အိမ်ကိုခေါင်းပေါ်၌ဘင်ထား ပြီး မျက်နှာကို နောက်ကျောဘက် ထားလျက်နေသည်။ ဒူးနှစ်လုံးကြားမှာ ခေါင်းထားလို့ မေးအကြားမှာ လက်ကို ဆုပ်ပြီး နေရ၏။ တကယ်တော့ သစ်ငုတ် သစ်ပင်ခွကြားမှာ မျောက်သတ္တဝါလုပ်၍ နေသည်နှင့်တူလှချေ၏။ ယင်းသို့ စသည် ဖြင့် မိခင်ဝမ်းဝယ် သန္ဓေတွယ်ရပုံကို သမ္မောဟဝိနောဒနီအဋ္ဌ ကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးများ၌ ပြဆိုထား၏[၁]။ ကျေး ဇူးရှင် ဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးကလည်း—

........................................................................

၁။ အဘိ၊ဋ္ဌ၊၂။၉၀။ ဝိသုဒ္ဓိ၊၂။၁၃၀။

စာသစ်စာကျက်၊ အောက် ထက် ဝန်းရံ၊ ပုပ်နံ
ညှီလှောင်း၊ ကျဉ်းမြောင်းမဲမိုက်၊ မိဝမ်းတိုက်ဝယ်၊
ဘင်၌ လောက်လို၊ ကျောက်ကုံဝမ်းပြူ၊ ဒူးနှစ်ခုကြား၊
ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ငုတ်တို
မှာ၊ မျောက်အိုလုပ်သည့်နှယ်၊ မလှုပ်မယှက်၊ သေ
သောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊ အလမ္ဗာယ်မိ၊
မြွေငယ်ချိသို့၊ အမိ စပ် ခါ၊ ပူအေး စားလည်း၊
ကိုယ်သားဆတ်ဆတ်၊ သက်ပြင်တစေ၊ ဆယ်လနေ၍၊
လေကမ္မဇ၊ ဦးစောက်ချသား၊ မဂ် ဝ သို့ ရောက်၊
သံကောက်ပေါက်မှ၊ ဆွဲမြောက်ဆင်ပြောင်၊ သံတောင်
ကြိတ်ချေ၊ ပုံနေရယိက၊ ပြင်သို့ကျလည်း၊ အပ်ဆွ
သည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ ပြစ်များလှသည့်၊ လက်စ
ဇာတိ မူရင်းတည်း ၁ ။
ဟူ၍ စပ်ဆိုတော်မူခဲ့လေသည် ။

အဋ္ဌကထာဆရာ မိန့်မှာတော်မူသည့်အတိုင်း မိခင်ဖြစ်သူက
ငံ့ကွက်ညှာတာခြင်း အလျဉ်းမရှိပဲ ပူလောင်သော အစားအစာ
ကို စားလိုက်ပါလျှင် မိခင်ဝမ်း၌ စွဲပိုက်သန္ဓေတည်နေသော
သားငယ် သမီးငယ်များမှာ မီးကျီးခဲအစုအပေါင်း ထိပ်ပေါ်
လောင်းလိုက်သလိုဖြစ်ပြီး လွန်စွာပူလောင်ခြင်းဖြစ်သော ဒုက္ခ
ဝေဒနာကို ခံစားကြရသည်။

၁။ ပရမတ္ထ သရူပဘေဒနီ။ ၂၉၇-၂၉၈။

မိခင်က မည့်သည့်အစာကို စားလိုက်လျှင်လည်း ရေခဲဘုံးဖြင့် ဖိလိုက်သလို အသည်းခိုက်အောင် ဒုက္ခဝေဒနာကို ခံစားကြရလေသည်၊ ဤသို့ စသည်ဖြင့် မိခင်ဝမ်းဗိုက်တွင်း ကျဉ်းကျဉ်း ကျပ်ကျပ် ကိန်းနေ ကြရသော ကလေးသူငယ် လူမမယ်တို့၏ ဒုက္ခမျိုးစုံကို စဉ်းစား၍ နောက်တဖန် ဇာတိ ဒုက္ခနှင့် မကြုံရလေအောင် အပြတ် အသတ်ကြိုးစားသင့်လှပေသည်။

အို…လူများတို့၊ အသင်တို့၊ အကျွန်ုပ်တို့၏ ခမ္မးသမိခင်ကျေးဇူးရှင်ကြီးမှာ ဖော်ပြပါ ပျက်စီးမှု ဆင်းရဲဒုက္ခ အစစတို့တခုတလေမျှ မဖြစ်ရအောင် 'အသင်တို့၊အကျွန်ုပ်တို့' ဟူသော ပဋိသန္ဓေ ကိုယ်ခန္ဓာကို မရမီကပင် ဘုရား ပုထိုး၊ တန်ခိုးကြီးသစ်ပင်၊ နတ်စင်, နတ်ကွန်း, နတ်နန်းသို့ သွားရောက်၍ ပူဇော်ပသပြီး တောင်းဆုခြွေ၍ ရလာသည့်အလျောက် ဂရုတစိုက်စောင့်ရှောက်လာသည့်အတွက် သည်နေ့အထိ အသက်ဝိညာဉ်ရှင်ခဲ့ကြလေပြီ။

ရှေးရှေးဘဝ၊ သံသာရည်၊ မောင့်ဘနှင့်ငါ၊ ရေသွန်းပါ၍၊ ဟသ်ာမောင်နှံ၊ ငှက်သဏ္ဍာန်သို၊ တူစုံလှည့်ရာ၊
စုံလာသန္ဓေ၊ နေသည်ကာစ၊ သားလှချမ်းသာ၊ ရစိမ့်ငှာဟု၊ ပူဆာဝပ်ခါ၊ မစားတို့ချ၊ ထကြွဖြေးဖြေး၊
ကိုယ်ရေး ကိုယ်ထက်၊ ဆယ်ဆာဘက်၍၊ သက်ထက်
ကြင်နာ၊ မောင့်ကိုသာလျှင်၊ ချမ်းသာမြင်ကြောင်း၊
လက်ဆယ်ချောင်းကို၊ ခေါင်းမှာရွက်တင်၊ မျက်နှာ

မြင်လည်း၊ ရွှေစင် အလား၊ သား ယောကျ်ားကို၊ ငါ့အားမြင်လို၊ တောင်းဆုဆို၍၊ ညကိုရေချမ်း၊ နံနက်ဆွမ်းနှင့်၊ ပြန့်မှုမ်းတုလွှတ်၊ သုံးလူ့နတ်ကို၊ မိမြတ်ပူဇော် ကုန်၏တည်း[၁]။

## ဖခင်က ကူညီစောင့်ရှောက်ပုံ

ဖခင်သည်လည်း မိမိကိုစွဲ၍ ဖြစ်သော ကိုယ်ဝန်ကို ဘေးမခရန်မသန်း ချမ်းသာစွာ ဖွားမြင်နိုင်ရန် အပြင်မှ လိုအပ်သမျှ ဆေးဝါးခဲတစ်စာကို ရှာပေးခြင်း၊ အိမ်သူချောသွယ် ဇနီးသယ်ကိုယ်ဝန်အရင့်အမာကြောင့် မလုပ်နိုင်သည့် အလုပ်များကို လုပ်ကိုင်ခြင်းဖြင့် ကိုယ်ဝန်ကို အပြင်မှ စောင့်ရှောက်ခဲ့ရလေသည်။ သို့ဖြစ်၍ သို့ကလောက် ကျေးဇူးကြီးမားလှသော မိဘတို့ကို မပြစ်မှားမိအောင် သတိပြုရာ၏။

(ဆောင်) မိခင် ဖခင် ကျေးဇူးရှင်၊ သင်လျှင် ပြုစုပါ။
မိခင် ဖခင် ကျေးဇူးရှင်၊ သင်လျှင် ချစ်ခင်ပါ။
အမိ အဘ ယင်းနှစ်ဝ၊ နိစ္စယုယပါ။
မိဘနှစ်အင် ပြုစုလျှင်၊ ထက်ခွင်နတ်ရွာ စံရမှာ။

---

၁။ ပုတ္တောဝါဒဆုံးမစာ၊ ၆–ပိုဒ်။

# ဖွားမြင်ပြီးနောက် စောင့်ရှောက်ပုံ

မိခင်သည် ဆောင်ယူလွယ်ပိုးရသော ကိုယ်ဝန်ကို သားမှန်း သမီးမှန်း အတိအကျမသိရခင်ကပင် ကြည့်ချင် မြင်ချင်ဇောနှင့် ချစ်စိတ်တွေ မှိုလိုပေါက်ပြီး အလိုအလျောက် ချစ်ခင်ခဲ့ပြီးသော် ဘယ်ချိန် ဘယ်ကာလ ခါသမယမှာ လှရုပ်ဝါ သားကလေး၊ သမီးကလေး၏ ချိုပြုံးကြည်အေး အသွေးဖြူဖြူ သီတဂူမျက်နှာကို မြင်ရပါအံ့နည်းဟု အရေးတကြီး တောင့်တပြီး စောင့်ရှောက်၍ နေလေ၏။

ယင်းသို့ စောင့်ရှောက်၍နေစဉ် အင်္ဂါခြေလက် စုံလင်၍ လှမျိုးစုံစွာ ဖွားမြင်လာသော သားသမီးကို မြင်တွေ့ရလျှင် ရတနာရွှေအိုးကို ကောက်ရသည့်ပမာ က,တော့မလို၊ ခုန်တော့မလောက် လွန်စွာ ဝမ်းမြောက်ကြကုန်၏။ ဤသို့ မျက်နှာမြင်သာသည်ကို အကြောင်းပြု၍ 'မျက်နှာမြင်သည်' ဟု ခေါ်သည်။

မိခင်၏ စိတ်ထဲမှာ သားသမီး၏ မျက်နှာကလေးကို မြင်ရရုံနှင့်ပင် ချစ်ခင်နှစ်သက်ခြင်း ဟူသော ပီတိအဟုန်သည် တကိုယ်လုံးပျံ့ထုံ၍ ရနံ့ဂုဏ်နှင့် ပြည့်စုံသော ပန်းရုံ၌ အစွမ်းကုန်ကျက်စားသော ပျားပိတုံးအသွင် ပြုံးရွှင်ကြည်မြ ရှိုးတွင်းခြင်ဆီကျအောင် ဖောက်ထွင်းသွားလေတော့သည်။

ကျန်းမာ ချမ်းသာစွာနှင့် မီးရှူးသန့်စင် ဖွားမြင်လာသော ရတနာမျက်ရှုနုနုထွေးထွေး သားကလေး၊သမီးကလေးအတွက် ဘဝင်အေး၍ ရွှင်ဆေးသောက်ကြရသော အမိအဘ နှစ်ဦး

တို့တွင်မိခင်ဖြစ်သူသည်နို့စို့သားငယ်၊သမီးငယ်၏အနာရောဂါ ကင်းစင်ကွာကြောင်း ဆုမွန်ကောင်း တောင်းပြီးလျှင် ပူသော အစာ၊ ခါးသောအစာ၊ စပ်သောအစာတို့ကို ရှောင်ရှား၍ သားငယ်၊သမီးငယ်များနှင့် သင့်တင့်သည့် အစားအစာများကို စား၍ ခဲယဉ်းစွာ မွေးမြူစောင့်ရှောက်ခဲ့လေသည်။

ဝင်းပြင် သန်း,ကြမ်းပိုး,ခြင် စသည် မကိုက်ရလေအောင် အခြုံအရုံ,အထွေး, ခြင်ထောင်ငယ် အမျိုးမျိုးဖြင့် ထွေးပတ် ကာကွယ် စောင့်ရှောက်ခဲ့လေသည်။ဘုရားရှင်အား ဆွမ်းတော် ပန်းတော်၊ရေချမ်းတော်၊ဆီမီးတော် စသည် တင်လှူလျှင်လည်း "ဤသို့ပူဇော်ရကောင်းမှုပုညကြောင့် တပည့်တော်မသားကလေး၊ သမီးကလေး ဘေးမခ, ရန်မသီ၊ အေးကြည် ချမ်းမြေ့ရပါ လို၏" စသည်ဖြင့် တောင်းဆုချွေခဲ့လေသည်။

ဤသို့သန္ဓေ၊ စွဲလာနေ၍၊ ဆယ်လစေ့သော်၊ ကြွေ့ ကြွေ့ ဝမ်းသာ၊ မောင်မျက်နှာကို၊ မာတာမိခင်၊မြင်ရ သောခါ၊ ဥပမာမူ၊ ရတနာမျိုး၊ ရွှေအိုးပဒေသာ၊ ပေါက်ပေလာသည့်၊ ပမာမမျှ၊ မောင့်သားလှကြောင့်၊ ရသည်ပီတိ၊ ရှိသည်ရှိုးတွင်း၊ ခြင်ဆီချင်းမျှ၊ ချစ်မောင လှလျက်၊ သန်းဖျကြမ်းပိုး၊ မှက်ခြင်မျိုးက၊ ဟူသမျှ လည်း၊ ကိုက်ရမှုပါ၊ မောင့်ကိုသာလျှင်၊ ချမ်းသာစိမ့် ကြောင်း၊ သမားကောင်းနှင့်၊ ဆေးကောင်းစားစား၊ ရှောင်ရှားအစာ၊ ဤသာကျန်းတော၊ ရှိစေသောဟု၊ စိတ်ဇောကြည်သာ၊ ဆုတောင်းကာနှင့်၊ တဖြာ

ညောင်ရေ၊ မကော့ရွေ့ညာ၊ သွန်းချမယွန်း၊ ဇန်ဖန်
ပွန်းသည်၊ ရှန်းရှန်းနေ့တိုင်း စို၏တည်း ^၁^ ။

## ရင်သွေးဟူက ချစ်မဝတည့်

မိခင်သည် သားငယ် သမီးငယ်တို့နှင့် သင့်တင့်လျော်ကန်မည့် အစားအစာကို ရှာကြံစားသောက်လျက် ဖြစ်ပေါ်လာသော မိမိ၏ ချို့ ဆိမ့် အေး ကြည် နို့ရည်ကို တိုက်ကျွေး၍ မွေးမြူခဲ့သည်။ ယင်းသို့ ကျဆင်းလာသော နို့ရည်ကား ခန္ဓာကိုယ် သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးတွင် နို့ရည်ဟူ၍ အသီးအခြား မပါမရှိချေ။ မိခင်၏ ချစ်ခင်လေးမြတ် မေတ္တာဟုန် အရှိန်ဟပ်သဖြင့် သွေးဓာတ်မှ ယိုဆင်းလျက် ဖြူဝင်း အေးကြည်စွာ ဖြစ်လာ၏။ ယင်းနို့ရည်ကား မိခင်၏သားမြတ်နှစ်ခုအလယ် ရင်ချိုင့်အတွင်း၌ တည်သော နှလုံးသွေးပင်ဖြစ်သည်။ မိခင်၏ ရွှေမေတ္တာ သီတဂူကြောင့် နှလုံးသွေး ဖြူ၍လာခြင်းကိုပင် 'နို့ရည်' ဟု မှတ်ရာ၏။

အမိသည် မိမိရင်သွေးကို တိုက်ကျွေး မွေးမြူခဲ့ရသည့်အတွက် သားသမီးများကို 'ရင်သွေး' ဟု ခေါ်ကြသည်။ သို့ဖြစ်ရာ မိမိ၏ ရင်သွေးကို အဘယ်မှာလျှင် မုန်းနိုင်ပါအံ့နည်း။ ထို့ကြောင့် "ရင်သွေးဟူက၊ ချစ်မဝတည့်၊ လောကအားလုံး၊ သားသမီးမုန်းတယ်လို့ ထုံးဇာလဲ မရှိပါ" ဟု ဆိုကြသည်။

---

၁။ ပုတ္တောဝါဒဆုံးမစာ။ ၇-ပိုဒ်။

## သားသမီးအသံကြားသနား မျက်နှာမြင် လွမ်းချစ်ခင်

မိခင် ဖခင်တို့သည် သားငယ် သမီးငယ်များ၏ မျက်နှာကို မြင်ရလျှင် အလွန်လျှင် ရွှင်ပျ ဝမ်းမြောက်ကြသည်။ နေ့စဉ် နေ့တိုင်း ကသိုဏ်းကွက်အသွင် မပြတ်မြင်လိုကြသည်။ သားသမီး တို့ အသက်ရှည်ကြာ အနာမဲ့ကြောင်း မပြတ် တောင်းဆုချွေ ကြသည်။ မိမိတို့ ဘယ်လိုနေရ နေရ သားသမီး ချမ်းသာလျှင် ပြီးရော့၊ ထို့ထက်ပင် အသက်ရှည်ပါစေဟု ဆုတောင်းကြ သည်၊ အမိအဘ နှစ်ဦးရှိသည့်အနက် အမိက ပို၍ကဲသည်။ တခါတလေ ဖခင်က စိတ်ဆိုး၍ သားသမီးများ ရိုက်လျှင် မိခင်က ဆွဲထားသည်။ သားသမီးအစား ကြားကဝင်၍ အရိုက် ခံလိုက်သည်။ သားသမီးက အမေလို့ ခေါ်လိုက်သောအသံကို ကြားလျှင် ပျားသကာလို နားဝင်ချိုသည်။ ပဥ္စသိခ်နတ်သား၏ စောင်းသံအသွင် အလွန်လျှင် နားချမ်းသာသည်။ တခါထပ်ပြီး "ဖေဖေလို့ ခေါ်စမ်းပါလား၊ မေမေလို့ ခေါ်လိုက်စမ်းပါ လား" စသည်ဖြင့် အခေါ်ခိုင်းတတ်ကြသည်။ မိဘတို့သည် သားသမီးမျက်နှာကိုမြင်လျှင်မိုးဝကောင်းကင်ကဲ ငွေသော်ဘာ လမင်းမြင်ရသည်ထက် အဆ ရာထောင်မကအောင် ဝမ်းမြောက် လေသည်။

နေ့တိုင်း နေ့တိုင်း၊ သားသက်နှိုင်းကို၊ ကသိုဏ်း
အတု၊ မပြတ်ပြုသည်၊ ရှုမငြီးဘိ၊ မျက်စိမျက်နှာ၊
ထပ်ခါခါသည်၊ မြင်ပါချင်စိတ်၊ ရေသို့ဖိတ်လျက်၊

သားလှသက်သည်၊ ထို့ထက်တာရှည်၊ တည်ပါစေသား။
မောင်ရွှေသွေးဟူ၊ သနားကရုဏာ၊ မေတ္တာစုံမက်။
ကိုယ့်အသက်ထက်၊ ဆထက်ကြင်နာ၊ မိမာတာသား။
ထပ်ကာတိုးပွား၊ မှောက်ကားထကြွ၊ တော့တတော့တီ။
မပီစကား၊ အသံကြားလည်း၊ သနားကြင်နာ၊ မျက်နှာ
ရွှင်ပျ၊ မြင်တို့ရလည်း၊ ဝမ်းကမဆံ့၊ ပီတိနှံ့လျက်။
နှစ်သက်ရွှင်ပြုံး၊ သားရွှေဘုံးကို၊ မျက်လုံးကဲ့သို့
ထင်၏တည်း ။

## ပညာတတ် လူလားမြောက်အောင် စောင့်ရှောက်ကြခြင်း

မိဘတို့သည် နူနယ်သေးကွေး နီတွေးတွေးနှင့် အသက်နေ့သေးလှသော သားကလေး၊ သမီးကလေးကို အဝိတ်နှင့်ထွေးရှိရင်ငွေ့ပေးကာ မွေးမြူလာသဖြင့် ပက်လက်ဘဝမှ မှောက်နိုင်ရှိအရွယ်ရောက်လေလျှင်ဝမ်းမြောက်ကြသည်။ နှစ်သက်ကြသည်။ မှောက်လျားထိုးသွားလျှင် 'ငါ့သွားကလေး၊ ငါ့သမီးကလေး သွားပုံက မိကျောင်းသွားပါလား' စသည်ဖြင့် ပြော၍ 'လူကလေး၊ သမီးကလေး သွားလိုက်အုံး' စသည်ဖြင့် မြှောက်ပင့် ပေးတတ်ကြသည်။

ထိုမှောက်သောအရွယ်မှ ထိုင်နိုင်ရုံ ရောက်လေလျှင်လည်း 'ငါ့သားလေးထိုင်ပုံဟာ မြိုင်ရဂုံအတွင်းကခြင်္သေ့မင်းပုံအလား

---

၁။ ပုတ္တောဝါဒဆုံးမစာ။ ၈–ပိုဒ်။

အားရဖွယ်ကောင်းလိုက်ပါဘိ’ ဟု ဆီထိသော ဝါဂွမ်းတရံ တည်ပီတိခေါတ် စိမ့်ကြလေသည်။

တဖြည်းဖြည်းနှင့် စကားပီကေ ဖြစ်လာလေလျှင် ‘နမော ဗုဒ္ဓါယ သိဒ္ဓံ၊ က,ခ,ဂ,ဃ,င’ သည်ကို သင်ပေးကြကုန်၏။ နောက်တွင် တဖြည်းဖြည်း ဘုရားရှိခိုး စသည်ကိုလည်း သင်ပေးကြသည်။ ပညာ သင်ချင်လာအောင်လည်း ဆုံးမကြဖြစ်၍ ကြကုန်၏။ “လူကလေး၊ ချစ်သမီးကလေး ပညာတတ်အောင် သင်ပါ။ ပညာမတတ်လျှင် လျှပ်ပေါ်လူတယ်။ ပညာမတတ်လျှင်က လူဆိုပေမယ့် လူနမ်းပဲ၊ လူပေါ်ပဲ၊ လူအပဲ၊ သားသား (ချစ်သမီး)၊ လူအ,လူန မဖြစ်ရအောင် ပညာကို ကြိုးစား သင်ပါ” စသည်ဖြင့် ဆုံးမကြသည်။ ဤသို့နှင့် မိဘတို့သည် သူ့အရွယ်နှင့်သူ သူ့အရည်အချင်းအလိုက် မူကြိုကျောင်း၊ မူလ တန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း များ၊ ကောလိပ်၊ တက္ကသိုလ်များ၌ ပို့အပ်၍ ပညာသင်ကြား စေကြကုန်၏။ တချို့မိဘများ သားသမီး ပညာတတ်မြောက် ရေးအတွက် စိုင်းပေါင်ရသည်။ အိမ်ရောင်းရသည်။ ယာရောင်း ယာပေါင်ရသည်။ ကားရောင်းရသည်။ မြင်းလှည်း ရောင်းရ သည်။ ဆိုက္ကားရောင်းရသည်။

မျက်လုံးပမာ၊ သားသည်းချာတို့၊ ကောင်းပါစေလို့၊ ပညာကိုလည်း၊ နှုပျိုငယ်က၊ သင်ချေမှတည့်၊ ထိုမှ ရွယ်ရောက်၊ တံခွန်ဆောက်သို့၊ တယောက်ထင်ပေါ်၊ နှံ့သိကျော်လိမ့်၊ ငယ်သောင်ငယ်က၊ များသိပ္ပကို၊ တစ

မသင်၊ လေးဖင်ရှိသာ၊ အိမ်မှာလည်းပျော်၊ နေချေသော်မူ၊ လူမဟုတ်ရ၊ လူအ,လူကန်း၊ လူနှမ်း,လူရူး၊ သည်ထက်ထူး၏၊ မူးမူးမော်မော်၊ သောက်ယစ်ပျော်လိမ့်၊ ကရော်ကမည်၊ ဖြစ်တတ်သည်ကား၊ ယွင်းမမှားတည့်၊ မျက်ဝါးထင်ထင်၊ သို့ပင်ရှေ့ထား၊ ကသိုဏ်းလားသို့၊ မယ်ဖွားစိတ်က၊ မြင်ချင်စွတည့်၊ တ,န,မသိ၊ ဖြစ်ချေဘိက၊ ငါ့သွားလှသည်၊ ဒုက္ခခပဲ၊ ကောန်မြဲအံ့၊ ဆင်းရဲနွမ်းရှာ လိမ့်မည်တည်း ။

## မိဘကျင့်ဝတ် ငါးပါး

မိဘတို့သည် မိမိတို့၏ သားသမီးများ အပေါ် ကျင့်ဝတ် ငါးပါးကို ပြည့်စုံစွာ ကျင့်ကြသည်။

၁။ သားသမီးကို မကောင်းမှုမပြုအောင် တားမြစ်ခြင်း။

၂။ ကောင်းကြောင်းကောင်းရာ ညွှန်ပြခြင်း။

၃။ အတတ်ပညာ တတ်မြောက်အောင် သင်ပေးခြင်း၊ သင်စေခြင်း။

၄။ ဥစ္စာပစ္စည်း အရင်းအနှီးပေးခြင်း၊ အမွေပေးခြင်း။

၅။ အရွယ်ရောက်လျှင် လက်ထပ်ထိမ်းမြားပေးခြင်း—

အားဖြင့် ကျင့်ဝတ်ငါးပါးကို ပြုကျင့်၍ သားသမီးများကို ချီးမြှောက်ကြသည်။

---

၁။ ပုတ္တောဝါဒဆုံးမစာ။ ၉—အပိုဒ်။

(ဆောင်) မကောင်းမြစ်တာ၊ ကောင်ရာညွန့်လတ်၊ အတတ်
သင်စေ၊ ပေးဝေနှိုးရှင်း၊ ထိမ်းမြားခြင်းလျှင်၊
ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ။ (သင်္ဂဇာ)

တောင်းစုတ် ပလုံးစုတ် ပစ်နိုင်၊ သားဆိုးသမီးဆိုး မပစ်နိုင်

မိဘတို့သည် သားသမီးအပေါ် အချစ်ခံတတ် လွန်ကဲလှသည်။ မိဘတို့ မေတ္တာကား အကာမပါ အနှစ် အမြုတေ သက်သက်သာတည်း။ 'တောင်းစုတ် ပလုံးစုတ်သာ ပစ်နိုင်သည်၊ သားဆိုး သမီးဆိုးကို မပစ်နိုင်' ဟူသော ဆိုရိုးသည် မှန်လှချေ၏။ မိဘတို့သည် လိမ္မာရေးခြားရှိသော သားသမီးကို လိမ္မာရေးခြားရှိသည့်အလျောက် အချစ်စိတ် ပေါက်ပြီးလျှင် ဆိုးတေ မိုက်မဲ ထင်ရာစိုင်းသော သားသမီးကိုလည်း ဆိုးတေ မိုက်မဲသည့်အလျောက် အချစ်စိတ်ကို မပျောက်နိုင်ကြကုန်။

(ဆောင်) မိဘနှစ်ဖြာ၊ ချစ်မေတ္တာကား၊ လွန်စွလွန်စွာ၊
ကြီးမားပါ၏၊ လိမ္မာရေးခြား၊ သားသမီးလဲ၊
ထန်သီးဗလဝ၊ မေတ္တာမျှ၏။ ပါပဆိုးငြား၊ သမီး
သားလဲ၊ ချစ်အားမပြယ်၊ ချစ်ရေးကွယ်သည်၊
တကယ်ကြီးသည့် မေတ္တာတည်း။

## လှသောသားသမီး ချစ်၊ အရုပ်ဆိုးသောသားသမီး ချစ်သနား

လောကဥ္ဇ ပုဂ္ဂိုလ်ချင်း မတူကြ။ သားသမီးချင်းလဲ မတူကြ။ တချို့မှာ လှ၍၊ တချို့မှာ အရုပ်ဆိုး၏၊ တချို့မှာ အင်္ဂါခြေလက် စုံလင်၍၊ တချို့မှာ မစုံလင်ကြ။ ကံချင်းမတူကြသည် မဟုတ်ပါလော။ မိဘတို့ဥ္ဇ လှသော သားသမီး၊ အရုပ်ဆိုးသော သားသမီးများ ပေါ်ထွန်းတတ်ကြရာ လှသော သားသမီးကို ချစ်သလောက်၊ အရုပ်ဆိုးသော သားသမီးကို ချစ်ရုံတွင်မက သနားစိတ် ပိုကြပြန်သည်။

တချို့ သားသမီးများ မွေးဖွားစကပင် မျက်လုံးမပါ၊ ခြေ,လက် အင်္ဂါ မသန် ဖြစ်ကြသည်။ တချို့မှာ နှာခေါင်း တဝက်သာ ပါသည်လည်း ရှိ၏။ နှုတ်ခမ်းပဲ့၍ ရှုံ့မဲ့စရာ ကောင်းသည်ကိုလည်း တွေ့ရ၏။ အမျိုးမျိုး အင်္ဂါချွတ်ယွင်းသည်ကို တွေ့မြင်ကြပေလိမ့်မည်။

ထိုအင်္ဂါချွတ်ယွင်းသော သားသမီးတို့အား မိဘတို့သည် ချစ်မေတ္တာအပြင် အသနား အကြင်နာ ဝင်ကြ ပြန်ကုန်၏။ သားသမီးများ မည်မျှပင် အရုပ်ဆိုးစေကာမူ မိဘတို့ကမူ ရွှေရုပ်အသွင် ထင်ကြကုန်၏။

## မည်မျှဆဲရေး ဆဲရေး ဖရုသံဝါစာ မဖြစ်

ကျေးဇူးကြီးလှ မိဘတို့၏ မေတ္တာကား သားသမီးများအပေါ် ခိုင်မြဲလှ၏။ တည်တံ့လှ၏။ မိဘတို့က သားသမီး

တို့အား ဘယ်လိုကြိမ်းမောင်း ကြိမ်းမောင်း၊ ဘယ်လို ခြိမ်းခြောက် ခြိမ်းခြောက်၊ ဘယ်လိုပဲ ဆဲရေး ဆဲရေး 'ဖရုဿဝါစာ-ကြမ်းတမ်းသော စကားမဖြစ်' ဟု ဆရာတို့ တထစ်ချ မိန့်ဆိုတော်မူကြသည်။ မိဘတို့ပါးစပ်က သားသမီးများ မြွေကိုက်ပါစေ၊ ကင်းကိုက်ပါစေ၊ နွားခွေ့ပါစေ၊ ကျွဲခတ်ပါစေ၊ ဓားတိုးပါစေ စသည်ဖြင့် ကရုဏာ ဒေါသော အလျောက်ကျိန်ဆဲပါသော်လည်း တကယ်တော့ မွှတပေါက်မျှ စွန်းမိသည်ကိုပင် မမြင်လိုကြ။ ခြင်တကောင် ကိုက်သည် ကိုလည်း မတွေ့ မမြင်ချင်ကြလိုကုန်။

စင်စစ်တမူကား သားသမီးတို့အား ယခုဘဝမှက နောင်သံသရာ ဆက်ဆက်မှာပင် အနာ ရောဂါ ကင်း စင် ကာ ရှိကျန်းမာ ချမ်းသာခြင်း၊ စည်းစိမ်ဥစ္စာ အဖြာဖြာတို့နှင့် ပြည့်ဝိုခြင်းကိုသာ အလိုရှိကြကုန်၏။

ကျေးဇူးကျေအောင် မဆပ်နိုင်သော ပုဂ္ဂိုလ်နှစ်ဦး

သို့ဖြစ်၍ ဘုရားရှင်သည်—

"ဒွိန္နာဟံ ဘိက္ခဝေ နသုပ္ပတိကာရံ ဝဒါမိ"

စသည်ဖြင့် မိခင် ဖခင် ကျေး ဇူး ရှင် ပုဂ္ဂိုလ် နှစ်ဦး တို့ကိုအတုံ့အပြန် ကျေးဇူးဆပ်၍ မပြေလည်နိုင်၊ မကျေနိုင် ဟူ၍အင်္ဂုတ္တရနိကာယ် ဒုကနိပါတ်၊ သမစိတ္တဝဂ်၌ ဟောတော်မူ

---

၁။ အံ၊ ၁။ ၆၃၊ သမစိတ္တဝဂ်။

သည်။ ဤ သမစိတ္တဝဂ်၌ ဆိုလိုရင်း အဓိပ္ပာယ်ကား — "ချစ်သား ရဟန်းများတို့၊ အမိရယ်, အဘရယ် ဤ ပုဂ္ဂိုလ်နှစ်ဦးကို ကျေးဇူး ပြေလည်အောင်၊ ကျေအောင်၊ ကုန်စင်အောင် ဆပ်နိုင်တယ်လို့ ငါဘုရား မဟောဘူး" 'အမိကျေးဇူး အဘကျေးဇူးကို မည်သူမှ ကျေလည်အောင်မဆပ်နိုင်' ဟူ၏။ အမိ အဘတို့ အသက်တရာ ရှည်တယ်ဆိုပါတော့၊ အနှစ်တရာ ပတ်လုံး အမိကိုလက်ယာပခုံး တဘက်ပေါ်တင်၊ အဘကို လက်ဝဲ ပခုံး တဘက်တင်၍ အနှံ့အသက်ကင်းစင်အောင် အမွှေးအကြိုင် လိမ်းပေးခြင်း၊ အညောင်းအညာပြေအောင် နှိပ်နယ်ပေးခြင်း၊ ရေပူရေအေး ချိုးပေးခြင်း၊ ခြေဆုပ်လက်နက်ပြုခြင်း၊ လိုအပ်သမျှ အစာအဝတ် ကျွေးမွေးဆင်မြန်းခြင်း၊ မိဘတို့၏ အညစ်အကြေးကို သုတ်သင်ခြင်း စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ လုပ်ကျွေးစေဦးတော့။ အမိအဘတို့က ပြုထားခဲ့သောကျေးဇူးတွေ လွန်စွာများလှသဖြင့် မပြေလည်မကျေနိုင်။ ထို့ပြင်တပါး အမိအဘတို့ကို ဤပထဝီ မြေပြင်တခွင်လုံး အစိုးရပိုင်ဆိုင်သော အရှင်သခင် ဘုရင်, ဘုရင်မ အစိုးရ အရာပေးစေဦးတော့၊ မိဘတို့ ပြုထားသော ကျေးဇူးတွေက များလွန်းသဖြင့် မကျေနိုင်ပါချေ" ဟူ၏။

(ဆောင်) မိကိုညာက၊ ဘကိုလက်ဝဲ၊ ကိုင်စွဲချီလျက်၊ ပခုံး
ထက်ဝယ်၊ အသက်ဆုံးအောင်၊ မြတ်နိုးဆောင်၍၊
အခေါင်အဖျား၊ လုပ်ကျွေးငြားလည်း၊ မွေးဖွား

ပိုက်ကျူး၊ ရှေးတင်ဘူးသည့်၊ ကျေးဇူးလှယ်ကြိုင်း၊ မဆပ်နိုင်ခဲ့ ။

## အမိအဘတို့၏ ကျေးဇူးကျေအောင် ဆပ်နည်း

အမိအဘတို့ကသားသမီးတို့အပေါ် ပြုထားသော ကျေးဇူး တွေက အတိုင်းအရှည်အနှိုင်းအဆမရှိ များလှဘိ၏။ ထိုကျေးဇူး များကို—

၁။ အမိအဘတို့က ရတနာသုံးတန် ကံ-ကံ၏အကျိုး မယုံကြည်လျှင် ယုံကြည်အောင် ဟောပြောပေးခြင်း၊

၂။ သီလမရှိသော မိဘတို့ကို သီလရှိအောင် ပြုလုပ်ပေးခြင်း၊

၃။ မပေးလှူလို ဝန်တိုခြင်း မစ္ဆရိယရှိသော မိဘတို့ကို မစ္ဆရိယ ကင်းစေ၍ လှူဒါန်းပေးခြင်း အလှူဒါနမှု ပြုစေခြင်း၊

၄။ ပညာမဲ့သော အမိအဘတို့ကို ပညာနှင့် ပြည့်စုံစေခြင်း ဖြင့် ပြေလည်နိုင်သည်၊ ကျေနိုင်သည် ဟူ၍ ဘုရား သဗ္ဗညု ဟောတော်မူသည်။

(ဆောင်) သဒ္ဓါရှိစေ၊ တထွေသီလ၊ မုချမသွေ၊ ဆောက်တည် စေနှင့်၊ မစ္ဆေကင်းစေ၊ ပြည့်စေပညာ၊ လေးဖြာ လေးဝ၊ ပြုလုပ်က၊ မိဘကျေးဇူး ကျေသတည်း။

---

၁။ စတုဓမ္မသာရကိုးခန်းပျို့၊ ၅၅-အပိုဒ်။

# အနန္တငါးပါး

ဗုဒ္ဓသာသနာတော်၌ ရှေးပညာရှိကြီးများသည် အနန္တငါးပါးကို သတ်မှတ်ခဲ့ကြသည်။ အနန္တငါးပါး ဟူသည် ဤရွေ့ဤမျှ ဂုဏ်ကျေးဇူးရှိသည် နှိုင်းဆ၍ မရနိုင်သောဂုဏ်ဟု ဆိုလိုတော်မူကြသည်။ ၎င်းတို့မှာ—

၁။ ဘုရားရှင်၏ ဂုဏ်တော်အနန္တ၊

၂။ တရားတော်၏ ဂုဏ်တော်အနန္တ၊

၃။ သံဃာတော်၏ ဂုဏ်တော်အနန္တ၊

၄။ မိဘတို့၏ ဂုဏ်တော်အနန္တ၊

၅။ ဆရာသမား၏ ဂုဏ်ကျေးဇူးအနန္တ—

အားဖြင့် ငါးပါးဖြစ်သည်။ ၎င်းအနန္တအသီးသီး ကျေးဇူးရှိသော ပုဂ္ဂိုလ်ငါးဦးကို ရှိခိုး၍—

ဗုဒ္ဓဂုဏော အနန္တော၊
ဓမ္မဂုဏော အနန္တော၊
သံဃဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော၊
တံ အနန္တ ဂုဏံ အဟံ ဝန္ဒာမိ။

ဟူ၍ စီရင်တော်မူခဲ့ကြလေသည်။

ဗုဒ္ဓဂူကျော၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်၏ ထူးအင်သတ်မှတ် သကတ်ကျေးဇူး ဂုဏ်တော် အထူးသည်။ အနန္တော၊ စကြာဝဠာ မြေပြင် မိုးကောင်းကင်နှင့် နှိုင်းယှဉ်မရ မမျှစံနှုန်း မကရှုံးအောင် အဆုံးအပိုင်းအခြား မရှိပါချေ။ ဓမ္မဂုဏော၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်၏ သကတ်ကျေးဇူး ဂုဏ်တော်အထူးသည်။ အနန္တော၊ စံနှုန်းမမျှ ဆုံးစပိုင်းခြား အမှတ်အသား မရှိနိုင်ပါချေ။ သံဃဂုဏော၊ ရှစ်ပါးအရိယာ မြတ်သံဃာ၏ လွန်စွာပုံပျူး ဂုဏ်ကျေးဇူးသည်။ အနန္တော၊ ဤရွေ့ဤမျှ ပမာဏဟု ဆုံးစမှတ်သား အပိုင်းအခြား မရှိပါချေ။ မာတာပိတုဂုဏော၊ လက်ဦးဆရာ ဗြဟ္မာဒေဝ ခေါ်ဆိုကြသည့် မိဘနှစ်ဖော် ကျေးဇူးတော်သည်။အနန္တော၊ မြင်းမိုရ်ဆယ်ပြန်မကလွန်သဖြင့် ကေန်မုချ အပိုင်းအခြား ပမာဏမရှိပါချေ။အာစရိယဂုဏော၊ လောကုတ်လောကီ နှစ်လီသိပ္ပ သွန်သင်ပြသည့် ဆရာ့ကျေးဇူး ဂုဏ်တော်အထူးသည်။ အနန္တော၊ ဤရွေ့ဤမျှ များပြားလှဟု ပိုင်းခြားခဲ့ဝေ အဆုံးမရှိပါချေ။ တံအနန္တဂုဏံကံ၊ ထိုအနန္တ သခင် ဂုဏ်ကြီးရှင်များကို။ အဟံ၊ ထိုများလှဖုံဖုံ အနန္တ ကျေးဇူးဂုဏ်ကို အာရုံမနော မပြတ်စေသည့် ဓာတ်သဘော အချုပ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ဆယ်လက်အဥ္စလီ တင်ချီ မြှောက်မိုး ရှိခိုးဦးချပါ၏။

## မိဘကောင်းသော

# ဒုဋ္ဌဂါမဏိနှင့် သဒ္ဓါတိဿ

သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ) ၌ သာသနာ သက္ကရာဇ် ၃၇၃–ခုနှစ်မှ ၄၀၇–ခုနှစ်တိုင် ဒုဋ္ဌဂါမဏိမင်းကြီး နန်းတက်တော်မူခဲ့လေသည်။ ယင်းဒုဋ္ဌဂါမဏိမင်းသည် သီဟိုဠ်ကျွန်း အနုရာဓမြို့တော်၌ ဘုရားရှင်၏ ဓာတ်တော် မွေတော်များ ဌာပနာ၍ ဉာဏ်တော် ၁၂၀ အမြင့်ဆောင်သော မဟာစေတီကြီးကိုလည်း တည်ထားကိုးကွယ်တော်မူခဲ့လေသည်။ ကျောင်းတိုက်ပေါင်း ၉၉ တိုက်ကို တည်ဆောက် လှူဒါန်းခဲ့သည့်ပြင် ၁၉ ကုဋေ အကုန်အကျခံ၍ မရိစဝဋ္ဋိစေတီကြီးနှင့် ကျောင်းတိုက်ကြီးကိုလည်း တည်ဆောက် လှူဒါန်းတော် မူခဲ့လေသည်။

ထို့ပြင်မကသေး လောဟပါသာဒ ပြာသာဒ်၊ ၉ ထပ်ကြေး ပြာသာဒ်တော်ကြီးကိုလည်း ငွေအသပြာ ကုဋေ ၃၀ အကုန်အကျခံ၍ တည်ဆောက်လှူဒါန်းတော်မူခဲ့ခြင်း စသည့် ကုသိုလ်ကောင်းမှုများစွာတို့ကိုလည်း ပြုလုပ်တော်မူခဲ့သည်။ ဖော်ပြပါ ဒုဋ္ဌဂါမဏိမင်း၏ ညီကား သဒ္ဓါတိဿမင်း ဖြစ်လေသည်။

ဖော်ပြပါ သဒ္ဓါတိဿမင်းသည် သာသနာ သက္ကရာဇ် ၄၀၇ ခုနှစ်မှစ၍ ၄၂၅ ခု နှစ် တိုင်အောင် သီဟိုဠ်ကျွန်း၌ မင်းပြု တော်မူခဲ့သည်။ ယင်း သဒ္ဓါတိဿ မင်းသည် နောင်တော် ဒုဋ္ဌဂါမဏိမင်း၏ ကောင်းမှုတော် မဟာစေတီကြီး မပြီးပြတ် သည်ကို ပြီးပြတ်အောင် တည်ဆောက်ခြင်း၊ မီးသင့်ခံရသော လောဟပါသာဒ ပြာသာဒ်ကြီးကို ပြန်လည်တည်ဆောက်ခြင်း၊ ဒီဃဝါပိ စေတီနှင့် ကျောင်းတိုက်ကြီး တို့ ကို လှူဒါန်းခြင်း စသည် ကုသိုလ်ပုညတို့ကို ပြုလုပ်တော်မူခဲ့လေသည်။ ဖော်ပြပါ ဒုဋ္ဌဂါမဏိနှင့် သဒ္ဓါတိဿတို့၏ ဖခင်ကား ကာကဝဏ္ဏတိဿ မင်းကြီးဖြစ်၍ မိခင်ကား ဝိဟာရဒေဝီ မိဖုရားကြီး ဖြစ်လေ သည်။

## လူကလေးတို့ ဦးဦးဖျားဖျား မစားကြနဲ့

ဖော်ပြပါ ကာကဝဏ္ဏတိဿမင်းကြီးနှင့် ဝိဟာရမဟာဒေဝီ မိဖုရားကြီးတို့သည် သားတော် ဒုဋ္ဌဂါမဏိ နှင့် သဒ္ဓါတိဿ တို့ကို လူကလေးတို့ ငါတို့ပြော်ရာ ကျွန်းလက်ာမှာ ဘုရား မြတ်စွာ သာသနာ လွန်စွာမှထွန်းကားတယ်။ ဘုရားရှင်အား ဆွမ်းတော်၊ ပန်းတော်၊ ရေချမ်းတော် စ သည် မတင် မလှူပဲ၊ သံဃာတော်ကို မလှူပဲ ဦးဦးဖျားဖျား အစားအစာ ဟူသမျှကို မသုံးဆောင်ကြလေလင့်၊ ဆွမ်းတော် ပန်းတော်စသည် ကပ်လှူ ပြီး သံဃာတော်ကိုလှူပြီးမှ အစာအာဟာရ သုံးဆောင်ကြရ မယ် စသည်ဖြင့် ဆုံးမခဲ့ကြလေသည်။

ယင်း မိဘနှစ်ဦးတို့၏ ထူးမြတ်သော အဆုံး အမကြောင့် ဒုဋ္ဌဂါမဏိနှင့် သဒ္ဒါတိဿတို့သည် ထိပ်တန်းသာသနာကြည်ညို သည့် သာသနာပြု မင်းကောင်း မင်းမြတ်တို့ ဖြစ်ကြကုန်၏။ ဤဖြစ်ရပ်ကို ထောက်၍ မိဘအရာ၌တည်သော ပုဂ္ဂိုလ်တို့သည် မိမိသား သမီးကို ပစ်မထားပဲ ကောင်းရာကို သွန်သင် ညွှန်ပြ ရာ၏။

(ဆောင်) သား သမီးအား၊ ပစ်ထားသမှု၊ မပြု လေလင့်၊ သင့်ရာကောင်းရာ၊ ညွှန်ကြားပါလော့၊ နှစ်ပါး မိဘ၊ ကောင်းလေပါမှ၊ ပုတ္တမည်ငြား၊ သားသမီး ပေါင်း၊ ကောင်း နိုင် ရာ သည်၊ နှစ် ဖြာ မိ ဘ ကျင့်ဖွယ်တည်း။

## သံဃာမလှူပဲ စားမိ၍ စေတီတည် ကျေးဇူးဆပ်

ဒုဋ္ဌဂါမဏိမင်း နှင့် သဒ္ဒါတိဿ ညီအစ်ကို နှစ်ဦး အနက် နောင်တော် ဒုဋ္ဌဂါမဏိသည် တခါတွင် စားတော်ခေါ်စဉ် သံဃာတော်မလှူပဲ ငရုတ်သီး တတောင့် ကောက်စားမိသည်။ တနေ့တွင် ငါ့ကို မိခင်ဖခင်တို့က သံဃာတော်မလှူပဲ တခါမှ မစားမိစေနဲ့လို့ ဆုံးမခဲ့တယ်။ ငါသံဃာတော်မလှူပဲ စားမိ လေသလားဟု ဆင်ခြင် စဉ်းစားလေ၏။ ယင်းသို့ ဆင်ခြင် စဉ်းစားစဉ် တကြိမ် တခါက သံဃာတော် မလှူပဲ ငရုတ်သီး တတောင့် စားမိသည်ကို အမှတ်ရ သိရှိရ သဖြင့် မိမိကိုယ်ကို

မိဘစကား နားမထောင်မိပဲ သံဃာတော်အားမလှူပဲ စားမိလေခြင်းဟု အပြစ်ဘင်ကာ မိမိကိုယ်ကို ဒဏ်ဘပ်သည့် အနေမျိုးဖြင့် မရိစဝဋ္ဋိ စေတီကြီးနှင့် ကျောင်းတိုက်ကြီးကို ၁၉ ကုဋေ့ အကုန်အကျခံ၍ တည်ဆောက် လှူဒါန်းတော်မူခဲ့လေသည်။ မိဘစကားနားထောင်သူကား ယခုဘဝ, နောင်ဘဝ ကောင်းကျိုးရဖို့သည်ဖြစ်၏။

(ဆောင်) မိဘစကား၊လေးစားကြည်ဖြူ၊နားထောင်သူကား၊
ခုမူဘဝ၊ပစ္စက္ခနှင့်၊ဘဝတမလွန်၊ကေန်ကောင်းကျိုး၊
တိုးထက်တိုးသည်၊ ကြိုးစားနားထောင် ကြကုန်
လော့။

---

၁။ အဒတွာ ဘိက္ခုသံဃဿ၊ ဘုတ္တံ အတ္ထိ နုခေါ ဣတိ။
အဒ္ဒသပါတရာသမှိ၊ ကေ မရိစ ဝဋ္ဋိကံ။
သံဃဿ အဒပေတွာ၀၊ ပရိဘုတ္တံ သတိံ ဝိနာ။
တဒတ္ထံ ဒဏ္ဍကမ္မံ မေ၊ ကတ္တဗ္ဗန္တိ စ စိန္တယိ။
(မဟာဝံသ။ ၃၅။ ၁၁၄။ ၁၁၅)

## မိဘကျေးဇူးကိုသိသော

# ပရက္ကမဗာဟုမင်း

သီဟိုဠ်ကျွန်း ပုလတ္ထိမြို့ (ပုရတ္ထိပုရ) ၌ သာသနာသက္ကရာဇ် ၁၇၀၇ ခုနှစ်မှစ၍ ၁၇၄၀ ခုနှစ်အထိ ၃၃ နှစ် တိုင်တိုင် နန်းတက်တော်မူ၍ သီဟိုဠ်ကျွန်း၌ မင်းပြုတော်မူခဲ့လေသည်။

ပရက္ကမဗာဟုမင်းသည် သီဟိုဠ်ကျွန်း၌ နှစ်ပေါင်း ၁၂၀၀ ကျော်ကစ၍ ကွဲလာသော သံဃဂိုဏ်းကြီးသုံးဂိုဏ်းကို ညီညွတ်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။ တကယ်တော့သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်နိုင်ခဲ့သည် ဟူ၏။ ဖော်ပြပါ ပရက္ကမဗာဟု မင်းကြီးသည် မိဘများကို လွန်စွာ စောင့်ရှောက်တော် မူခဲ့လေသည်။ မိခင်၏ ဝမ်းတိုက်မှ ဖွားမြင်ခဲ့ရာ ပုခ်ရှာရှိ အိမ်နေရာ၌ ၁၂၀ အတောင် အမြင့် ဆောင်သော စေတီကြီးကိုလည်း ဘုရားရှင် ဂုဏ်တော်နှင့် မိခင်၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ တည်ထားကိုးကွယ်တော် မူခဲ့လေသည်၁။

---

၁။ သကေ သုတိ ဃရဋ္ဌာနေ၊ သော သုတိ ဃရစေတိယံ။
ပုခ်ဂါမမှိ ကာရေသိ၊ ဝီသံဟတ သတုဂ္ဂတံ။
(မဟာဝံသ။ ၆၁၊၇၇)

တဖန် မိခင်ကွယ်လွန်၍ မိခင်၏ အလောင်းကို မီးသင်္ဂြိုဟ်ရာ သီဟိုဠ်ကျွန်း ခီရရွာအနီး၌လည်း ဉာဏ်တော် သံတောင် ၁၂၀ ရှိသော ရတနာဝလိ စေတီ တည်ထား ကိုးကွယ်တော်မူခဲ့လေသည်။

မာတုအာဠာဟနဋ္ဌာနေ၊ ခီရဂါမမှိ ခတ္တိယော။
ဝီသံဟတ္ထသတာယာမံ၊ ရတနာဝလိ စေတိယံ[၁]။

## မိခင်အရိုး မြေကျရာ၌ စေတီတည်သည့် ဗားကရာ သာသနာပိုင်ဆရာတော်

သုတ်မဟာဝါ အဋ္ဌကထာ နိဿယ၊ သုတ်ပါထေယျ အဋ္ဌကထာ နိဿယ၊ အင်္ဂုတ္တိုရ် ပါဠိတော် နိဿယ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ နိဿယ၊ ဋီကာကျော် နိဿယ၊ ပစ္စဝေက္ခဏာဂဏ္ဌိ ကျမ်း၊ ဗိုလ်ဋီကာ၊ မကာရန္တ ဗေဒင်လက်ရိုးကျမ်း အစရှိသည်တို့ကို ပြုစီရင်တော်မူခဲ့သော "ပညာဇောတာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ပထမ တံဆိပ်တော်၊ "ပညာဇောတာဘိ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော ဒုတိယတံဆိပ်တော်၊ "ပညာဇောတာဘိ သိရိပဝရ ဝိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော တတိယတံဆိပ်တော်၊ "ပညာ

---

၁။ မဟာဝံသ။ ၃၁၊၃၃။

ဇောတာဘိ သီရိ သဒ္ဓမ္မပါလ အရိယဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု” ဟူသော စတုတ္ထ တံဆိပ်တော်၊ “ပညာဇောတာဘိ ဓမ္မ သီရိ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု” ဟူသော ပဉ္စမတံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ငါးထပ်ရ ဗားကရာ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ပညာ ဇောတသည် မိမိ၏ မွေးသမိခင် ကျေးဇူးရှင်ကြီး ဒေါ်ကြင် မကွယ်လွန်မီကလည်း များစွာ ဂရုစိုက်၍ ပြုစုကျွေးမွေးတော် မူသည်။ ကွယ်လွန်တော်မူသောအခါ ပင့်သံဃာ ၁၁၃ ပါး တို့ကို ပင့်တော်မူ၍ ပင့်သံဃာတပါးလျှင် သီမျိုးစုံပဒေသာပင် တပင်ကျစီ လှူဒါန်း၍ သင်္ဂြိုဟ်တော်မူသည်။ မိခင်ကြီး ဒေါ်ကြင်၏ ဥတုဇရုပ်ကလာပ် မီးသင်္ဂြိုဟ်ရာ အရပ်၌လည်း စေတီကြီး တည်ထားကိုးကွယ်တော်မူခဲ့သေးသည်။ ယင်းစေတီကို မကွေးတိုင်း မြိုင်မြို့နယ် ငွေးပင်လယ်ရွာ အနောက်ဘက်တွင် ယခုတိုင် ဖူးမြင်နိုင်လေသည်[၁]။

## မိဘနှစ်ပါး မျှော်လင့်ချက်

သားသမီးများ၏ ကျေးဇူးရှင် မိခင် ဖခင်တို့သည် မိမိတို့၏ သားသမီးများကို ငယ်စဉ်တောင်ကျေး ကလေးဘဝကပင်

........................................................................................................

၁။ ဇနေတ္တိ ဒေဟ ဇျာပနာ၊ ဌာနေပိ ဌာန ဖောဝိဒေါ။
ထေရသေဋ္ဌော သံဃရာဇာ၊ စေတိယံ အကာရိယိဒေါ။
မန္တလေး သာသနာဝင်၊ ၁။ အသောကာရာမ သာသနာဝင် ကြည့်။

ကျေးမွေးသုတ်သင် ပြုပြင်၍ လာခဲ့ခြင်းမှာ မျှော်လင့်ချက်ကြီး ငါးပါးရှိသည်။ ယင်းမျှော်လင့်ချက်ကြီး ငါးပါးကား—

၁။ ငါတို့ ကျွေးမွေးသလို အရေးတယူ အလေးမူ၍ ပြန်လည် ကျွေးမွေးကြပေလိမ့်မည်။

၂။ ငါတို့၏ အမှုကိစ္စ လုပ်ငန်းဆောင်တာများအတွက် ဆောင်ရွက် လုပ်ကိုင်ကြပေလိမ့်မည်။

၃။ ငါတို့၏ အမွေဆနွယ်ကို ခံထိုက်အောင် ကျင့်ဆောင်ကြ ပေလိမ့်မည်။

၄။ ငါတို့၏ အမျိုးအနွယ်ဝံသ မပျက်စီးအောင် စောင့် ရှောက်ကြပေလိမ့်မည်။

၅။ ငါတို့ ကွယ်လွန်သောအခါ ငါတို့ကိုရည်မှန်း၍ ကုသိုလ် ပုညပြု အမျှအတမ်း ပေးဝေကြပေလိမ့်မည်-

ဟူ၍ ဖြစ်သည်။

မိဘများသည် သားသမီးများအပေါ်တွင် ဖော်ပြပါ ငါးပါးကို မျှော်လင့်ချက်ထား၍ ယုံကြည်ကြသည်။ မိဘများ အမျှော်လင့်ကြီး မျှော်လင့်ခဲ့သည့်အတိုင်း ပြည့်စုံရလေအောင် လိမ္မာရေးခြား ရှိသော သားသမီးတို့သည် မပျက်မကွက် ဆောင်ရွက်ကြပေသည်။ သို့မှသာ ကျင့်ဝတ်စုံလင် ဂုဏ်တင် လောက်အောင် သားကောင်း သမီးကောင်းများ ဖြစ်ကြပေ လိမ့်မည်။

(ဆောင်) ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊
လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်
ကျင့်ဖွယ်သားတို့တာ။

(သင်္ဂဇာဆရာတော်)

## အမိကျေးဇူး အဘကျေးဇူး

အမိ အဘတို့သည် နှစ်ဦးစလုံး သားသမီးများအပေါ် အလွန်တရာ ကျေးဇူးရှိသူများ ဖြစ်ကြသည်။ ယင်းအမိအဘ နှစ်ဦးအနက် အမိကျေးဇူးသည် သာလွန်၍ များပြားသည်။

ပဉ္စနန္တရိယကံ ငါးပါးတွင် အမိကိုသတ်ခြင်း ဟူသော မာတုဃာတကကံ၊ အဘကိုသတ်ခြင်း ဟူသော ပိတုဃာတကကံ ယင်းကံနှစ်ပါးကို လွန်ကျူးသောသူကား မာတုဃာတကကံ အတွက်သာ ခံရကာ၊ ပိတုဃာတကကံကား အဟောသိကံ ဖြစ်သွားပါသည်။ဤအရာကို ထောက်၍လည်း အမိကျေးဇူးက အဘကျေးဇူးထက် ကြီးမားကြောင်း ထင်ရှားသည်။

တနည်းမှတ်ရန် ရှိသေး၏။ အမိသည် ကလလရေကြည် တည်နေချိန်မှစ၍ ယောကျ်ားမှန်း၊ မိန်းမမှန်း၊ အဖြူမှန်း၊ အမည်းမှန်း မသိခင်ကပင် ချစ်ခင်ယုိဖိတ် မေတ္တာစိတ်ဖြင့် "ဘယ်ချိန်ကာလ ခါသမယမှာ မွေးဖွားသော သားသမီးကား ကြီးပွား တောက်ထိန် ဂုဏ်သိန် မောက်ဖြိုး အသရေတိုးပါ သနည်း" စသည်ဖြင့် အချိန်သမယနက္ခတ်ရက်မြတ်ရက်ကောင်း

ကိန်းဟောင်းအတွက် အိပ်မက်နိမိတ် တံဆိပ်လက္ခဏာ အဖြာဖြာကို ဆရာသမားများအားခစားမေးမြန်းစုံစမ်းထောက်လှမ်းစေ၍ ချေပကိန်းအမျိုးမျိုးဖြင့် ပွားတိုးကျက်သရေ တင့်တယ်စေဟု စောင့်ရှောက်ခြင်း၊ ဝမ်းဗိုက်တွင်း၌ စွဲပိုက်ကိန်းနေသားသန္ဓေ၏ မပင်မပန်း ချမ်းချမ်းသာသာဖြစ်စေရန် စပ်ခါးပူလောင်သော အစားအစာများကို ရှောင်ခြင်း၊ အလွန်တရာအေးမြလှသော ရေကိုရှောင်ခြင်း၊ အကုန်းအကွ အနေအထိုင်မှစ၍ ဆင်ခြင်ခြင်း စသည်ဖြင့် ကိုးလကျော်ကျော် ဆယ်လလုံးလုံး စောင့်ရှောက်ပြုပြင်တာ ဖွားမြင်ရှာရခြင်း၊ ဖွားမြင်ပြီးသောအခါလည်း အခြားသူများမမွေးမြူနိုင်လောက်အောင်ပင်နူးနယ်နီတွေး အသက်နေသေးလှသော သူငယ်ကလေးကို နို့ရည်တိုက်ကျွေး ပိုက်ထွေး ချီပိုးလျက် ကြမ်းပိုး,ခြင်, မှက် မကိုက်ခဲမနှိပ်စက်ရလေအောင် နေ့ရက်ရှိသလောက် စောင့်ရှောက်၍နေပြောက်မထိုး၊ လေဆိုးမတိုက်၊သန်းမကိုက်စေရန် အားထုတ်စောင့်ကြပ်ခြင်း၊ မျက်ခြည်ပြတ်မခံပဲ သားငယ်၏ အလိုနိုင်ငံ့သို့လိုက်လျက် နေ့ရက်များစွာ သာယာဖြည်းညှင်း သားချော့သီချင်းဖြင့် မပျင်းမရိရလေအောင် ချော့မော့နှစ်သိမ့် စေရခြင်း၊ဝါးဖတ်ကစီကျွေး၍မွေးမြူရခြင်းစသည်ဖြင့် အိပ်ကောင်းခြင်း မအိမ်ရ၊ စားကောင်းခြင်း မစားရသော ဧရာမ ဒုက္ခကြီးကို မေတ္တာစိတ်ဖြင့် ဖုံးအုပ်၍ ပြုံးပြုံးကြည်ကြည် နှလုံးရည် သန့်သန့်ထား၍ ကောင်းစွာပြုစု ပျိုးထောင်ခဲ့ရ ရှာလေသည်။

သို့စဉ်ကလောက်ပင် မိခင်ဖြစ်သူသည် သားသမီးများအား ပြုစု စောင့်ရှောက်ရသဖြင့် လက်ယာပခုံး၌ တင်ထားကိုးကွယ် လုပ်ကျွေးရမည်ဟု ဟောဆိုတော်မူလေသည်။

ဖခင်ဖြစ်သူသည်လည်း မိခင်ဖြစ်သူ သားသမီးများကို ပြုစု စောင့်ရှောက်နိုင်စေရန် ဝတ်မှု စားမှု သောက်မှု အသွယ်သွယ်၌ မညှိုးငယ် မပင်ပန်းရလေအောင် ကြည်ဖြူ ရွှင်လန်းစွာ ရှာဖွေပြုစုပေးမှုကြောင့် အနန္တဂုဏ် ကျေးဇူးရှင် ဖြစ်ပေသည်။ ထို့ကြောင့်လည်း သားသမီးတို့အပေါ်၌ ၎င်းရှိသော မိဘတို့၏ ကျေးဇူးဂုဏ်ကား အလွန်တရာကြီးမား၍ ယူဇနာကိန်း နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးနှင့် နှိုင်းစာလိုက်ပါက ထုထည်ကြီးမားလှသော ဤမဟာပထဝီ မြေကြီးသည် ဝါးရွက်ကလေးပမာ သေးငယ် သွားရလေတော့၏။ အလွန်တရာ ကျယ်ပြောလှစွာသော စကြဝဠာ ကြီးသည် အပ်နားဖားအလားဖြစ်၍၊ မဏ္ဍိုင်ဗဟို လေးရောင်စိုသည့် မြင်းမိုရ်တောင်ကြီးသော်မှ ပေါက်ခါ်စ နွားဦးချိုလောက်ရှိပြီးလျှင် မဟာသမုဒ္ဒရာ ပင်လယ် ရေပြင်ကြီးသည်ကား မိုးရေမိုးပေါက်သဖွယ် သေးငယ်သွားရလေတော့၏။

ဤသို့ချားစွာ၊ တတ်စချာကို၊ လှည့်ကာဆိုမှ၊ မိနှင့်ဘ၏၊ ကြီးလှကျေးဇူး၊ တင်ပေဘူးကို၊ အထူးပြပိမ့်၊ နားနာစိမ့်လော့၊ နှစ်သိန်းလေးသောင်း၊ ပေါင်းသည့်ဤမြေ၊ ထူးဘွေထွေသည်၊ စိမ်းရွှေထွား ထွား၊ ဝါးရွက်လားသို့၊ ကျယ်ချားစကြဝဠာ၊ ကြီးရှာလည်း၊

အပ်မှာနဖား၊ထွင်းသည်လားနှင့်၊ မပြားပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျ၏၊ နက်လှစွာရှောင်း၊ ရှစ်သောင်းလေးထောင်၊ ရေဖောင်ဖောင်နှင့်၊ ထဲချောင် သမုဒ္ဒရာ၊ ရေများစွာလည်း၊ ပမာမလောက်၊ မိုးရေပေါက်သို၊အံ့လောက်အရာ၊ မိမာတာနှင့်၊ ပိတာအဘ၊ မြတ်ဂုဏအား၊ ဆပ်ပြြားပါလို၊ မိကိုလက်ယာ၊ ဘမှာလက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သို့ပင်နိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဘူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည့်၊ ပိုင်မည်အကြောင်း၊ တရားကြောင်းကို၊ ညီကောင်းနားဝယ် စိမ့်လေလော့ ။

မွေးသမိခင် ကျေးဇူးရှင်ကို လုပ်ကျွေးသော
ကွမ်းဆောင်မင်း

သက္ကရာဇ် ၁၂၆ ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူသော ကွမ်းဆောင်မင်း ပဋိသန္ဓေနေစဉ် ခမည်းတော် တန်နက်မင်းကို စလေငခွေးမင်း လုပ်ကြံသဖြင့် မယ်တော်မိဖုရားကြီးမှာ စလေငခွေးမင်းက မိဖုရားပြုမည်ကို စိုးရွံ့ခြင်းကြောင့်

၁။ ပုဏ္ဏောဝါဒ ဆုံးမစာ။ ၆။ ပိုဒ်။

သည်းကောင်း၊ မိမိ၏ ပဋိသန္ဓေ ကိုယ်ဝန် အရင့်အမာကို စောင့်ရှောက်ခြင်းငှာလည်းကောင်း မသိမသာ တိမ်းရှောင်၍ သွားလေ၏။ ယင်းသို့ တိမ်းရှောင်ပြီး ကျောင်းဖြူအရပ်တွင် နေစဉ် မကြာမီမှာပင် သားတော်ကို မီးရှူးသန့်စင် ဖွားမြင်လေသည်။

မင်းသားငယ်သည် အရွယ်ရောက်သောအခါ မယ်တော် ပြောစကားကို ကြားရ၍ မိမိမင်းသားဖြစ်ကြောင်း သိလေလျှင် ''ခမည်းတော်၏ အရိုက်အရာကို ငါရပါစေသား'' ဟု အဓိဋ္ဌာန်ပြုကာ ဘုရင်ထံသွား၍ မထင်မရှား သာမန်အနေအားဖြင့် ခစားအမှုထမ်းလေရာ အရည်အချင်း အားလျော်စွာ ''ကွမ်းဆော်မင်း'' ရာထူး ကို ရလေသည်။

ကွမ်းဆော်မင်းသားသည် ထိုရာထူးလခရိက္ခာဖြင့် မိခင်ကို ရိုသေလေးမြတ်စွာ ပူဇော် လုပ်ကျွေး လေသည်။ မယ်တော် မိဖုရားကြီးကလည်း သား တော် အလုပ် သွားသော အခါ ထမင်းထုပ်များကို ကောင်းစွာ ထုပ်ပေး၏။ သားတော်ကလည်း အလုပ်သွားခါနီးတွင် မယ်တော်အား ဖူးမြော် ကန်တော့သွား၏။ မိမိအလုပ်သွားရာတွင် စောင်ချမ်းပင်အောက်၌ ထမင်းထုပ်ကို နေ့စဉ်မပြတ် ဖြေ၍ စား၏။ မစားခင်လည်း စားဦး စားဖျားကို စောင်ချမ်းပင်စောင့် နတ်အား မပြတ် ပ,သ တင်မြှောက်၏။ ဤသို့ နေ့စဉ် မပြတ် ထာဝရ ပ,သ တင်မြှောက်သည်ကို မြင်၍ စောင်ချမ်းပင်စောင့် နတ်သည်

၁။ ကွမ်းဆော်ရာထူးဟူသည် အခွန်ဝန်ရာထူးတည်း။

"ဤသူငယ်သည် နေ့စဉ် မပြတ် စားဦးစားဖျားများကို ငါ့အား တင်မြှောက်ပသ ပေသည်" ဤသူငယ်သည့် အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်သည်ရှိသော် မကြာခင် ဘုရင်ဖြစ်မည်ကိုမြင်၍ ကိုယ်ထင်ပြပြီးလျှင် "အို-လုလင်၊ အသင်လုလင်သည် ဘုန်းကံ သမ္ဘာကြီးမားလိုသော် သရဏဂုံ, ပဉ္စသီလကို ခါးဝတ်အထည်ကဲ့သို့ မြဲအောင် ဆောက်တည်၍ သစ္စာစကားကိုလည်းသုံး၊ အနုသတိ ဆယ်ပါးကိုလည်း တနေ့လျှင် နှစ်ထောင်ရအောင် စီးဖြန်းပါလေ" ဟု ဆုံးပြီးလျှင် ကွယ်သွားလေ၏။

ကွမ်းဆော်မင်းသည် စောင်ချမ်းပင် စောင့် နတ် ပြောသည့်အတိုင်း ပြုလုပ်အားထုတ်၍ မယ်တော်ကြီး အားလည်း ညွှတ်တုပ်ပူဇော်ကာ လုပ်ကျွေးပူဇော်နေ၏။ ထိုအခါ သိကြားမင်းအစရှိသော သာသနာစောင့် နတ်ကောင်း နတ်မြတ်တို့သည် "မည်သည့် နေ့ရက်တွင် ပုဂံပြည်၌ မင်းလောင်းပေါ်လိမ့်မည်" ဟူသော ကောလာဟလသတင်းကို လူတို့၏ခံတွင်း ပါးစပ်၌ တည်စေ၍ ကျော်စော ပျံ့နှံ့စေ၏။ ထိုသို့ ကောလာဟလသတင်း ကျော်စောခြင်း ဖြစ်၍ တိုင်း သူ ပြည် သားအပေါင်းသည် အုတ်အုတ်ကျက်ကျက် သူ့ထက်ငါ ပင် "မင်းလောင်းကို ဖူးမြင်ကြအံ့ ပူဇော်ကြအံ့ဟု" ဟု ဆိုကာ တူရွင်းတောင်သို့ သွားကြကုန်၏။

ကွမ်းဆော်မင်းသားသည်လည်း ထိုသတင်းကို ကြားရ၍ မယ်တော်အားပန်ကြားပြီးလျှင် မင်းလောင်းကြည့်ရှုရန် သွားလေရာ လမ်းခရီး အကြားတွင် မြင်းစီးလာသော အဘိုးအို

တယောက်က အပ်နှင်းသော မြင်းကို စီး၍ အရိန္ဒမာလို့, သီလဝံသစား၊ ပတ္တမြား ဦးသျှောင်ကျင်၊ ပတ္တမြားလက်စွပ် တို့ကို ဆောင်ကျဉ်း၍ မြို့တွင်းသို့ဝင်လေရာ ကွမ်းဆော်မင်း သားအား "ကျော်ကြားနေသော မင်းလောင်းတည်း" ဟု လူအပေါင်းတို့ ညွှတ်ပျောင်း ဦးတိုက်ကြကုန်၏။ ထိုအခါ ကွမ်းဆော် မင်းသားသည် စောင်ချမ်းပင်စောင့်နတ် ပြော သောစကားကို ကြားယောင်ရှိကာ သူတိရလေသည်နှင့် "မိမိ မင်းဖြစ်ဖို့ရန် အချိန်တန်ပြီ" ဟူသော အမှတ်ဖြင့် နန်းတွင်း အရောက် မြင်းဖြင့် ဝင်လေရာ၊ ခုံရန် နန်းဦးပြင်သို့ ထွက် လာသော တောင်သူကြီးမင်းသည် နန်းဦးပြင်မှကျ၍ ကွယ် လွန်သဖြင့် ကွမ်းဆော်မင်းသားသည် မင်းအဖြစ်သို့ ရောက် တော်မူ၏။

(ဆောင်) မိဘနှစ်အင် ပြုစုလျှင်၊ ရှင် ဘု ရင် လည်း ဖြစ်နိုင် သည်။
မိဘနှစ်ပါး ပြုစုငြား၊ ကြီးပွား တိုးတက်သည်။
မိဘနှစ်ပါး ပြုစုငြား၊ အများချီးမွမ်းသည်။
သေသောအခါ ထက်နတ်ရွာ၊ မုချစွာရောက်ရသည်။

## မိဘကို ပြုစုလုပ်ကျွေးခြင်း

ဤစကြဝဠာ လောကဓာတ်တွင် မြင်းမိုရ်တောင်ကြီး သည် ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အမြင့်ဆောင်၍

တောင်ဟူသမျှတို့ထက် အမြင့်ဆုံးဖြစ်၏။ ထိုမြင်းမိုရ်တောင်ထိပ်မှာ ယူဇနာ ၂၀၀ ရှိသော သိကြားပျော်စံ ဝေဇယန္တာ ပြာသာဒ် ဗိမာန်ဘုံဆောင်ကြီး ရှိ၏။

မြင်းမိုရ်တောင်၏ အရံဖြစ်သော တောင်စဉ်ခုနစ်ထပ်လည်း ရှိ၏။ ယင်းတောင်စဉ် ခုနစ်ထပ်ကား—

၁။ ယုဂန္ဓိုရ်တောင်၊

၂။ ဣသဓရတောင်၊

၃။ ကရဝိကတောင်၊

၄။ သုဒဿနတောင်၊

၅။ နေမိန္ဓရတောင်၊

၆။ ဝိနတကတောင်၊

၇။ အဿကဏ္ဏတောင်—

အားဖြင့် တောင်စဉ်ခုနစ်ထပ် ရှိသည်။ ယင်းတောင်စဉ် ခုနစ်ထပ်တို့တွင် ယုဂန္ဓိုရ်တောင်သည် အကြီးဆုံး အမြင့်ဆုံးဖြစ်၍ မြင်းမိုရ်တောင်အောက် တဝက်ငယ်ပြီးလျှင် ယူဇနာပေါင်း လေးသောင်းနှစ်ထောင် ရှိသည်။ ထိုယုဂန္ဓိုရ်တောင်မှာ အစောင့်အရှောက် နတ်တို့ကား များစွာ ရှိကြကုန်၏။

မိမိတို့လူ့ပြည်က မြင်ကြရသော နေ့၊ လ နက္ခတ်၊ ကြယ်တာရာတို့မှာ ထိုယုဂန္ဓိုရ်တောင် အမြင့်နှင့်အမျှ မိုးဝ ကောင်းကင်ပြင်၌ စက်ဝန်းတရတည် လှည့်လည်သွားလာနေကြကုန်၏။

ထိုမိုးဝ ကောင်းကင်၌ လှည့်လည်သွားလာနေသော နေ့၊ လ၊ နက္ခတ်တာရာများကိုပင် ကမ္ဘာ့ဘန်ဆာများဟု ခေါ်ကြသည်။

ဤသို့ တောင်စဉ်ခုနစ်ထပ်နှင့် နက္ခတ်တာရာပေါင်း များစွာ တို့ ခြံရံ၍နေသော မြင်းမိုရ်တောင်ကြီး ဆယ်ပြန် မြင်းမိုရ် ဆယ်ပြန့်မက ကျေးဇူးတော့ ကြီးမားလှသော မိဘနှစ်ပါးတို့၏ ကျေးဇူးတော်ကို စိတ်ရောင်ရည်မှန်း၍ အမိအဘ နှစ်ပါးကို သားသမီးဝတ်ငါးပါး အရင်းတည်ကာ ချစ်ကြည်လေးမြတ်စွာ လုပ်ကျွေး မွေးမြူကြရာသည်။

## မိဘနှစ်ပါးအား လေးစားရိုသေနည်း

ညအိပ်ရာဝင်သောအခါ၊ ဝေးကွာသော ခရီးသို့ သွား သောအခါ၊ ခရီးဝေးမှ ပြန်လာသောအခါ၊ အကြောင်းကိစ္စ တခုခုဖြင့် သွားသောအခါတို့၌ အမိအဘတို့၏ ဂုဏ်ကို အာရုံ ပြုကာ ရှိခိုးဦးချ တုပ်ကွရိုကျိုးကြရာ၏။ နေ့စဉ်လည်း လေးမြတ် ပူဇော် ဖူးမြော်ကန်တော့ရာ၏။

ထိုမှတပါး မိဘများ လိုလား နှစ်သက်သော စားဖွယ်၊ သောက်ဖွယ်၊ အဝတ်အထည်၊ အိပ်ရာနေရာတို့ကို ပေး၍ အရေး တယူ ခြေဆုပ်လက်နယ်ပြုခြင်း အစရှိသည်ဖြင့် မိဘနှစ်ပါးတို့၏ စိတ်နှလုံး ချမ်းမြေ့ကြည်လင်အောင် အလေးဂရုပြုရာ၏။

ဘုရားမြတ်စွာသည်ပင်လျှင် ရဟန်းတော်များအား ဖခင် ဖြစ်သူကို ကိုရင် ကျောင်းသားများ ပြုစုသကဲ့သို့ ပြုစုခြင်းကို

လည်းကောင်း၊ မိခင်ဖြစ်သူကို မိမိလက်ဖြင့် ကိုယ်ကို သုံးသပ်ကိုင်တွယ်ခြင်းမှတပါး အခြားသော ဝတ်ကြီး, ဝတ်ငယ်ဖြင့် ပြုစုခြင်းကို လည်းကောင်း ခွင့်ပြုတော်မူသည်။ ဆွမ်းခံ၍ရသော ခဲဖွယ်ဘောဇဉ် အမျိုးမျိုးကိုလည်း မိမိမစားခင် စားဦးစားဖျားများ ပေးကောင်းသည်ဟု မိန့်ကြားတော်မူသည်။

(ဆောင်) ယုဂန်တောင်ညို၊ မြင်းမိုရ်မကာ၊ ဂုဏ်ကြီးလှသား၊
မိဘမည်သာ၊ မာတာပိတု၊ ကျေးနှစ်ခုကို၊ ဥပဋ္ဌာန၊
တုပ်ကွမြတ်လေး၊ စားဦးပေး၍၊ ကျွေးမွေး
နိုင်စေ ။

## မိဘကျွေးမွေးပြုစုသူ ယခုဘဝ ချီးမွမ်းခံရ
## နောက်ဘဝ နတ်ပြည်၌ ဖြစ်ရ

ဘုရားမြတ်စွာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အမိအဘနှစ်ပါးကို ထာဝရ လုပ်ကျွေးပြုစု စောင့်ရှောက်သော ပုဏ္ဏားက ဘုရားရှင်အား "ဂေါတမ နွယ်ဖွား ရှင်တော်မြတ်ဘုရား။ တပည့်တော်သည် တရားသဖြင့် စီးပွားဥစ္စာ ရှာဖွေပါ၏။ တရားနှင့်အညီ စီးပွားဥစ္စာရှာဖွေပြီး မိဘနှစ်ပါးတို့ကို ရိုသေမြတ်လေး ပြုလုပ်ကျွေးပါ၏။ မြတ်စွာ

---

၁။ မုံရွေးဆရာတော်၏ မင်္ဂလသုတ်ပျို့ ။

ဘုရား၊ ဤကဲ့သို့ တရားသဖြင့် စီးပွားရှာပြီး အမိအဘကို လုပ်ကျွေးပြုစုသူဟာ ပြုလုပ်သင့်တဲ့ အမှုကိစ္စကို ပြုလုပ်သည် မည်ပါသလား ဘုရား”ဟု လျှောက်ထားရာ၊ ဘုရားရှင်က “သိလိုရေးဖြင့် မေးမြန်းလျှောက်ကြား အိုပုဏ္ဏား၊ ဤကဲ့သို့ တရားသဖြင့် စီးပွားဥစ္စာ ရှာဖွေပြီး မိဘနှစ်ပါးကို ပြုစု လုပ်ကျွေးတဲ့ သင်ပုဏ္ဏားဟာ လောက၌ပြုလုပ်သင့်တဲ့ကောင်းမှု ကုသိုလ် ကောန်မုချ ပြုလုပ်သူ မည်ပေ၏။

“မေးမြန်းလျှောက်ကြားအိုပုဏ္ဏား၊တရားသောနည်းလမ်း ဖြင့် စီးပွားရှာပြီး အမိအဘနှစ်ပါးကို ပြုစုလုပ်ကျွေးသော ပုဂ္ဂိုလ်မှာ ကုသိုလ်ကောင်းမှုတွေ အများကြီးတိုးပေတယ်” ဟု မိန့်ကြားတော်မူပြီး ဆက်လက်၍—

ယောမာတရံ ဝါ ပိတရံ ဝါ၊ မစ္စော ဓမ္မေန ပေါသတိ။
တာယာနံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။ ။

ဟု မိန့်ကြားတော်မူသည်။

ဗြာဟ္မဏ၊ အိုပုဏ္ဏား။ ယောမစ္စော၊ အမှတ်မထင် အကြင် သူသည်။ မာတရံ ဝါ၊ မွေးသမိခင် ကျေးဇူးရှင်ကို သော် လည်းကောင်း။ ပိတရံ ဝါ၊ မွေးသဖခင် ကျေးဇူးရှင်ကို သော် လည်းကောင်း။ ဓမ္မေန၊ တရားသဖြင့်။ ဝါ၊ တရားနှင့်အညီ။ ပေါသတိ၊ သုတ်သင်ကျွေးမွေး၏။ နံမစ္စံ၊ ထိုအမိအဘနှစ်ပါးကို ပြုစုလုပ်ကျွေးသောသူကို။ မာတာပိတူသု၊ အမိအဘတို့၌။

တာယပါရိစရိယာယ၊ ထိုရိုးသေမြတ်လေး ပြုစုလုပ်ကျွေးခြင်း ဖြင့်။ ဝါ၊ ထိုရိုးသေမြတ်လေး ပြုစုလုပ်ကျွေးခြင်းကြောင့်။ ပဏ္ဍိတာ၊ ကြောင်းကျိုးမြင်သိ ပညာရှိ ပုဂ္ဂိုလ်တို့သည်။ ပသံသန္တိ၊ တော်ပါပေစွ ကောင်းပေစွဟု ချီးမွမ်းကြကုန်၏။ သော၊ ထိုရိုးသေမြတ်လေး အမိအဘကို လုပ်ကျွေးသော သူသည်။ ပစ္စ၊ တမလွန်လောက နောက်ဘဝသို့ ရောက်၍။ သဂ္ဂေ၊ ထက်ရပ်ဌာနီဘုံနတ်ပြည်၌။ မောဒတိ၊ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ရ၏ ။

## မိခင်မေတ္တာ ကြီးလှစွ ၁

မွေးသမိခင် ကျေးဇူးရှင်၏ မေတ္တာစေတ် ကြီးမားပုံကို ပဒကုသလဇာတ် စကားဖြင့်လည်း သိနိုင်လေသည်။

လွန်လေပြီးသော အတိတ်ကာလက ဗာရာဏသီပြည်ကြီးကို အစိုးရသော ဗြဟ္မဒတ်မင်းကြီးသည် မိဖုရားကြီးအား ဖောက် ပြားလွန်ကျူးမိသောအပြစ်ရှိကြောင်း သိတော်မူ၍ မေးတော် မူသောအခါ မိဖုရားသည် ကြောက်အားနှင့် တုန်လှုပ်၍ မဟုတ် မမှန်ရာကို လုပ်ပြောဆိုပြီးလျှင် "မောင်တော်ဘုရား၊ နှမတော် မဟုတ်မမှန်သည်ကို ဖောက်ပြန်မိလျှင် အဿမုခိ ဘီလူးမ ဖြစ်ရ ပါစေသား" ဟု ကျိန်တွယ်ပြောဆိုလေသည်။ ဗြဟ္မဒတ်မင်း သည် မိဖုရား၏ မျက်နှာထား ယုံလောက်အောင် လှည့်စား၍

---

၁။ သံ၊ ၁။ ၁၇၃–၄။ (ဗြာဟ္မဏသံယုတ်၊ မာတုပေါသကသုတ်)။

သနားစရာကောင်းပုံကို မြင်သောအခါ ကရုဏာစိတ် ယိုဖိတ်ပြီးလျှင် "သူမ ပြောသည့်အတိုင်း အမှန်ပင်" ဟု စိတ်တွင် အကြွင်းမဲ့ ယုံကြည်လိုက်မိ၏။

မိဖုရားသည် စုတေမနေ သေလွန်သောအခါ သူမ ကျိန်ဆိုသည့်အတိုင်း တောင်ခြေရင်းတခု၌ အဿမုခိ ဘီလူးမ ဖြစ်၍ လိုဏ်ဂူတခု၌ နေရရှာ၏။ ထိုအဿမုခိ ဘီလူးမသည် တောအုပ်ကြီး အတွင်း အရှေ့ဘက်စွန်းမှ အနောက်ဘက်စွန်း သွားကြသော လူအများကို ဖမ်းဆီးစားသောက်၍ နေ၏။ ဝေဿဝဏ်နတ်မင်းကြီးအား သုံးနှစ်ပတ်လုံး ဆည်းကပ်ခစားသဖြင့်လည်း အလျား ယူဇနာသုံးဆယ်၊ အနံ ငါးယူဇနာရှိသော နေရာအတွင်း ရောက်ရှိလာသော လူများကို ဖမ်းယူစားသောက်ခြင်းငှာ အခွင့်ရလေသည်။

တနေ့သောအခါ ဥစ္စာပေါ ရုပ်ချော ပုဏ္ဏားလုလင်တယောက်သည် သူငယ်ချင်း အခြွေအရံအသင်းများစွာ ခြံရံလျက် တောတွင်းသို့ ပျော်ပွဲစားထွက်လာသောအခါ ဘီလူးမသည် ပုဏ္ဏားလုလင်ကိုမြင်ရလျှင် ရှင်ပျနှစ်သက် ချစ်ရမက်ဇော ကြွသဖြင့် ဂနိုင်ရိုပ်ဖျားမှ လျင်မြန်စွာ ပြေးလာသည်ရှိသော် ပုဏ္ဏားလုလင်၏ သူငယ်ချင်းတို့ကား လွတ်ရာရှောင်ရှား၍ လျင်မြန်စွာ ပြေးသွားကြကုန်၏။ ပုဏ္ဏားလုလင်မှာ ကျန်ရစ်ရှာ၍ မေတ္တာဓာတ် လွှမ်းသဖြင့် ဖမ်းရန်ရောက်ရှိလာသော ဘီလူးမ၏လက်တွင်းသို့ ရောက်ရရှာလေသည်။

အဿမုခိ ဘီလူးမ သည် အဟို ရှေးကာလ သမယက အကြောင်းရင်းကံဖြင့် ပေါင်းသင်းရန် ကံကြံဖန်ဖန် တွေ့ဆုံရ

သော ပုဏ္ဏားလုလင်ကို ချစ်ခင်နှစ်သက် ယုယုယယ အစစ အရာရာ အလိုလိုက်၍ စိတ်အိုက်ပူပင်ခြင်း အလျဉ်းပင် မရှိရ လေအောင် ပုဏ္ဏားလုလင် ခင်မင်နှစ်ခြိုက်သောအစာအာဟာရ မျိုးကိုလည်း ကြိုးကြိုးစားစား ရှာဖွေကျွေးမွေး၍ စိတ်နှလုံး အေးချမ်းစွာ ရှိအောင် ထားလေ၏။ "အိုးချင်းထား အိုးချင်း ထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ" ဆိုသလို အဖိုနှင့် အမ ကြာလာတော့ ခံနိုင်ရန်ဝေးစွ။ ဘီလူးမနှင့် ပုဏ္ဏား ညားကြ၍ မကြာမီပင် ပုဏ္ဏားလုလင်ကို အစွဲပြု၍ ဘီလူးမ၏ ဝမ်းဗိုက်၌ ငါတို့ အလောင်းအလျာသည် စွဲပိုက်သန္ဓေ တည်နေတော်မူခဲ့ လေသည်။

ဆယ်လလွန်မြောက်၍မွေးဖွားလေရာ ဘီလူးမသည် လင်နှင့် သားကို အချစ်အားသန်သန်နှင့် တောမြိုင်ယံရဂုံအတွင်းမှာ တယောက်ထီးတည်း လှည့်လည်ကာ အစားအစာ ရှာဖွေ ကျွေးမွေးပြုစုရှာလေသည်။ ဘီလူးမ အစာရှာသွားခိုက်တွင် ကျောက်ဖျာဖြင့် ပိတ်ထားခဲ့သဖြင့် ပုဏ္ဏား သားအဘတို့မှာ လိုဏ်ဂူအတွင်းမှာသာ နေကြရရှာသည်။

## လိုဏ်ဂူအပြင်ဘက် ထွက်ထိုင်နေကြ

ဘုရားအလောင်းတော် သတို့သားသည် သက်တော် ၁၅နှစ် အရွယ်တော်ခေတ် ရောက်သောအခါ မိခင်ဘီလူးမ အစာရှာ သွားခိုက်တွင် မှောင်မိုက်သော ဂူအတွင်း၌ ပျင်းရိစွာ မနေ နိုင်ပဲ မိခင်ဘီလူးမ ပိတ်ထားသည့် ကျောက်ဖျာ တံခါးကို

ဖယ်ရှားပြီးလျှင် သားအဘ နှစ်ယောက် လိုဏ်ဂူပြင်ဘက် ထိုင်နေကြကုန်၏။

မိခင်ဘီလူးမ ပြန်လာသောအခါ ဒေါသမာန် ပါပါနှင့် "ဘယ်သူ ဖွင့်ပေးသဖြင့် ဤလိုဏ်ဂူတံခါးပွင့်သနည်း" ဟု မေး လေလျှင်၊ သားဖြစ်သူက "အို-မိခင်၊ သားမောင်သည် မှောင် မိုက်ထဲမှာ မနေနိုင်၍ ဖွင့်ပြီး အပြင်ဘက်မှာ နေကြတာပါ" ဟု ပြောလေလျှင် မိခင်သည် ဘာမျှ ပြန်မပြောပဲ တုဏှိဘာဝေ ဆိတ်ဆိတ်သာ နေရှာလေသည်။

## သားအဘနှစ်ယောက် ထွက်ပြေးကြခြင်း

အသာမှုခိ ဘီလူးမ အစာရှာ သွားခိုက် တနေ့သ၌တွင် အလောင်းအလျာ သတို့သားသည် မွေးဖခင်အား "အို-ဖခင်၊ ဖခင်၏ မျက်နှာနှင့် မိခင်မျက်နှာ ကွာခြားလှချေ၏။ ဖခင်နှင့် သား မျက်နှာချင်း မကွာခြားသော်လည်း မိခင်မျက်နှာနှင့် သားမျက်နှာလဲ မတူပါ။ အကြောင်းခြင်းရာ ဘယ်သို့ပါနည်း ဖခင်" ဟု မေးရာ၊

ဖခင်က "လူကလေး၊ မေးမြန်းတော့ ဖခင် ပြောရမှာပေါ့၊ အို-လူကလေး၊ မောင့်မိခင်ဟာ လူသားစားကြူး ဘီလူးမ ဖြစ်တယ်။ ဖခင်က လူသားဖြစ်တယ်။ ယင်းသို့ အမျိုးဇာတိ မတူသဖြင့် မျက်နှာချင်း ကွဲပြားခြားနားတာပါ လူကလေး" ဟု ပြောဆိုလေရာ၊ အလောင်းအလျာ သတို့သားက "ဖခင်၊ ယခုလိုဖြစ်လျှင် ဘာ့ကြောင့် ဤတောနက်ကြီး ဂူအတွင်းမှာ

လူချင်းမတူအောင် နေရပါသနည်း ဖခင်၊ ယခုပင် လူ့ရပ်လူ့ဒေသ၊ လူ့ဌာနသို့ ထွက်ပြေး၍ လူများနှင့်အတူ အိုးအိမ်ထူထောင်ကာ လူချင်းတူအောင် နေကြပါစို့”ဟု ပြောဆိုလေရာ၊ ပုဏ္ဏားက “ချစ်သား၊ ဤစကားမျိုးမပြောနဲ့၊ မောင့်မိခင်သိလျှင် စေ့စေ့ဝါး၍ စားပစ်လိမ့်မည်”ဟုပြောဆိုပြန်ရာ၊ အလောင်းတော် သတို့သားက “အို-ဖခင်၊ မကြောက်ပါနှင့်လူတို့ရွာဆောင်ရန် အရေးမှာ သားမောင် ဝန်မလေးပါ။ ယခုပင် ပြေးကြပါစို့ရဲ့” ဤသို့ သားအဘနှစ်ယောက်တိုင်ပင်ကြပြီး နောက်နေ့ မိုးသောက် ရောက်သောအခါ ဘီလူးမအစာရှာသွားခိုက်တွင် သားဖြစ်သူသည် ဖခင်ကိုထမ်း၍ ထွက်ပြေးလေ၏။

ဘီလူးမ အစာရှာရာမှ ပြန်လာသော အခါ အမောပြေသားကလေးနှင့် အသက်ပေး၍ချစ်နေရသော လင်ယောကျ်ားကို မတွေ့ရလျှင် ဘဝင်ခိုက်ခိုက်တုန်၍ တဟုန်တည်းလိုက်လေရာ မကြာမီ တွေ့သဖြင့် ဘီလူးမက “မောင်တော်သခင် အိုချစ်လင်၊ သင့်ကို ချစ်သဖြင့် လိုလေသေး မရှိအောင် ပြုစုယုယပါလျက် အဘယ့်ကြောင့်ယခုလိုထွက်ပြေးရတာတုန်း”ဟုမေးရာ၊ ပုဏ္ဏားက “အို- ရှင်မ၊ ကျုပ်မှာ လိုသည် မရှိပါ၊ ယခု ပြေးရသည့်အလုပ်တွင် သားမောင်ကိုသာ မေးခွန်းထုတ်ပါတော့၊ ကျုပ်သဘောနဲ့ ပြေးတာ မဟုတ်ပါ”ဟု ပြောလေ၏။

အဿမုခိ ဘီလူးမသည် ဒေါသ အမျက် ချောင်းချောင်းထွက်သော်လည်း သားအပေါ် ချစ်ခင်သည့် မိဘမေတ္တာက

ဖုံးအုပ်၍ စိတ်နှလုံးကို ချုပ်တည်းနိုင်သည့် အားလျော်စွာ ဒေါသပြေပျောက်၍ နေရင်းဌာနေသို့ ပြန်ခေါ်သွားပြီးလျှင် ရှေးယခင်အတိုင်း ကောင်းမွန်စွာ ထားလေ၏။

အလောင်းတော် သတို့သားသည် စိတ်အားမလျော့သေးပဲ ကြံရင်းစွဲအကြံကို ကြံစည်ပြီးနောက်၊ ၃ ရက်၊ ၄ ရက်အကြာတွင် ယခင်နည်းအတိုင်း ဖခင်ကိုထမ်း၍ ဒလကြမ်းပြေးပြန်ရာ ရှေးနည်းအတူပင် မိခင်ဘီလူးမလိုက်လာ၍ မိပြန်သဖြင့် ပြန်နေကြရပြန်၏။

ဤသို့လျှင် သုံးကြိမ်တိုင်တိုင် ပြေးပါသော်လည်း လွတ်ရေးကိုမမြင်၊ ဤနည်း နှင့်နှင့် ဖြစ်နေလိမ့်မည်ကို ကြံစည်တွေးတောမိလေသည်။

## အလောင်းတော်၏ လိမ္မာပါးနပ်မှု

ထို့နောက် အလောင်းတော် သတို့သားသည် "ငါတို့ကား မိခင်၏ပိုင်နက်ဒေသမှ လွတ်ကင်းနိုင်မည် မဟုတ်ချေ၊ မိခင် ပိုင်နက်ဒေသမှ ကျွတ်မှသာလျှင် လွတ်ဖို့ရာမြင်ချေသည်။ သို့ဖြစ်၍ မိခင်ပိုင်နက် ဒေသကို မေးမြန်းမှသင့်ချေမည်" ဟု ကြံစည်၍ နေလေ၏။

"သားတို့ရှပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တပေါက်ကျက၊ မိဘတို့ဝမ်းငြိမ်းစေတမ်း" တနေ့တွင် မိခင်အသမုခိ ဘီလူးမသည် ခရီးထွက်ရာမှအပြန် ချစ်စိတ်တွေပိုလျှံလှသောသားကို ပေါင်ပေါ်မှာတင်ပြီး ရှင်ရှင်ပျပျ ပျူပျူ

ငှာငှာ ကြည်နူးစွာ စကားပြောဆိုနေစဉ် အလောင်းတော် သတို့သားသည် ငါလိုရင်းအချက်မေးဖို့ရန် အကွက်ကောင်း ဖြစ်သည်ဟု နှလုံးပိုက်၍ "အို-မွေးမိခင်၊ မိဘ၏ ပစ္စည်းကို အမွေခံထိုက်သူကား သားသမီးများ ဖြစ်ပါသည်။ သို့ဖြစ်၍ မိခင် ပိုင်ဆိုင်သော နယ်မြေအပိုင်းအခြားကို အမှတ်အသား နှင့် သားမောင်အား ပြသပြောကြားစေလိုပါသည်" ဟု မေးသောအခါ မိခင်ဘီလူးမသည် သားအား ပြောကြား လတ်သော် သားဖြစ်သူက အကျယ်အဝန်း အပိုင်းအခြားကို သေချာစွာ မှတ်သားထားလေ၏။

## မိခင်နှင့်သား ပင်ကိုစိတ်ထား

ဘုရားအလောင်းတော်တို့၏ ပင်ကိုစိတ်ထားသည် အလုပ် ကိစ္စတခုကို ကြံစည်မိလျှင်၊စမိလျှင် မလျှော့သော လုံ့လဝီရိယ ဖြင့် အထွတ်အထိပ်ရောက် ပြီးမြောက်အောင် ပြုလေ့ရှိလေရာ မိခင်အား မေးမြန်းပြီးနောက် သုံးရက်လောက်အကြာတွင် မိခင် တောတွင်းအစာရှာသွားခိုက် ဖခင်ကိုထမ်း၍ လျင်မြန် သော အဟုန်ဖြင့် ထွက်ပြေးလေရာ မိခင်၏ ပိုင်နက်နယ်ပယ် အပိုင်းအခြားဖြစ်သော မြစ်ကမ်းနားသို့ ရောက်သွားလေ၏။ မိခင် ဘီလူးမသည် နှေးနည်းအတူ လိုက်လာလေရာ သားသည် ဖခင်ကိုထမ်း၍ ကမ်းပါးသို့အဆင်း မြစ်တွင်းအလယ်ရောက်မှ မှီလာသည်ဖြစ်ရာ မိမိပိုင်နက်အပိုင်းအခြား မြစ်ကမ်းနား၌သာ ရပ်လျက် ရင်ပတ်စည်တီး ရှိုက်ကြီးပူပင်စွာ ငိုကြွေးပြီးသော်

"အိုချစ်သား ရှိမှရှိရလေချင်း၊ ဘယ်လိုလုပ်တာလဲ၊ ဘယ်ဆီ ဘယ်လမ်း ဘယ်ဝန်းသို့ သွားမလို့လဲ၊ မောင့်ဖခင်ကို ထမ်း၍ သည်ဘက်ကမ်းသို့ ပြန်လာခဲ့ပါ။ အို—ချစ်လှစွာသော လင် သက်ထားနှင့် သားလှရွှေသွေး လူကလေး၊ ဘယ်လိုအဖြစ်များ ကြောင့် မချစ် မသနားပဲ ပစ်ထားခဲ့ကြပါသနည်း။ ငါ့သား များ လိုလေသေးမရှိအောင် ရှာဖွေကျွေးမွေးသည် မဟုတ် ပါလော" ဟု သောကကြီးစွာ သွယ်ဖြာ ကျဆင်းသော မျက်ရည်ဖြင့် တုန်တုန်ယင်ယင် အော်ဟစ် ပြောဆိုနေစဉ် သားအဘနှစ်ယောက်တို့သည် တဘက်ကမ်းသို့ ရောက်သွားကြ ကုန်၏။

ထိုအခါ အလောင်းတော် သတို့သားက "အို-မိခင်၊ မိခင် ကား ကျွန်တော်တို့၏ ကျေးဇူးရှင်ကြီး စစ်မှန်လှပါပေသည်။ သို့ရာတွင် မိခင်ကား ဘီလူး၊ ကျွန်တော်တို့မှာ လူသားများ ဖြစ်ကြ၍ မျိုးဇာတ်ကား ခြားနားနေပါသည်။ သို့ဖြစ်ပါ၍ ဘီလူးနှင့်လူသား အတူတူနေခြင်းငှာ မသင့်တော်ပါသဖြင့် လျောက်ပတ်သော လူ့ရွာသို့ သွားရပါမည်" ဟု ပြောလေ သည်။ ထိုအခါ မိခင်ဘီလူးမက "အို-လူကလေး၊ အို-ချစ်သား ရင်ခက်လှချည်လား၊ ပင်ကိုသဘောနှင့် တကယ်တမ်းပြော နေတာပါလား၊ မိခင်သံ တကယ် မပြန်လာတော့ဘူးလား" ပြောဆိုလေရာ အလောင်းတော် သတို့သားက "အို—မိခင်၊ ကျွန်တော် ပင်ကိုသဘောနှင့် တကယ်ပြောနေတာပါ၊ မိခင် သံ မပြန်လာတော့ဘူး" ဟု ပြောဆိုပြန်လေရာ မိခင်ဘီလူးမက

“လူကလေး တကယ်မပြန်ပဲ လူ့ရပ်ထံသွားမယ်ဆိုလျှင် အသက်မွေး ဝမ်းကျောင်း ပညာတစ်ရပ်ပါမှ ဖြစ်မယ် လူကလေးရယ်။ အသက်မွေးမှု ပညာမရှိပဲ မပါပဲ လူ့ရပ်ရွာသွား အသက်မွေးလျှင် ခက်ရေးတွေ အပုံပုံကြုံလို့ အပုံကြီး ဆင်းရဲပါလိမ့်မယ်။ လူကလေး၊ မိခင်ဟာ စိန္တာမဏိ မည်သော မန္တရားကို တတ်ပါတယ်။ ထိုမန္တရား၏ အာနုဘော်ဖြင့် ၁၂ နှစ်အတွင်း ခိုးဆောင်သော ဥစ္စာပစ္စည်းကို သော်လည်းကောင်း၊ သူခိုး၏ ခြေရာကို သော်လည်းကောင်း သိနိုင်ပါသည်။ ဤစိန္တာမဏိ မန္တရားသည် လူကလေး၏ အသက်မွေးဝမ်းကျောင်း လာဘ်ကောင်းကြီး တခု ဖြစ်ပါလိမ့်မယ်။ ဤအဖိုးအနဂ္ဃ ထိုက်တန်သော မန္တရားကို ငါ့သား သင်သွားပါဦး” ဟု ဆိုလေ၏။ ထိုအခါ အလောင်းတော် သတို့သားက “ကောင်းပါပြီ မိခင်၊ ယခုပင် သင်ပါမည်” ဟု ပြောကြားလေ၏။

အဿမုခီ ဘီလူးမသည် သောကရောက် ပူရှိန်တက်နေသည့် အတွင်းမှာပင် “မိဘမေတ္တာ” ဟူသော အမြုတေ အဆေးဓာတ်ဖြင့် အပူဓာတ်ကို ပြည်ဖုံးကားချပြီးသော် ထိုကာမှာပင် စိန္တာမဏိ မန္တရားကို သင်ကြားပေးလေ၏။ ထိုအခါ သားဖြစ်သူ အလောင်းတော်သည် မိခင်အား ရှိခိုး၍ သင်ကြားပေးသော မန္တန်ကို လိုက်နာမှတ်သားလေလျှင် ထိုခဏမှာပင် ကောင်းစွာတတ်မြောက်လေသဖြင့် “အို-မိခင်၊ မိခင်၏ စိန္တာမဏိ မန္တရားအတတ်ကို သားမောင် တတ်ပါပြီ၊ မိခင်လဲ နေရင်းဌာနသို့ ပြန်ကြွတော်မူပါ” ဆို၍ ရှိခိုးကန်တော့လေသော် မိခင်ဘီလူးမကြီးက “အို-ချစ်သား၊ ရက်စက်လှချည့်လား

သားတို့မပြန်လာလျှင် မိခင်ကြီး ရွှေရင်ကွဲ သေပွဲဝင်ရလိမ့်မယ်၊ ယခု အမြန်ပြန်လာခဲ့ကြပါ၊ သားသားကိုမမြင်ရလျှင် ရင်ဝမှာ ရဘက်ပွေ၍ အသက်သေမှာ အမှန်ပါ'' ဟု ပြောပြောဆိုဆို ငိုယိုပြီး မိမိရင်ဘတ်ကိုမပြတ်မလပ် တီးလေသော် ထိုခဏမှာပင် ဘီလူးမကြီး ရင်ကွဲ၍ သေပွဲဝင်ရှာခဲ့လေသည်။

## မိခင်အလောင်း သင်္ဂြိုဟ်ခြင်း ဘုရင်ဖြစ်ခြင်း

အလောင်းတော်သည် မိခင်သေကြောင်း သိရ၍ မချိလှအောင် ဖြစ်ပြီး ဖခင်ကိုခေါ်၍ မိခင်ရှိရာကမ်းဘက်သို့ ကူးတက်လာပြီးလျှင် ရှိုက်ကြီးတငင်ငိုကြွေးလျက် မိခင်ကိုကန်တော့ကာ အလောင်းကို မီးသင်္ဂြိုဟ်လေ၏။ ထို့နောက် အလောင်းပြောကျသောအခါ ဘောတွင်းရှိ ပန်းမျိုးစုံတို့ကို ခူးဆွတ်၍ ဦးညွတ် ကန်တော့ပြီးလျှင် ငိုကြွေးလျက် ဖခင်နှင့် အတူ ဗာရာဏသီပြည်သို့သွား၍ မိခင်သင်ကြားလိုက်သော စိန္တာမဏိ မန္တရားဖြင့် အသက်မွေးနေရာ ခြေရာကို သေချာစွာ သိဘတ် သောကြောင့် ''ပဒကုသလသတို့သား'' ဟု လူနှစ်စွာထင်ရှား၍ စီးပွားရေး ကောင်းခဲ့သည့်အပြင် နောက်ဆုံးတွင် ဗာရာဏသီ ပြည်ကြီး၌ ထီးနန်းပိုင်လဘ် ဘုရင်မင်းမြတ် ဖြစ်တော်မူလေ သည်။

ဤဝတ္ထုဇာတ်လမ်းကို ထောက်၍ အမိကျေးဇူး အထူး ကြီးမားကြောင်း ထင်ရှားလှပေသည်။ ''မိဘာ မေတ္တာကား

သားသမီးတို့ အပေါ်တွင် မချော်မစောင်း စိတ်မပြောင်းခဲ့ချေ”။ မိမိကို စွန့်၍ သွားသော သားကိုပင် အသက်မွေးဝမ်းကျောင်း ပညာရပ်ကို သင်ကြား ပေးလိုက် နိုင်သေး၏။ မိဘမေတ္တာ ကြီးလှစွာ၏တကား။ အို- အမျိုးသား အမျိုးသမီးတို့၊ သို့စဉ်ကလောက် မေတ္တာဓာတ်ကြီးမားလှသော မိဘတို့ကို ရှိခိုးဦးချပါ၊ ရိုသေပါ၊ လေးစားပါ၊ ထောက်ပံ့ပါ၊ ကွယ်လွန်လျှင် ကောင်းစွာ သင်္ဂြိုဟ်ပါ၊ မိဘတို့ကို ရည်စူး၍ ကုသိုလ်ကောင်းမှုပြုပါ။

(ဆောင်) မိခင် ဖခင် ကျေးဇူးရှင်၊ ဦးတင်ဝတ်ချပါ။
မိဘနှစ်ထွေ လူမဖော၊ ရိုသေကိုင်းညွတ်ပါ။
မိဘနှစ်ဆူ ထူးမြတ်သူ၊ ကြည်ဖြူလှူဒါန်းပါ။
ကွယ်လွန်ခဲ့လျှင် ကောင်းစွာပင်၊ သင်လျှင်
သင်္ဂြိုဟ်ပါ။

မိဘရည်စူး ကောင်းမှုထူး၊ ကြည်နူးဝမ်းသာ
ပြုလေပါ။

## မိဘစကား နားထောင်ကြ

မိဘ နှစ်ပါးတို့သည် သားသမီးများ အပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများ ထာဝစဉ် မပြတ်ပွားနေသော ပုဂ္ဂိုလ်တို့ဖြစ်ရကား အမိ အဘတို့ စကားကို နားထောင်လျှင် လောကုတ်၊ လောကီ နှစ်လီအကျိုး ပွားတိုး

မည် ဖြစ်သည်။ "မိဘစကား၊ နားထောင်ကြား၊ သံပြား ကျောက်စောင်း၊ ကျိုးသော်ပျောင်း၏" ဟူသော စကားလည်း ရှိသည်။ မိဘစကားနားမထောင်လျှင်ကား ယင်းလောကုတ်, လောကီ နှစ်လီသမုတ် အကျိုးမှ ဆုတ်ယုတ်ပေမည်။

## အဘစကားကို နားထောင်သော ရာမ မင်းသား

ရှေးလွန်လေပြီးသော အခါ ကာသိတိုင်း ဗာရာဏသီမြို့ တော်၌ ဒသရထမင်းသည် ဆန္ဒာ, ဒေါသ, ဘယ, မောဟာ လွန်ဆုံးစွာသော လေးဖြာအဂတိကို လိုက်စားအလျဉ်းမရှိပဲ သမာဓိမဏ္ဍိုင်ကို ခိုင်ကြည်စွာ ထားတော်မူလျက် တရားနှင့် အညီ မင်းပြုတော်မူ၏။

ထိုဒသရထမင်းမှာ မိဖုရားပေါင်း တသောင်း ခြောက် ထောင်ပင် ရှိသော်လည်း အဂ္ဂမဟေသီ ဒေဝီထိပ်ခေါင်တင် မိဖုရားကြီးအားသာလျှင် သားတော် နှစ်ပါး၊ သမီးတော် တပါး ထွန်းကားတော်မူသည်။

၎င်းတို့ကား—

၁။ ရာမ မင်းသား၊

၂။ လက္ခဏ မင်းသား၊

၃။ သီတာဒေဝီ မင်းသမီး-

တို့ ဖြစ်ကြကုန်၏။

အခါတပါး မိဖုရားကြီး နတ်ရွာစံလေလျှင် ဒသရထ မင်းကြီးသည် မင်းသမီးတပါးကို မိဖုရားကြီး အရာထား၍ မြှောက်စားတော်မူသည်။ လွန်စွာလည်း ချစ်ခင်မြတ်နိုးတော် မူသည်။ နောက် မကြာမီပင် သားတော်တပါး မွေးဖွား တော်မူ၍ "ဘရတမင်းသား" ဟု အမည်မှည့်သည်။ မိဖုရား သည် မင်းတရားကြီး၏ ခွင့်ပြုချက်အရ သားတော် ကလေး ရှစ်နှစ်သား အရွယ်တွင် ထီးနန်း တင်ပါမည့် အကြောင်း ဆုလာဘ်တော် တောင်းလေရာ၊ မင်းတရားကြီးက အလိုမတူ မကြည်ဖြူ၍ ကြိမ်းမောင်းတော်မူမှ တုဏှိဘာဝေ ဆိတ်ငြိမ် စွာ နေရလေ၏။

ထို့နောက်တွင်လည်း မိဖုရားသည် မကြာ မကြာပင် အခါခါပူဆာသဖြင့် ဒသရထမင်းမြတ်သည် "ဤမိဖုရားကား ဤအတိုင်းသာ စိတ်စေတနာ ထားပါလျှင် ငါ့သားတော်ကြီး များအား အသက်ကိုပင် အန္တရာယ်ပြုလိမ့်မည်။ ငါ့သားတော် ကြီးများကို လွှတ်ရာ တခြား သွားစေ၍ အနေခိုင်းမှ သင့် တော်ချေမည်" ဟု ကြံစည် စဉ်းစားတော်မူလျက် သားတော် နှစ်ပါးကို ရှေ့တော်မှောက်အရောက်ခေါ်စေ၍ "သားတော် များတို့၊ အမောင်တို့သည်ကား ဤတိုင်းပြည် ဤဌာနီတွင် ကြာရှည်စွာ နေပါလျှင် အသက် အန္တရာယ် မြင်ချေသည်။ သို့ဖြစ်၍ တနယ်ရပ်ခြား တောသို့သွား၍ နေကြရမည်။ ခမည်း တော်လည်း ပုဏ္ဏားများ ဟောကိန်းအရ အသက် ၁၂ နှစ် သာ နေရချေတော့မည်။ ထိုအခါကျမှ ခမည်းတော်၏ အမွေ

အနှစ်ဖြစ်သော ရွှေထီး ရွှေနန်း ရွှေကြငှန်းကို သိမ်းမြန်း အုပ်ချုပ်ကြလေ"ဟု မိန့်တော်မူသောအခါ သားတော်နှစ်ပါး တို့သည် "ကောင်းပါပြီဘုရား"ဟု လျှောက်ထားဝန်ခံကြကာ ရိုးသေစွာ ရှိခိုးခဲ့ကြပြီးလျှင် မရှင်သောမျက်နှာ ငိုယိုကာဖြင့် နန်းတော်မှ ဆင်းလာခဲ့ကြကုန်၏။

သီဘာဒေဝီမင်းသမီးလည်း ထိုအကြောင်းကို ပိုင်ပိုင်မိမိ ကောင်းကောင်းသိ၍ ခမည်းတော် မင်းတရားထံ ခွင့်ပန်ပြီး လျှင် အစ်ကိုကြီးများနှင့်အတူ လိုက်ပါတော်မူ၏။ မောင်နှမ သုံးဖော်တို့သည် ဟိမဝန္တာသို့ ရောက်သောအခါ ရာမ မင်း သားကို အစ်ကိုကြီး အဘအရာထားလျက် ကျောင်းသခ်မ်း၌ သာ နေစေပြီးလျှင် ညီတော် လက္ခဏမင်းသားနှင့် နှမတော် သီတာဒေဝီ မင်းသမီးတို့က သစ်သီး ကြီးငယ် အသွယ်သွယ် ဖွေရှာ၍ ကောင်းစွာ လုပ်ကျွေးပြုစုနေကြသည်။

ခမည်းတော်ဒသရထမင်းကြီးသည် သားတော်၊ သမီးတော် များအတွက် ရဘက်သောက ပူရှိန်ကြွတော်မူလှသဖြင့် ပုဏ္ဏား တော်များ ဟောကိန်းအရ ၁၂ နှစ်ပင် မကြာတော့ပဲ ၉ နှစ် မြောက်သော အခါတွင် နတ်ရွာစံ ကံတော် ကုန်လေသည်။ ထိုအခါ မိဖုရားသည် မိမိသားတော် ဘရတ မင်းသားကို ထီးနန်းတင်မည်ဟု စီစဉ်လေလျှင် အမတ်ကြီးများက ကန့် ကွက်ကြရုံမျှမက ညီတော် အခုထွေး ဘရတ မင်းသားကလေး ကလည်း နောင်တော်ဘုရား ရာမ မင်းသားကို ဟိမဝန္တာမှပြန်

ပင့်ကာ ရာဇာဘိသေကသွန်းလောင်းမည်ဆိုလျက် မင်းမြှောက်တန်ဆာ ငါးပါးကိုယူ၍ စစ်အင်္ဂါလေးပါးနှင့်တကွ တောသို့ကြွသွားတော်မူ၏။

ဘရတမင်းသား တောတွင်း ကျောင်းသခ်မ်းသို့ရောက်ခိုက် လက္ခဏမင်းသားနှင့် သီတာဒေဝီ မင်းသမီးတို့ကား တောသို့သွားကြ၍ သစ်သီးဝလံ ရှာနေကြဆဲဖြစ်၏။ ဘရတမင်းသားသည် အခြံအရံ မှူးကြီးမတ်ကြီးများနှင့်တကွ ရာမမင်းသားထံ အခစားဝင်၍ ခမည်းတော်ကြီး လူ့ဘုံငြိး၍ နတ်ထီး ခိုလှုံကြောင်းနှင့်တကွ ရွှေထီး ရွှေနန်း သိမ်းမြန်းလက်ခံတော်မူရန် အကြောင်းကိုပါ ငိုယိုကာ လျှောက်တင်လေ၏။

အလောင်းတော် ရာမ မင်းသားသည် ခမည်းတော်ဘုရား ကွယ်လွန်သွားကြောင်းကို ကြားသိရသော်လည်း ဣန္ဒြေမကွက် မပျက်သော မျက်နှာဖြင့်နေစဉ် ညီတော်လက္ခဏနှင့် နှမသီတာ ဒေဝီတို့ ရောက်ရှိလာကြ၏။ ထိုအခါ ရာမ မင်းသားသည် ညီတော် နှမတော်များကား ခမည်းတော်၏ အကြောင်းကို ကြားကြလျှင် ရွှေရင်ကွဲ၍ သေပွဲဝင်ရန် အကြောင်းရှိကြလေသည်။ ဥပါယ်တံမျဉ်ဖြင့် ကြံစည်မှ သင့်ဘော်မည်ဟု စဉ်းစားလျက် "ညီငယ်၊ နှမ့တို့၊ သင်တို့သည် အချိန်ကြာကြီးကြာမှ ပြန်လာကြ၏။ သို့အတွက် ဒဏ်ပေးရမည်၊ ဤ ရေ ကန် အတွင်းသို့ ဆင်းကြလော" ဟု ဆိုကာ ရှေ့ အနီး အနားတွင် ရှိသော ရေကန်ကို ပြလေ၏။ မောင်နှမ နှစ်ယောက်တို့သည်

လည်း အစ်ကိုကြီး၏ တခွန်းတည်းသော စကားဖြင့် ရေကန်တွင်းသို့ သက်ဆင်းကြကုန်၏။

ထိုအခါ နောင်တော်ကြီး ရာမမင်းသားက "အို-ညီတော်နှမတော်တို့၊ ငါတို့၏ ကျေးဇူးရှင် ခမည်းတော်ကြီး လူ့ပြည်ပြီး၍ နတ်ထီးခိုလှုံတော်မူပြီ" ဟု မိန့်ကြားတော် မူလေလျှင် မောင်နှမ နှစ်ယောက်တို့သည် မိန့်မော တွေဝေ သွားကြရှာလေကုန်၏။

ထိုအခါ အမတ်တို့သည် ရေမှထုတ်ဆယ်ကြရကုန်၏။ ဤသို့ဖြစ်သည်မှာ သုံးကြိမ် သုံးခါတိုင်တိုင် ဖြစ်၏။ ဘရတမင်းသားကလေးသည် နောင်တော်ကြီး မစိုးရိမ် မပူဆွေးသလောက်နောင်တော်လတ်နှင့် အစ်မတော်ဘုရားများ သောကမီးတောက်ပုံကို အလုံးစုံတွေ့မြင်ရ၍ နောင်တော်ကြီးအား ထိုအကြောင်းကို လျှောက်ထားလေလျှင် ရာမမင်းသားသည်သင်္ခါရတရားတို့၏ မမြဲအင်ကို လင်းလင်းထင်ထင် မြင်အောင်ဟောကြားသဖြင့် ပရိသတ် ဗိုလ်ထုနှင့်တကွ ညီတော်၊ နှမတော်များပါ သက်သာရာရကြလေသည်။ ၎င်းနောက် ထီးရေးနန်းရေးနှင့် စပ်၍ ဘရတမင်းသားနှင့် ရာမ မင်းသားတို့ ဆွေးနွေးကြသည်။

ဘရတမင်းသား။ ။နောင်တော်ကြီး ဘုရား၊ ညီတော်သံတော်ဦး တင်အပ်သော ရွှေထီး ရွှေနန်း၊ ရွှေကြငှန်းကိုသိမ်းမြန်းတော်မူရန် ဝန်ခံတော်မူစေလိုကြောင်းပါ ဘုရား။

ရာမ မင်းသား။ ။အို-ညီငယ်အလှ ဘရတ၊ ညီတော် လဘ် လက္ခဏမင်းသားကို ဖြစ်စေ၊ နှမတော် သီတာဒေဝီကို ဖြစ်စေ ပြည့်ဘော်သို့ ပင့်ဆောင်၍ သင့်တင့်အောင် နေကြ ပေတော့။

ဘရတမင်းသား။ ။နောင်တော်ကြီးဘုရား၊ခမည်းတော် ဘုရား၏ အရိုက်အရာမှာ နောင်တော်ကြီးနှင့်သာ ထိုက်တန် ကြောင်းပါ ဘုရား။

ရာမ မင်းသား။ ။မှန်ပေ၏ ညီတော်၊ ခမည်းတော် ဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် တဆယ့်နှစ်နှစ်ကြာမှသာ ဗာရာဏသီပြည်ကြီး၏ ထီးနန်းစည်းစိမ်ကို ခံယူ၍ မင်းပြုရန် အမိန့်တော်မြတ် သတ်မှတ်တော်မူခဲ့ပေသည်။ ခမည်းတော် ဘုရား၏ မိန့်တော်သံ သုံးနှစ်ပင် ကျန်သေးသည် ညီတော်။

ဘရတမင်းသား။ ။ယခုအခါ ခမည်းတော်ဘုရားလဲ နောင်တော်ကြီးအတွက် ချန်၍ နတ်ရွာစံပါပြီဘုရား။

ရာမ မင်းသား။ ။ခမည်းတော် နတ်ရွာစံသွားသော်လဲ အမိန့်တော် စကားမှာ ပျက်ပြားခြင်း မရှိပဲ ပကတိအတိုင်း တည်နေပေ၏ ညီတော်။ အကယ်တမူ ယခုအခါ သွား၍ ထီးနန်းဆက်ခံ စိုးစံတော်မူက ခမည်းတော်စကားကို ပယ်ရှား ရာ ကျလိမ့်မည်။ မိဘစကားဆိုတာ ထိပ်ပေါ်မှာ သံမှိုစွဲသလို

မြဲရချေမည်။ ရှေ့တွင်, နောက်ကွယ် မငယ်မရှား တသားတည်း တည်စေရသည် ညီတော်။

ဘရတမင်းသား။ ။"နောင်ဘုရား၊ နောင်တော်ဘုရား မိန့်တော်မူပုံ အားလုံး မှန်ပါကြောင်းပါဘုရား။ ဘယ်အခါ ဘယ်သမယ ပြည်တော်သို့ ကြွတော်မူမည့်အရေး ပေးစေလို ကြောင်းပါ ဘုရား။

ရာမ မင်းသား။ ။အို-ချစ်ညီငယ်အလှ ဘရတမင်းသား၊ နောက် သုံးနှစ်ကြာလျှင် ကြွလာတော်မူမည်။

ဘရတမင်းသား။ ။ဤအတွင်း တိုင်းသား ပြည်သူတို့ ကြည်ဖြူ ကျေနပ်လောက်အောင် အဘယ်သူ့ကို မင်းမြှောက် ရပါမည်နည်း ဘုရား။

ရာမ မင်းသား။ ။အို— သည်အရေး မေးနေရသေး သလား၊ ညီတော်များပင် အုပ်ချုပ်၍ မင်းလုပ်တော်မူကြ တာပေါ့။

ညီတော်များ။ ။အို—လေးစားအပ်ပါသောနောင်တော် ကြီးဘုရား၊ ညီတော်များ အရာမဟုတ်၍ မင်းလုပ်လိုသော ဆန္ဒမရှိကြကြောင်းပါ ဘုရား။

ရာမ မင်းသား။ ။အို-ညီတော်တို့၊ ယင်းသို့ ဖြစ်ပါမူ နောင်တော်၏ မြက်ခြေနင်းများကို ယူ၍ သွားကြစေ။ ဤမြက်ခြေနင်းတို့ကပင် မင်းပြုကြပေလိမ့်မည်။

ညီတော်များ။ ။ကောင်းလှပါပြီဘုရား။

ထိုအခါ နောင်တော်ကြီးရာမမင်းသားသည် စီးထားသော မြက်ခြေနင်းကို ချွတ်ပေးတော်မူလိုက်၏။ ညီတော်၊ နှမတော်တို့ကလည်း အလေးတမူ ကောက်ယူကြ၍ နောင်တော်ကြီးအား ရိုသေစွာ ရှိခိုးဦးချကြပြီးလျှင် အခြံအရံများနှင့်တကွ ပြည်တော်သို့ ပြန်သွားကြကုန်၏။

ပြည်တော်သို့ ရောက်လေလျှင် နောင်တော်၏ မြက်ခြေနင်းကို ရာဇပလ္လင်ထက်၌တင်ထားကြပြီး မင်းတရားကြီးအမှတ်ဖြင့် လေးလေးမြတ်မြတ် တရားဆုံးဖြတ်ကြလေ၏။ ရာမမင်းသားကြီး၏ မြက်ခြေနင်းတို့သည်ကား သုံးနှစ်ပတ်လုံး မင်းပြုကြကုန်၏။

မှူးကြီး မတ်ကြီးများ တရားစီရင် ဆုံးဖြတ်ကြရာ၌ မမှန်မကန် ဆုံးဖြတ်မိလျှင် မြက်ခြေနင်းတို့သည် အချင်းချင်း တိုက်ခတ်သဖြင့် တဖျပ်ဖျပ် မြည်ကုန်၏။ ထိုအခါ တဖန်ပြန်၍ ထပ်မံ စစ်ဆေးဆုံးဖြတ်ကြရသည်။ မှန်ကန်ကျနစွာ ဆုံးဖြတ်မိသောအခါမှသာ မြက်ခြေနင်းတို့သည် ထားသည့်အတိုင်း အသံမမြည် ငြိမ်သက်စွာ တည်နေကြကုန်၏။

ရာမမင်းသားသည် ခမည်းတော်ဘုရား မိန့်ကြားတော်မူခဲ့သည့်အတိုင်း တောတွင်း၌ သုံးနှစ်နေပြီး၍ တဆယ့်နှစ်နှစ်မြောက် အချိန်ရောက်ခါမှပင် ပြည်တော်သို့ဝင်ကာ နှမတော်သီတာဒေဝီကို မိဖုရားကြီးအရာ တင်မြှောက်၍ ထီးနန်းအုပ်ချုပ်မင်းလုပ်တော်မူလေရာ နှစ်ပေါင်း တသောင်းခြောက်ထောင် (ခြောက်သောင်း) ကြာ၍ နတ်ရွာသုဂတိကို ပြည့်လျှမ်းတော်မူခဲ့လေသည်။

(ဆောင်) ဘစကားကို၊ ထောင်နားမခွ၊ နာတတ်လှ၍၊
ရာမလောင်းတော်၊ ခြောက်သောင်းကျော်အောင်၊
နန်းပေါ်စံစား၊ သက်ရှည်လျားခဲ့၏။

## မှတ်သားဖွယ် အတုယူဖွယ်များ

ဤဒသရထ ဇာတ်လမ်း၌ သူတော်ကောင်းတို့ မိဘစကားကို မြေဝယ်မကျ နားထောင်သည်မှာ မှတ်သားဖွယ်ကောင်းလှ၏။ အသင်စာရှုသူသည်း အလောင်းတော် ရာမကို အတုယူ၍ မိဘနှစ်ပါး စကားကို နားထောင်ပါလေ့။

---

၁။ မဟာဒေဝလက်ာသစ်။ ၁၇၄။ ပိုဒ်၊ ဇာ၊ ၁။ ၂၇၇။
ဒသရထဇာတ်၌ နှစ်ပေါင်း တသောင်း ခြောက်ထောင်ဟု ဆို၏။

ရှင်းပြင် ဘတ္တူ-မိကွဲ ဖြစ်သော ညီတော်ကလေး ဘရတ-မင်းသား၏နောင်တော်ကြီးအား ခန့်ညားလေးစားပုံ၊ညီတော်-နှမတော်များ၏ ရှိသေညွတ်ကိုင်း၍ မိဘကိုထား အနေထားကာ-လေးစားကြပုံတို့မှာ ခုခေတ်ပေါက်ဖွား ညီအစ်ကို မောင်နှမဖြစ်ကြသူများ မှတ်သားနည်းယူထိုက်ကြပေသည်။

(ဆောင်) မိဘစကား လွန်လေးစား၊ ထောင်နှားစိုက်လေပါ။
နောင်တော်ကြီးအား ရိုညွတ်တွား၊ လေးစားကြည်လင်ပါ။
မွေးချင်းချင်းလျှင် ထာဝစဉ်၊ ချစ်ခင်ညီညွတ်ပါ။

မိဘစကား နားမထောင်သော

# မိတ္တဝိန္ဒက

လွန်ခဲ့သော ကဿပဘုရားရှင်လက်ထက်က ကုဋေရှစ်ဆယ် စည်းစိမ်ကြွယ်ဝသော သဌေးတဦးမှာ မိတ္တဝိန္ဒက အမည်ရှိသော သားတယောက်ရှိ၏။ မိတ္တဝိန္ဒက၏ အမိ အဘတို့ကား သောတာပန်ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ မိတ္တဝိန္ဒက ကမူ သီလလည်း မရှိ, သဒ္ဓါတရားလည်း မရှိသူတည်း။ နောက်မကြာခင် ဖခင် ကွယ်လွန်သဖြင့် မိခင်မုဆိုးမသည် အိမ်ထောင်စုကိုသယ်ဆောင် ရလေသည်။ မိခင်က သား မိတ္တဝိန္ဒကကို ဥပုသ်စောင့်ရန်, ဒါနပြုရန် တိုက်တွန်းသည်။ သို့သော် မိတ္တဝိန္ဒကစိတ်မဝင်စား။ "အမေ၊ ကျုပ်ကိုနဲ့ကျုပ် နေပါစေ၊ ဥပုသ်မစောင့်ချင်ဘူး၊ အလှူမပေးလိုပါ" ခါးခါးသီးသီး ငြင်းဆိုသည်။ ဥပုသ်နေ့ လပြည့်နေ့ အခါကြီး ရက်ကြီး ကြုံသဖြင့် "လူကလေး၊ ယနေ့ ဥပုသ်နေ့ ဖြစ်တယ်၊ ကျောင်းသွား ဥပုသ်စောင့်ပါ၊ မေမေ ငွေတထောင် ပေးမယ်" ဟု ဆို၏။ မိတ္တဝိန္ဒကသည် "ကောင်းပြီ အမေ" ဟု ဆို၍ ဥပုသ်သီလ ဆောက်တည်ပြီး ကျောင်းသွား

တနေ့ကုန် အိပ်ပြီးပြန်လာသည်။ ကျောင်းက ပြန်ရောက်တော့ "အမေ၊ ပေးမယ်ဆိုတဲ့ ငွေတထောင် အခုပေး" ဟု တောင်းသဖြင့် မိခင်သည် ချက်ချင်းပင် ငွေတထောင် ထုတ်ပေးလေသည်။ မိတ္တဝိန္ဒကသည် ယင်းငွေတထောင်ကို အရင်းပြု၍ ကုန်ရောင်းကုန်ဝယ် ပြုလုပ်ရာ မကြာခင် ငွေ သိန်း ၂၀ ဖြစ်လာလေသည်။

ထိုအခါ မိတ္တဝိန္ဒကသည် လှေကြီးတစင်းဝယ်ပြီး ကုန်ရောင်းကုန်ဝယ် ပင်လယ်ခရီး သွားမည်ပြုရာ မိခင်က အကြိမ်ကြိမ် တားရာ၊ တားမရ ပြောဆိုမရ၊ နောက်ဆုံးတွင် မိခင်ကိုရိုက်နှက် ပုတ်ခတ်တွန်းလှဲပစ်ပြီး ပင်လယ်ခရီးသွားလေရာ ဥစ္စာလည်းဆုံး လှေလည်းပြုန်း၍ နောက်ဆုံးတွင် ငရဲခံနေရသော ငရဲသား၏ ဦးခေါင်းရှိ သင်ဓုန်းစက်ကို ပဒုမ္မာရွှေပန်းအသွင် ထင်မှတ်ကာ တောင်းယူခံလစ် ငရဲ၌ စုံးစုံးနှစ်လေတော့သည်[၁]။

(ဆောင်) မိတ္တဝိန္ဒက၊ လှူဗာလပင်၊ မေးမိခင်ကို၊ နာကျင်စေမှု၊ ထောင်းထုခြေလက်၊ ရိုက်နှက်ကျောက်ကန်၊ နှုတ်လှန်ဆိုဆဲ၊ ကံမိုက်မဲကြောင့်၊ ငရဲမီးလျက်၊ သင်ဓုန်းစက်ကို၊ ထိပ်ထက်ပန်ဆင်၊ ရွှေပန်းသွင်သို့၊ ယိုစင်စိတ်မှာ၊ ထင်ရစွာ၏၊ ကြမ္မာလည်းမိုက်၊

၁။ အကျယ် ဇာ၊ ဋ္ဌ၊ ၄။ ၁-၆၊ ကြည့်။

ညာဏ်လည်းမိုက်၍၊ လူမိုက်ယောကျ်ား၊ ကံညာဏ်
မှားတို့၊ အလားဆိုးညစ်၊ ဘဝနှစ်သည်၊ အောဲဟစ်
ကျူကျူ ကျာကျာတည်း[၁]။

ဤမိတ္တဝိန္ဒကဝတ္ထု၌ သားသည် မိခင်စကားကိုနားမထောင်ရုံသာမက မိခင်အား ရိုက်နှက်ပုတ်ခတ်သဖြင့် လက်ငင်း ဒိဋ္ဌအကျိုးမဲ့ ပျက်စီးရပုံ ဖြစ်၏။

---

၁။ မဃဒေဝလင်္ကာသစ်၊ ၂၄၃--အပိုဒ်။

# မိဘလုပ်ကျွေးသူ နတ်များကယ်

အလောင်းတော် မဟာဇနက မင်းသား ပင်လယ်တွင်း သင်္ဘောပျက်စဉ်က မိဘတို့ကို လုပ်ကျွေးခဲ့သော ဂုဏ်ကျေးဇူး ကြောင့် လောကပါလ နတ်မင်းကြီး လေးပါးတို့သည် မဏိ မေခလာနတ်သမီးကို ကယ်တင်စေတော်မူခဲ့လေသည်။

မိဘကို မရိုမသေ မလုပ်ကျွေးသောသူတို့ကား—

"ဘုန်းကြီးလို့ သက်မရှည်၊ သက်ရှည်လို့ ဘုန်းမကြီး" ဟု ရှေးသူဟောင်းတို့ ဆိုခဲ့ကြသည်။ ခုကာလ တချို့တချို့သားသမီး များ မိဘကိုပြန်ဟောက်တတ်ကြသည်။ မိဘနှင့် တစုံတရာ လေ မခွေ့လျှင် "ခင်ဗျားတို့ ဘာနားလည်လို့လဲ၊ ရှင်တို့ဘာနားလည် လို့လဲ။ ခင်ဗျားကြီး လုပ်လိုက် သည်လိုပဲ။ အမေကြီး လုပ်မှဖြင့် သည်လိုပဲ။ အဖေကြီး လုပ်မှဖြင့် သည်လိုပဲ။ ခင်ဗျားတို့ ခေတ်မမှီဘူး" စသည်ဖြင့် တချို့သားသမီးများ ပြန်ဟောက် တတ်သည်။ မဟောက်ကြရန် သတိပြုရာ၏။ ငယ်ငယ်ကသား- ကြီးတော့ ကျား ဖြစ်တတ်သည်။ ကျား မဖြစ်အောင် သတိပြု

ပါလေ။ သမီးများကလဲ ငယ်ငယ်ကသမီး၊ ကြီးတော့ ကျားမ၊ ခြသေ့မ ဖြစ်တတ်သည်။ ကျားမ, ခြသေ့မ မဖြစ်အောင် သတိပြုရာ၏။

(ဆောင်) သားကိုချစ်ရ၊ ငယ်စဉ်မျှသာ၊ ငယ်ကမှာသား၊ ကြီးသော်ကျားတည့်၊ မမှားပုံသွေး၊ မှတ်ချင့်တွေးလော့၊ အရေးတိမ်နက်၊ သိခဲခက်၏၊ ဘထက်သားကြီး၊ မိုးထက်ငြမ်းမြင့်၊ အရှင်ထက်ကျွန်၊ မလွန်စေရာ။

## မိဘစကား နားမထောင်လျှင် အမွေမခံထိုက်

မိဘစကားကို လေးလေးစားစား နားထောင်ရာ၏။ မိဘစကား နားထောင်မှ အမွေခံထိုက်သည်။ မိဘစကား နားမထောင်ပဲ "ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေငါထိုး ပခိုးရောက်ရောက်" ဆိုသလို ထင်ရာစိုင်းသောသားသမီးများ တကယ်တော့ အမွေမခံထိုက်ဘူး။ ထို့ကြောင့်—

"မိဘစကား၊ နားမသာလျှင်၊ အမွေခွင်သို့၊ မဝင်စေရာ" ဟု ဓမ္မသတ်လင်္ကာကျမ်းများ၌ လာရှိသည်။

---

၁။ မယဒေဝလင်္ကာသစ်၊ ၂၁၇၊ ပိုဒ်။

# မိဘလုပ်ကျွေးသူ နတ်များကယ်

အလောင်းတော် မဟာဇနက မင်းသား ပင်လယ်တွင်း သင်္ဘောပျက်စဉ်က မိဘတို့ကို လုပ်ကျွေးခဲ့သော ဂုဏ်ကျေးဇူး ကြောင့် လောကပါလ နတ်မင်းကြီး လေးပါးတို့သည် မဏိ မေခလာနတ်သမီးကို ကယ်တင်စေတော်မူခဲ့လေသည်။

မိဘကို မရိုမသေ မလုပ်ကျွေးသောသူတို့ကား—

"ဘုန်းကြီးလို့ သက်မရှည်၊ သက်ရှည်လို့ ဘုန်းမကြီး" ဟု ရှေးသူဟောင်းတို့ ဆိုခဲ့ကြသည်။ ခုကာလ တချို့တချို့သားသမီး များ မိဘကိုပြန်ဟောက်တတ်ကြသည်။ မိဘနှင့် တစုံတရာ လေ မချွေ့လျှင် "ခင်ဗျားတို့ ဘာနားလည်လို့လဲ၊ ရှင်တို့ဘာနားလည် လို့လဲ။ ခင်ဗျားကြီး လုပ်လိုက် သည်လိုပဲ။ အမေကြီး လုပ်မှုဖြင့် သည်လိုပဲ။ အဖေကြီး လုပ်မှုဖြင့် သည်လိုပဲ။ ခင်ဗျားတို့ ခေတ်မမှီဘူး" စသည်ဖြင့် တချို့သားသမီးများ ပြန်ဟောက် တတ်သည်။ မဟောက်ကြရန် သတိပြုရာ၏။ ငယ်ငယ်ကသား- ကြီးတော့ ကျား ဖြစ်တတ်သည်။ ကျား မဖြစ်အောင် သတိပြု

ပါလေ၊ သမီးများကလဲ ငယ်ငယ်ကသမီး၊ ကြီးတော့ ကျားမ၊ ခြသေ့မ ဖြစ်တတ်သည်။ ကျားမ, ခြသေ့မ မဖြစ်အောင် သတိပြုရာ၏။

(ဆောင်) သားကိုချစ်ရ၊ ငယ်စဉ်မျှသာ၊ ငယ်ကမှာသား၊ ကြီးသော်ကျားဘည့်၊ မမှားပုံသေး၊ မှတ်ချင့်တွေး လော့၊ အရေးတိမ်နက်၊ သိခဲခက်၏၊ ဘထက် သားကြီး၊ မိုးထက်ငြမ်းမြင့်၊ အရှင်ယက်ကျွန်၊ မလွန်စေရ ။

## မိဘစကား နားမထောင်လျှင် အမွေမခံထိုက်

မိဘစကားကို လေးလေးစားစား နားထောင်ရာ၏။ မိဘစကား နားထောင်မှ အမွေခံထိုက်သည်။ မိဘစကား နားမထောင်ပဲ "ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေ ငါထိုး ပခိုးရောက်ရောက်" ဆိုသလို ထင်ရာစိုင်းသောသားသမီး များ တကယ်တော့ အမွေမခံထိုက်ဘူး။ ထို့ကြောင့်—

"မိဘစကား၊ နားမသာလျှင်၊ အမွေခွင်သို့၊ မဝင်စေရာ" ဟု ဓမ္မသတ်လင်္ကာကျမ်းများ၌ လာရှိသည်။

---

၁။ မသဓမ္မလင်္ကာသစ်၊ ၂၁၈၊ ပိုဒ်။

## မိဘမလုပ်ကျွေးက ပျက်စီးကြောင်း

စွမ်းနိုင်ပါလျက်၊ လုပ်ကျွေးငွေမ်းနိုင်လောက်အောင် ဥစ္စာ-ပစ္စည်းရှိပါလျက် အမိအဘတို့ကို မလုပ်ကျွေးလျှင် ပျက်စီး-ခြင်း၏ အကြောင်းဖြစ်ကြောင်း—

ယော မာတရံ ပိတရံ ဝါ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။

ပဟုသန္တော န ဘရတိ၊ တံ ပရာဘဝတော မုခံ[၁]။

ဟု သဗ္ဗညုဘုရား ဟောတော်မူသည်။

ဂါထာနက်။ ။ယော၊ အကြင်သူသည်။ ဇိဏ္ဏကံ၊ သက်ကြီး ယိုယွင်း အိုမင်းနေသော။ ဂတယောဗ္ဗနံ၊ အရွယ်လွန်၍နေသော။ မာတရံ ဝါ၊ အမိကိုသော်လည်းကောင်း၊ ပိတရံ ဝါ၊ အဘကိုသော်လည်းကောင်း။ ပဟုသန္တော၊ လုပ်ကျွေး နိုင်လောက်အောင် ပစ္စည်း ဥစ္စာ ကြွယ်ဝပါလျက်။ န ဘရတိ၊ မလုပ်ကျွေး။ တဿ၊ ထိုသူ၏။ တံ၊ ထိုအမိအဘ သက်ကြီး ရွယ်အိုတို့ကို မလုပ်ကျွေးခြင်းသည်။ ပရာဘဝတော-မုခံ၊ ပျက်စီးကြောင်းပေတည်း။

---

၁။ သုတ္တနိပါတ်၊ သုတ္တနိ။ ၁၉၅။

# ပညာရင့်ဖြိုး ဥစ္စာတိုးနိုင်

မိဘနှစ်ပါးကို ချိချိသာသာ ရှိသေမြတ်လေး လုပ်ကျွေးပြုစုပါက ပညာရင့်ဖြိုး စည်းပွားဥစ္စာ တိုးတက်ကြီးပွား ချမ်းသာကြောင်း စင်စစ် ကေန်ဖြစ်ပေ၏။

(ဆောင်) ဆရာမိဘ၊ ကောင်းလှစေချင်၊ ပွဲပြင်သင်သည်၊
ဝမ်းတွင်ပိုက်သို၊ ပျားသို့ချိုမူ၊ ထိုသူသည်သာ၊
ပညာရင့်ဖြိုး၊ တိုးတက်စီးပွား၊ အကျိုးများလိမ့်၊
မှတ်သားစိမ့်ငှာ၊ ဆုံးမမှာသည်၊ ကမ္ဘာပေါ်ထွန်း၊
ယုဂန်စွန်းဝယ်၊နေဝန်းလနှယ် ထွန်းတောက်သည်၁။

---

၁။ တောင်ဖီလာဆရာတော် ဩဝါဒ ရတုပိုဒ်စုံ။ ၁–ပိုဒ်။

## မိခင် လုပ်ကျွေးသော ဂုဏ်ကြောင့် ဘီလူးစား မခံရသော သူတန

ရှေးလွန်လေပြီးသော အတိတ်ကာလ ခါသမယက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုခဲ့လေသည်။ ထိုအခါ ငါတို့ဘုရားအလောင်းတော်သည် သူဆင်းရဲမျိုး၌ ဖြစ်တော်မူရရှာသည်။ အရွယ်ရောက်သော် မိဘနှစ်ပါးကို လေးစားရိုသေစွာ လုပ်ကျွေးပြုစုနေစဉ် ဖခင်ကွယ်လွန်သဖြင့် မိခင်ကို ရိုသေစွာ ပြုစု လုပ်ကျွေး၍နေ၏။

တနေ့သ၌ ဗြဟ္မဒတ်မင်းသည် အသင်းအပင်း, အခြွေအရံများနှင့်တကွ တောထဲဝင် သမင်လိုက်လေရာ မင်းကြီးတာမှ သမင် ထွက်ပြေး၍ အရှက်ရပြီးလျှင် တယောက်ထီးတည်း သမင်နောက်သို့လိုက်လေရာ သမင်ကို ဖမ်းမိသဖြင့် ထမ်းပိုး၍ ပြန်လာရာ၊ ပညောင်ပင်ရိပ်သာ၌ အိပ်ဆာမှ ထပြန်မည်အလုပ် မာဃအမည်ရှိသော ရက္ခစိုးနတ်ဘီလူးသည် စားကြူးလိုသော အာသာဖြင့် "အို- နိုင်ငံသနင်း ပြည့်ရှင်မင်း၊ ငါ့ရဲ့ ခံတွင်းသင် ဆင်းမိချေပြီ။ ရပ်တည်၍ နေပေတော့၊ မသွားနဲ့တော့" ဟု လက်ကို ဖမ်းဆွဲထားလိုက်လေ၏။

ထိုအခါ ပြဟ္မဒတ်မင်းက "အို-ဘီလူး၊ သင် နေ့တိုင်း စားလိုလျှင် ကျုပ်ကိုလွှတ်လိုက်ပါ၊ နေ့စဉ် ထမင်းထုပ်နှင့် လူတယောက်ကို နေ့စဉ် စားရပါလိမ့်မည်" ယုံကြည်လောက်အောင် ပြောကြား၍ တိုင်းပြည်သို့ ပြန်လာလေ၏။ တိုင်းပြည်ရောက်သောအခါ အမတ်ကြီးများနှင့် တိုင်ပင်၍ အကျဉ်းသမား ထောင်သားတွေကို ထမင်းပွဲနှင့်တကွ နေ့စဉ်တယောက်ကျ စေလွှတ်တော်မူ၏။ နေ့ရက် ကြာလေသော် ဘီလူးထံ ထမင်းပို့သူမရှိသောကြောင့် အသပြာထောင်ထုပ်ကို ဆင်ပေါ်တင်၍ "မာဃဘီလူးထံ ထမင်းထုပ်ပို့ဝံ့သူရှိပါက ဤအသပြာထောင်ထုပ်ကို ဆုချတော်မူမည်" ဟု စည်လည်မောင်းကျော်၍ ဟစ်အော်စေ၏။

ထိုအခါ မိမာတာကို လုပ်ကျွေး၍ ငွေကြေးရှားပါးသော ဆင်းရဲသား သုဘန္ဒသည် လူထုကြီးအော်သံကြားလေရာ "ငါ အသက် သေသော်လည်း ဤ ငွေတထောင်ဖြင့် မိခင်ကြီး ဝဝလင်လင် စားရပေလိမ့်မည်" စသည်ဖြင့် ကြံစည်တော်မူပြီး ငွေတထောင်ကိုယူ၍ မိခင်အား လေးစားကော်ရော် ပူဇော်ကန်တော့ခဲ့ပြီးလျှင် ဘုရင့် အမိန့်တော် အတိုင်း ထမင်းထုပ်ထမ်း၍ တောလမ်းခရီးဖြင့် မာဃ ဘီလူးထံ သွားလေ၏။

အလောင်းတော် သုတန္ဒသည် မာဃဘီလူးနှင့် တွေ့သောအခါ စကားပြောကြရာတွင် မိခင်အိုကြီးကို ရှိသေမြတ်လေး လုပ်ကျွေးသော ကျေးဇူးဂုဏ်ကြောင့် မာန်ဟုန်ပြင်းလှသော ဘီလူးကို အနိုင်ရသဖြင့် ဘီလူးစားမခံရပဲ ချမ်းသာစွာ ပြန်

လာရသည့်အပြင် အလွန်လျှင် ကြမ်းတမ်းခက်ထန် အမျက် မာန် ကြီးလှသော ဘီလူးသည်ပင် နူးညံ့ပျော့ပျောင်း စိတ် ကောင်းဝင်ကာ အလောင်းတော်၏ တရားဒေသနာအရသာကို ကောင်းစွာ ခံစားရလေသည်။ ဖြဟ္မဒတ်မင်းနှင့်တကွ တိုင်းသူ ပြည်သား တို့သည်လည်း ကိုယ်စိတ် နှစ်ဖြာ သက်ဆုံးတိုင် ချမ်းသာကြကုန်၏[၁]။

(ဆောင်) သုတနုခေါ်၊ တို့လောင်းတော်ကား၊ ကော်ရော် လေးစား၊ မိအားပြုစု၊ မြတ်ကောင်းမှုကြောင့်၊ တုမဲ့ကြမ်းလှ၊ ယက္ခစွယ်ပြုး၊ ဘီလူးကောင်အား၊ ထူးခြားစွာလှ၊ အောင်ပွဲရသည်၊ နိစ္စမိဘာပြုစုတည်း။

မိဘာလုပ်ကျွေး သိကြားမင်းဖြစ်

သိကြားမင်းဖြစ်ကြောင်း ကျင့်ဝတ် ခုနစ်ပါးထဲမှာ မိဘာ ကို လုပ်ကျွေးခြင်း ဆိုတာ တပါးပါသည်။ မိဘာ လုပ်ကျွေး လျှင်လည်း သိကြားမင်း ဖြစ်နိုင်သည်။ ယင်း မိဘာကိုလုပ်ကျွေး ခြင်း စတဲ့ အလုပ်ကို ပြုလုပ်တဲ့ ပုဂ္ဂိုလ်ကို တာဝတိံသာနတ် တွေက သူတော်ကောင်းလို့လည်း ချီးမွမ်းသြဘာ ထောမနာ ပြုကြသည်။

---

၁။ အကျယ်ဇာ၊ ၄၊ ၃၊ ၃၀၅–၃၁၁–ကြည့်။

မာတာပေတ္တိဘရံ ဇန္တုံ၊ ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှံ သခိလသမ္ဘာသံ၊ ပေသုဏေယျပ္ပဟာယိနံ။
မစ္ဆေရဝိနယေ ယုတ္တံ၊ သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊ အာဟု သပ္ပုရိသော ဣတိ။

မာတာပေတ္တိဘရံ၊ အမိအဘကို ရှိသေမြတ်လေး လုပ်ကျွေးတတ်သော။ ကုလေ၊ အမျိုး၌။ ဇေဋ္ဌာပစာယိနံ၊ အသက်သိက္ခာ ဂုဏ်ဝါ ကြီးသူတို့ကို အရိုအသေ ပြုလေ့ ရှိသော။ သဏှသခိလသမ္ဘာသံ၊ သိမ်မွေ့ပြေပြစ် ချစ်စရာ ကောင်းသောစကားကို ပြောဆို တတ်သော။ ပေသုဏေယျပ္ပဟာယိနံ၊ မကောင်းဆိုးဝါး ကုန်းတိုက်စကားကို မပြောမကြား ပယ်ရှားလေ့ရှိသော။ မစ္ဆေရဝိနယေယုတ္တံ၊ မပေးလှူလို ဝန်တိုမှုကို ပယ်ရှားခြင်း၌ ယှဉ်သော။ သစ္စံ၊ မှန်ကန်စကား ပြောကြားတတ်သော။ ဝါ၊ မှန်ကန်သော စကား ရှိသော။ ကောဓာဘိဘုံ၊ အမျက်ကောဓကို လွှမ်းမိုးတတ်သော။ ဝါ၊ အမျက်မထွက် စိတ်မတိုသော။ တံ နရံ၊ သတ္တဝါဟုဆိုထိုပုဂ္ဂိုလ်ကို။ တာဝတိံသာဒေဝါ၊ တာဝတိံသာ နတ်တို့သည်။ သပ္ပုရိသောဣတိ၊ ကျင့်ဝတ်ကုံလုံ ပြည့်စုံဘိဘောင်းသူတော်ကောင်း ဟူ၍။ အာဟု၊ နှစ်သက်အားရမ်း ချီးမွမ်းပြောဆိုကြကုန်ပြီ။

---

၁။ သံ၊ ၁။ ၂၃၀။ သက္ကသံယုတ် ဝတပဒသုတ်။

## မိခင်ကို မရွံမရှာလုပ်ကျွေးသော

# ဒိသာပါမောက္ခဆရာကြီး

ငါတို့ မြတ်စွာဘုရား အလောင်းတော်သည် ဂန္ဓာရတိုင်း တက္ကသိုလ်မြို့တော်၌ ဒိသာပါမောက္ခဆရာကြီး ဖြစ်စဉ်ကလည်း အသက် ၁၂၀ အရွယ်ရှိ မိခင်အိုကြီးကို မရွံမရှာ ကိုင်တွယ် ပွတ်တိုက် ရေပူရေအေးတို့ဖြင့် ဥတုအလျောက် ချိုးပေးခြင်း၊ အစားအစာကို ကောင်းစွာ ခွံ့ပေးခြင်း၊ ကျင်ကြီး ကျင်ငယ် ရွံစဖွယ်ကို ကိုင်တွယ်သုတ်သင်ပေးခြင်း၊ အဝတ်ညစ် အဝတ်ဟောင်းတို့ကို ကောင်းစွာ ဖွပ်လျှော်ပေးခြင်း၊ ကိုယ်လက်အင်္ဂါ အညောင်းအညာပြေစေရန် ခြေနှင့်တမျိုး လက်နှင့်တဖုံ မျိုးစုံအောင် နှိပ်နင်းပေးခြင်း စသည်ဖြင့် နေ့စဉ် ထာဝရ စိတ်ရှည်လက်ရှည် ပြုစုတော်မူခဲ့လေသည်။

အလောင်းတော် ယင်းသို့ မရွံမရှာပြုစုသည်ကို တချို တပည့်တွေ ရွံရှာကြသည်။ သို့ဖြစ်၍ အလောင်းတော် ဒိသာပါမောက္ခဆရာကြီးသည် နောက်တွင် လူသူမမြင် တောတွင်းသို့ ဝင်၍ မိခင်ကို လုပ်ကျွေးမှ သင့်တော်မည်ဟု ကြံစည်ပြီးလျှင်

ဆိတ်ငြိမ်သော တောဟောမာဝယ် ရေရှလွယ်သော အရပ်၌ သစ်ရွက်မိုးတဲအိမ် ပြုလုပ်၍ ထောပတ်,ဆန်,ဆီ စသည်ကိုလည်း ဆောင်ယူစေပြီး မိခင်အိုကြီးကို ထမ်း၍ တောသို့သွားကာ ကောင်းစွာ လုပ်ကျွေးနေလေ၏။

(ဆောင်) အလောင်းအလျာ၊ သူတော်စွာကား၊ မာတာမိခင်၊ လွန်လျှင်ယယု၊ လုပ်ကျွေးပြု၏၊ ယခုဤပင်၊ ထိုလမ်းစဉ်ကို၊ သင်လျှင်မကွာ၊ နည်းယူကာဖြင့်၊ မာတာပိတာ၊မိနှင့်ဘကို၊တုင်ကွမြတ်လေး၊လုပ်ကျွေး စေရန်၊ နည်းပြည့်သည်၊ ကောန်လိုက်နာ၊ ပြုစု ပါလော့။

---

၁။ ဇာ၊ ၄၊ ၁။ ၃၀၃-၃၀၄=ကြည့်။

## မိခင်ကို လုပ်ကျွေးသော

# အလောင်းတော်ဆင်မင်း

ရှေးလွန်ခဲ့လေရာ တချိန်က ငါတို့မြတ်စွာဘုရား အလောင်း အလျာသည် သမ္ဘာတော်ညိုးသဖြင့် ဆင်မျိုး၌ ဖြစ်တော်မူရ ဘူးသည်။ ရံရွေတော် ဆင်ပေါင်း ရှစ်သောင်းတို့၏ ဘုရင် သာဆူလည်း ဖြစ်တော်မူသည်။ ထိုစဉ်က ဟိမဝန္တာတော၌ နေ၍ မျက်စိနှစ်ကွင်း အလင်းမရရှာသော မွေးမိခင်ကြီးကို ရှိသေစွာ လုပ်ကျွေးတော်မူ၏။

တရံတခါသော် အလောင်းတော် ဆင်မင်းသည် ဆင်အုပ် ကြီးထဲမှ ဖဲခွာကာ မာတာမိခင် မျက်မမြင်ကို ယူငင်ခေါ် ဆောင်တော်မူပြီးလျှင် စဏ္ဍောရဏ တောင်ခြေသို့ သွား၍ အေးကြည်သာယာ ပဒုမ္မာကြာအိုင်ကို အမှီပြု၍ ထိုကြာအိုင် အတွင်းမှ ကြာစွယ်တို့ကို ယူပြီးလျှင် မွေးမိခင် ဆင်အိုမကြီးကို ဂူအတွင်းမှာ ထား၍ လေးစားရိုသေစွာ ပြုစုလုပ်ကျွေးတော် မူသည်။

ထိုအခါ ဗာရာဏသီပြည်မှမုဆိုးသားတယောက်သည် ခုနစ် ရက်ပတ်လုံး မျက်စိလည်လမ်းမှား၍ တောဖျားမြိုင်အောက်သို့

တယောက်တည်း ရောက်လာလေရာ အလောင်းတော် ရှေ့သို့ ပူဗ္ဗျာပါလောင်ဆွေး ငိုကြွေးမြည်တမ်းကာ ရောက်လာလေ၏။ အလောင်းတော် ဆင်မင်းသည် ငိုယိုသံကြားရာ သနား ကြင်နာလှသောကြောင့် အကျိုးအကြောင်းကို မေးမြန်း၍ လျှင် ကျောပေါ်မှာတင်ဆောင်ကာ လူ့ဘောင်ခရီးမြို့အနီးသို့ ရောက်အောင် ပို့တော်မူလိုက်လေသည်။

ကျေးဇူးတန်းသောမုဆိုးသည် ဌာနီရောက်လျှင် ဘုရင့်ထံ မှောက် ဝင်ရောက်ခစား၍ ဆင်ဖြူတော်ရတနာ တွေ့ခဲ့ကြောင်း သံတော်ဦးတင်လေလျှင် မင်းမြတ်သည် မင်္ဂလာ ဆင်ဖြူတော် သေခိုက်ကြုံသည်နှင့် အခန့်သင့်လှ၍ အားရ ဝမ်းမြောက်တော် မူကာ ဆင်ဖမ်းဆရာကိုခေါ်ပြီးသော် မုဆိုးနှင့်အတူထည့်လိုက်၍ အလောင်းတော်ဆင်မင်းကို ဖမ်းယူလေ၏။ အလောင်းတော် ဆင်မင်းသည် ဗာရာဏသီပြည်တွင်းသို့ ရောက်သော အခါ အစားအစာကောင်းများကို ကျွေးသော်လည်း မိခင်ဆင်မကြီး နှင့် ခွဲခွာရသည့်အရေး တွေးမိတိုင်း စိတ် မချမ်းသာ သဖြင့် အစာမစားပဲ နေလေလျှင် ကြောင်းအင်ခြင်းရာကို မေးမြန်း ကြကုန်၏။

ထိုအခါ အလောင်းတော်ဆင်မင်းသည် လူတို့ ဘာသာဖြင့် "အကျွန်ုပ် အစာမစားပဲ နေခြင်း၏ အကြောင်းမှာ စိတ်လက် မကောင်းသောကြောင့် ဖြစ်ပါသည်။ အကျွန်ုပ်သည် မွေးမိခင် မြက်မမြင် ဒုက္ခိတ ဆင်မကြီးကို လုပ်ကျွေးနေပါသည်။ ယခုမူ အကျွန်ုပ်မရှိသည့်အတွက် မိခင် ဒုက္ခိတကြီးမှာ ပျက်စီးသေဆုံး

ရတော့မှာဖြစ်ပါသည်။ မိခင်ကြီးအစာမစားရသည်မှာ ယနေ့အထိဆိုလျှင် ခုနစ်ရက်ရှိပါပြီ။ မိခင်ကြီး သေဆုံးလျှင် ကျွန်ုပ်လည်း နေချင်စိတ်မရှိပါ။ကျွန်ုပ်တဦးတည်းသာ ဝမ်းမြောက်စွာ မနေလိုပါ။ ယင်းသို့ မိခင်ကြီးကို တမ်းတ၍ လွမ်းရသောကြောင့် အစာမစားပဲ အငတ်ခံ၍နေပါသည်''ဟု ပြောလေ၏။

ဘုရင်မင်းမြတ်သည် ဆင်မင်း၏ရှင်းလင်းစွာပြောပြသည်ကို ကြားရလျှင် ''အို....အမတ်ကြီးတို့၊ ဤဆင်ဖြူတော် ရတနာသား လူ့ဘာသာစကားဖြင့် ထူးခြားစွာ ပြောကြားခြင်းသည် လွန်မင်းစွာ အံ့သြဖွယ်ရှိသည်ပြင် ကျေးဇူးရှင်မိခင်အိုကို ချီချီပြုံးပြုံး စိတ်နှလုံး ဖွေးဖြူစွာဖြင့် မွေးမြူတော်မူခြင်းကား လူသားများထက်ပင် လိမ္မာရေးခြား ရှိသည်။ ကျေးဇူးတရားကို သိတတ်သည်။အလွန်အံ့သြ၍မကုန်အောင် အပုံကြီးချီးမွမ်းဖွယ်ပါ တကား။ အမိကျေးဇူးကို အထူးသိတတ်၍ အမိမြတ်ကို ရိုသေစွာလုပ်ကျွေးသော ဤ ဆင်ဖြူတော်ကို ငါကိုယ်တော်မြတ် စီးခြင်းငှာ မထိုက်ပါချေ။ အမြန်လွှတ်ရမည်''ဟု မိန့်ကြားတော်မူကာ ဆင် ဖြူ တော် ရတနာကို ကောင်းစွာ လွှတ်စေတော်မူ၏။

အလောင်းတော် ကလည်း မိဘ၏ ဂုဏ် ကျေး ဇူး သည် ချီးကျူး၍ မကုန်နိုင်ခြင်းအကြောင်းစသော တရားတော်ကို အတိုချုံး၍နိဂုံးချုပ်ဟောတော်မူကာ လျင်မြန်စွာ မိမိနေရာသို့ ပြန်၍ အစားအစာဆာ၍ သားမလာသည်ကို အခါခါ မျှော်

စောင့်နေသော မိခင်ကြီးအထံသို့ အမြန်သွားပြီးလျှင် မရှင်ပျံသောမျက်နှာဖြင့် မသက်မသာ ငိုကြွေးနေရှာသော မိခင်ကြီးအား ဆာလောင်မွတ်သိပ်ခြင်းမှ ပျောက်ကင်းစေရန် အစာရေစာကို လျင်မြန်စွာယူ၍ ကျွေးမွေးတော်မူလေ၏။

ဗာရာဏသီပြည်ကြီးရှင် မင်းမြတ်သည်လည်း အလောင်းတော်ဆင်မင်းအား အလွန်အမင်း ကြည်ညိုလှသဖြင့် အလောင်းအလျာ နေရာအနီး တောကြီးအတွင်းသို့ ပြောင်းရွှေ့ မြို့တည်ကာ အလောင်းအလျာ ဆင်ဖြူတော်အားလည်းကောင်း၊ အလောင်းတော်၏မွေးသမိခင် မျက်မမြင်ဆင်မကြီးအားလည်းကောင်း နေ့စဉ်ထာဝရ ဝတ်ပြုလုပ်ကျွေး၍ နေလေတော့၏။

အလောင်းတော်၏ မိခင်ကြီးဖြစ်သော ဆင်မကြီးသည် သခ်ါရ ဝဋ်အတွင်းမှ မလွတ်ကင်းသော သတ္တဝါ ဖြစ်သည့်အားလျော်စွာ အသက်အရွယ် ကြီးရင့်၍ ဗျာဓိတရား နှိပ်စက်ညှဉ်းပန်းမှုကြောင့် စုတိကမ္မဇရုပ်ချုပ်သောအခါ အလောင်းတော်သည် မိခင်၏ ရုပ်အလောင်းကို ကောင်းစွာသဂြိုဟ်ပူဇော်တော်မူပြီးလျှင် ရသေ့အရှင်မြတ်တို့ရှိရာ ကာရဏ္ဍကသင်္ခမ်းကျောင်းသို့သွား၍ မိခင်အား ပြုခဲ့သော ဝတ်အတိုင်း ရသေ့မြတ်တို့အား ဆည်းကပ်ပြုစုကာ နေလေ၏။

ဘုရှင် မင်းမြတ် သည်လည်း အလောင်းတော် ဆင်မင်းကွယ်လွန်သောအခါ ဆင်မင်းအစား ကျောက်သားကျောက်ရုပ်ဆင်ကောင်ကြီးတမျှ ထုလုပ်၍ ကိုးကွယ် ပူဇော်သည့် အပြင်ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းတွင် မောင်ကွန်း စိုက်ထူတော်

မူကား တနှစ်လျှင်တကြိမ်ကျ 'ဟတ္ထိမဟ' ခေါ် ဆင်ပူဇော်ပွဲကြီးကို ဝှံချီး ပြုလုပ်တော်မူလေသည်။

ထူး လည်း တ ကြောင်း၊ ဗောဓိ လောင်းသည်၊ ဆင်ကောင်း ဖြူစွာ၊ ကေလာဂိရိ၊ နှိုင်းဖွယ် ရှိ၏၊ အမိကိုရှ၊ ကျွေးမွေးပြု၏၊ မာတုပေါသက၊ တွင်ကာလဲ၊ ရာဇ ဆောင်ရော၊ ပြည်သို့ပါလည်း၊ ကြင်နာသောအား၊ လွှတ်လိုက် ငြားမူ၊ ငွေသား အဆင်း၊ ကျောက် သလင်းကို၊ ဆင်မင်း ထုလုပ်၊ ကျောက် စီမြှုပ်သား၊ ဆင်ရုပ် ပူဇော်၊ သဘင် ကျော်သည်၊ အံ့ဩစရာ....[၁]။

ဤ ဇာတ် ဝတ္ထု၌ အလောင်းတော် ဆင်မင်းသည် မိခင်အိုကို လုပ်ကျွေးသဖြင့် ပစ္စက္ခဘဝမှာပင် ဘုရင်နှင့်တကွ လူအများတို့၏ ပူဇော်ခြင်းကို ခံယူရသည်။ တမလွန် ဘဝမှာလည်း လွန်စွာမြင့်မြတ်သော လူ့ရွာ၊နတ်ရွာဂတိသို့ လှည့်လည်ရောက်ရှိသည်။ သို့ဖြစ်ရာ သင်လည်း မိခင်ဖခင်၊ မိအို့ ဖအို မြတ်လေးပိုမို လုပ်ကျွေး ပြုစုရာ၏။

(ဆောင်) မိဘနှစ်ပါး လုပ်ကျွေးငြား၊ အများပူဇော်သည်။
ရောက်လေရာရာ မျှားတကာ၊ လွန်စွာချစ်ခင်သည်။
တမလွန်ကျ နောက်ဘဝ၊ စံရ ထက်နတ်ပြည်။

---

၁။ မဟာသီလဝပျို့။

## ဖခင်ကို အသက်ပေး၍ လုပ်ကျွေးသော

# အလီနသတ္တုမင်းသား

ရှေးလွန်ခဲ့ပြီးသော အတိတ်ကာလက ကပိလတိုင်း ဥတ္တရ ပဉ္စာလမြို့၌ ပဉ္စာလမင်း၏ သားတော် ဇယဒိသ မင်းသားသည် ခမည်းတော်၏ အရိုက် အရာကို ယူ၍ မင်းပြုတော်မူ၏။ ထို ဇယဒိသ မင်းသားအား အလီနသတ္တု အမည်ရှိသော သားတော်ဘပါး ထွန်းကားတော်မူသဖြင့် အိမ်ရှေ့မင်းအရာ အပ်နှင်း၍ နိုင်ငံတော် အဘွင်း စီးနင်း အုပ်ချုပ်စေတော် မူသည်။

တနေ့သ၌ ဇယဒိသ မင်းသည် သမင်လိုက် သွားလေရာ အဖော်များနှင့် ကွဲကွာ၍ ဘီလူးနှင့်တွေ့သဖြင့် မိမိမှာပါရှိသော ချေသားကို ဘီလူးအား ကျွေးပြီးလျှင် "ယနေ့ တရားနာရန် အချိန်းအချက် မပျက်စေလိုသောကြောင့် ခွင့်ပြုပါ၊ နက်ဖြန်ခါ ကိုယ်တိုင်ပင် လာပါမည်" ဟု ယုံကြည်ရန် အဓိဋ္ဌာန်သစ္စာပြု၍ ဘီလူးထံမှ ပြန်ခဲ့လေသည်။

နောက်တနေ့တွင် ဇယဒိသ မင်းသည် ဘီလူးစား ခံရန် သွားမည်ဟု ပြင်ဆင်သောအခါ သားတော် အလီနသတ္တု

မင်းသားမြင်၍ "အို–ဖခင်၊ ဖခင်၏ကိုယ်စား သားတော်ပင် သွား၍ ဘီလူးအစားခံပါမည်။ ဖခင်အတွက် အသက်ကိုစွန့်လွှတ်ပါမည်" ဟု အတန်တန် တောင်းပန်သဖြင့် ခမည်းတော်သည် သားတော်၏ စွမ်းရည် သတ္တိကို သိလိုသဖြင့် အလိနသတ္တုမင်းသားအား ခွင့်ပြုလိုက်လေသည်။

အလိနသတ္တုမင်းသား ဘီလူးစားခံရန်သွားမည့်အကြောင်းကို မယ်တော်ကြီးနှင့် နှမတော်၊ ကြင်ယာတော်တို့ပါ သိကြသောအခါ ပုဆာလောင်ပြင်း၊ ရင်တွင်းမသာ၊ မျက်နှာငယ်ညှိုး၊ မျက်ရည်မိုးရွာကြပြီးလျှင် ငိုယိုကြ၍ မသွားဖြစ်အောင် ကားမြစ် တောင်းပန်ကြကုန်၏။

အလိနသတ္တုမင်းသားသည်ကား မယ်တော်၊ နှမတော်၊ ကြင်ဖော်သက်ထား မိဖုရားနှင့်တကွ ဆွေတော်၊ မျိုးတော်တို့ကိုလည်း မငဲ့ညှာ မထောက်ထားအားပဲ ခမည်းတော်၏ ကိုယ်စား ထွက်သွားခဲ့လေသည်။

အလိနသတ္တုမင်းသား ဘီလူးထံမှောက် ရောက်သောအခါ လူသား စားရတော့မည်ဟု မျှော်မြော်နေသော ဘီလူးသည် ဇယဒိသမင်း မဟုတ်ကြောင်းကို သိ၍ "အမောင်လုလင်၊ အသင်၏ ဖြောင့်မတ်သော ကိုယ်ပေါက် ကိုယ်ရောက်နှင့် ရွှေအဆင်းပမာ ဝါဝင်းထိန်ပြေ ကျက်သရေရှိသော မျက်နှာသည် လွန်စွာ တင့်တယ်ပေ၏။ ဤတောအရပ်၌ လူသားစား

ကြူး ငါ့နှယ် ဘီလူးရှိကြောင်းကို သင် ကောင်းကောင်း မသိ လေသလော။ အကယ်၍ သိသော်လည်း အသက်ဘေးမှ ချမ်းသာပေးလိမ့်မည်ဟု အထင်နှင့် လာလေသလော" ဟု မေးလေလျှင် အလိနသတ္တုမင်းသားသည် မျက်ထား ခပ်တည် တည်၊ နှုတ်ဝစီ ချိုမြစွာဖြင့် "သွေးစိမ်းရှင်ရှင်ကို သောက်စုပ် အလွန် ကြမ်းကြုတ်သည့် ဖေဘာအုပ်ပျော်ကြူး ဟယ်ဘီလူး၊ သင့်ကို လူသားစားကြူး ဘီလူးဟူ၍ တင်ကျူးသိနှင့်ပါ၏။ သို့ရာတွင် ငါ၏ခမည်းတော် ဇယဒိသမင်းလှစာ၏ အသက် ဘေးမှ ချမ်းသာရာရရေးကို မျှော်တွေးရှေးရှုကာ သင့်အထံသို့ လာခဲ့ခြင်း ဖြစ်သည်။ ယခုပင် ငါ၏အသားကို ခမည်းတော် ကိုယ်စား ကြွပ်ကြွပ်ဝါးစားပါလော့" ဟု ဆိုကာ ရဲရင့်စွာ ရှေ့သို့တိုးသွားလေ၏။ ထိုအခါ ဘီလူးသည် နူးညံ့သောစိတ်ဖြင့် ဘုန်းလှုပ်လျက် "အို—အမောင်လုလင်၊ မိဘအတွက် အသက် ပေး၍ ကိုယ်ရေးကိုယ်တာ မငဲ့ညှာပဲ သေရဲသောသူ၏ အသား ကို ငါစားချေက ငါ့ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်မြွာ ကွဲ၍ သေပွဲဝင်ရမည် အမှန်ဖြစ်၏" ဟု ပြောဆို၍ မင်းသားကို လွှတ်လိုက်လေ၏။ အလိနသတ္တုမင်းသားကလေးသည် ဘီလူး၏ ဘေးမှ လွတ်မြောက်၍ ရွှေမြို့တော်သို့ ကောင်းမွန်စွာပြန်လည် ရောက်ရှိလာလေသည်။

မိဘကို အသက်အပ်၍ လေးလေးမြတ်မြတ် အကြွေးဆပ် သော ဂုဏ်အထူးသည် လွန်စွာပြင်းပြသော ဘီလူး၏မာန်စွယ် ကို ပယ်ရှင်းနိုင်လေသည်။

(ဆောင်) မိဘအကျိုး အမျိုးမျိုး၊ သယ်ပိုးဆောင်နိုင်စေ။
မိဘတွက်တာ အရေးရာ၊ ကောင်းစွာပြုပါလေ။
မိဘနှစ်ပါး သကာပျားလို၊ ကောဆိုပါလေ[၁]။

---

၁။ မိဘနှစ်ပါးနှင့် စကားစမြည်ပြောဆိုလျှင် ပျားသကာလို နားဝင်ချိုအောင် ပြောဆိုပါဟူလို။

### မိဘလုပ်ကျွေး အသက်ဘေးမှ ချမ်းသာသော

## ရာမလုလင်

ဗာရာဏသီပြည်၌ အမိအဘနှစ်ပါးကို ရှိသေလေးမြတ် လုပ်ကျွေးနေသော ပုဏ္ဏားမျိုး ရာမလုလင်သည် ကာလိင်္ဂတိုင်း ကမ္ဘဝတီပြည်သို့ ကုန်ရောင်းကုန်ဝယ် သွားလေရာ ထိုအခါတွင် ဒဏ္ဍကီမင်းနှင့်တကွ တိုင်းသားပြည်သူ လူအပေါင်းတို့သည် ကိုသဂ္ဂဟရှိသော့အား ပြစ်မှားသဖြင့် နတ်များ စိတ်ဆိုးပြီး ပင်ကိုပြုကတော့ ရေမိုး၊ ပန်းမိုး၊ ငွေမိုး၊ ငွေမိုး၊ ပုတီးလက်ကောက် လက်စွပ်ဒွါရယာ တန်ဆာမိုး၊ လက်နက်မိုး၊ ကျောက်မိုး၊ သဲမိုးတို့ အစဉ်အတိုင်း ဆတောင်ရှစ်ဆယ် မြင့်အောင် ရွာချစေသဖြင့်သောကြောင့်ပျက်စီး၍ ကမ္ဘဝတီပြည်ကြီး ပြုတ်ပြုတ် ပြုန်းသွားသော်လည်း မိဘကိုရှိသေမြတ်လေး လုပ်ကျွေးသော ရာမလုလင်ကိုမူကား ရန်ကင်းကွာသောနေရင်းဌာနဗာရာဏသီ ပြည်သို့ နတ်တို့ ပို့ဆောင်ပေးကြကုန်၏။ ထိုအခါ နတ်တို့၏ အန္တရာယ်မှ လွတ်ကင်းသော သူတို့ကား—

၁။ ကိသဝစ္ဆရသေ့၊

၂။ ကိသဝစ္ဆရသေ့ကို ကြည်ညိုသော စစ်သူကြီး၊

၃။ မိဘကိုလုပ်ကျွေးသော ရာမလုလင်—

အားဖြင့် သုံးယောက်တို့ ဖြစ်ကုန်၏။

မိဘကိုလုပ်ကျွေးသော သူကို လူဇော နတ်ပါ သတ္တဝါ ဟူသမျှ အလေးအမြတ် ပြုကြကုန်၏။

(ဆောင်) မိဘတို့မှာ၊ ကျင့်ကောင်းရာကို၊ ကောင်းစွာမမှား၊ ကျင့်သောအားဖြင့်၊ ပုဏ္ဏားရာမ၊ ကုမ္ဘဝတီ၊ ဒဏ္ဍကီ၏၊ ပူရိပြည်လုံး၊ လက်နက်ဖုံးလည်း၊ မဆုံးမပျက်၊ ခြားကွက်ခဲ့၏၊ တသက်ထိုမှ၊ အလိနသတ္တု၊ ငယ်နုရှယ်ဦး၊ မင်းယဉ်ကြူးလည်း၊ ဘီလူးမစား ။

---

၁။ မယာဒေဝလက်္ာသစ်၊ ၁၃၄–ပိုဒ်။

# မိဘနှစ်ပါးအား လုပ်ကျွေးသော
# အလောင်းတော် သမင်မင်းအကြောင်း

## သတ္တဝါအားလုံး အသက်ဘေးမှ ချမ်းသာခြင်း

လွန်လေပြီးသော အတိတ် အခါက ကောသလတိုင်း သာကေတမြို့ဝယ် ကောသလ မင်းသည် သားသမင်တို့ကို ပစ်ခတ်သတ်ဖြတ်ခြင်း၌ ဝါသနာထုံသည်ဖြစ်ရာ၊ တတိုင်းပြည်လုံး လူတွေကို စုရုံးစေလျက် တောသို့ မကြာခဏ ထွက်လေရာ လူအားလုံး လယ်လုပ် ကုန်သွယ် ကြွေးဆွယ် မြည်ချ အိမ်မှုကိစ္စ ပျက်လှသဖြင့် ထမင်းကိုမျှ နပ်မှန်မစားရသည့် အဖြစ်သို့ ဆိုက်ရောက်ကြလေသည်။

ထိုအခါ တိုင်းသားပြည်သူတို့သည် "ဘုရင့်အတွက် အခွန ဥယျာဉ်၌ စည်းရိုးလုံခြုံအောင် ကာရံ၍ သမင်များကို စုပေးရလျှင် အလုပ်ခွင် မပျက်ရပဲ နေ့ရက်ရှိသလောက် ဒုက္ခရောက်ဖွယ် မရှိချေ"ဟု စည်းဝေး တိုင်ပင်ကြပြီးလျှင် တယူဇနာ ပတ်လည်ရှိသော တောကြီးထဲမှ များစွာသော သမင်တို့ကို ချောက်လှန့်မောင်းထုတ်ကြကုန်၏။ ထိုအခါ ငါတို့အလောင်းတော်မြတ် ဗောဓိသတ်ကား နန္ဒိယသမင်မင်းဖြစ်လေရာ၊ တခု

သော ချုံအတွင်း၌ အမိအဘတို့နှင့် အတူတကွ နေတော်မူ၏။ အလောင်းတော် နန္ဒိယသမင်မင်းသည် သမင်လိုက်သော လူအများကို မြင်ရသောအခါ "ငါသည် ယနေ့ မိဘတို့အတွက် ငါ့အသက်ကို စွန့်၍ မိဘတို့အား ဇီဝိတဒါန အလှူကြီး ပေးမည်"ဟု ကြံစည်၍ "အို-ကျေးဇူးတော်ရှင် မိခင် ဖခင်တို့၊ ယနေ့ အကျွန်ုပ်သည် မိဘနှစ်ပါးတို့အား ဇီဝိတဒါန ပြုပါမည်၊ အကျွန်ုပ်တို့နေရာ ချုံကို တစုံတရာဖြင့် ပုတ်ခတ်ကြလျှင် အကျွန်ုပ်တကောင်တည်းသာ ထွက်ပြေးပါမည်။ ဤသို့ ထွက်ပြေးသောအခါ ဤချုံအတွင်းမှာ သမင်တကောင်သာ ရှိသည်ဟု ဝင်ကြည့်ခြင်း မပြုပဲ ရှောင်လွဲသွားကြပါလိမ့်မည်။ မိဘနှစ်ပါးတို့ သတိထား၍ နေရစ်တော်မူကြပါ"ဟု မှာထား ပြောဆို၍ ရှိသေစွာ ကန်တော့ တောင်းပန်လေ၏။

လူအပေါင်းတို့ ချုံကို ရိုက်ပုတ် ခြောက်လှန့်ကြလေသော် နန္ဒိယ သမင်မင်း တကောင်တည်းသာ ထွက်ပြေးသည်ကို မြင်ကြ၍ သမင်ကုန်ပြီ ဟူသော အမှတ်သညာဖြင့် သွားကြလေသော် ဥယျာဉ်တော် အတွင်း၌ သမင် အများ စုရုံးလှောင်ထားပြီးမှ မင်းအား သံတော်ဦး တင်ကြလေ၏။

ဗာရာဏသီမင်းသည် တရံတခါ လူလွှတ်၍ သမင်များကို သတ်စေ၏။ တရံတခါ ကိုယ်တိုင် လာ၍ပင် သတ်လေ၏။ အလောင်းတော် နန္ဒိယ သမင်မင်း အလှည့်သို့ ရောက်သောအခါ ဘုရင်ကိုယ်တိုင်လာ၍ လေးဖြင့်ပစ်လေလျှင် တင်ထားသော လေးမကျပဲ နေသဖြင့် အကြိမ်ကြိမ် အဖန်ဖန် ထပ်မံ၍ ပစ်၏။ ယင်းသို့ ပစ်ပါသော်လည်း လေးမကျပဲ နေ၏။

ထိုအခါ ကောသလမင်းသည် "ဤစိတ်မရှိသော သစ်သား စဉ်လျက် ထိုသမင်၏ဂုဏ်ကို သိသေး၏။ စိတ်ရှိသော ငါကား လူဖြစ်လျက် မသိခဲ့ချေ။ အပြစ်ရှိသမျှကို ခွင့်လွှတ် သည်းခံ တော်မူပါ။ အသင့်ကိုလည်း ဘေးမဲ့ ပေးပါ၏" ဆိုကာ တောင်းပန်ရှာလေ၏။

ထိုအခါ အလောင်းတော် သမင်မင်းက "အို-မင်းမြတ်၊ အကျွန်ုပ်အား ဘေးမဲ့ထားသော် ကြွင်းသော သမင်များကို အဘယ်သို့ ပြုပါမည်နည်း" ဟု မေးလေ၏။ ထို့နောက် အလောင်းတော် သမင်မင်းက ကောင်းကင်ပြင်၊ ရေတွင် ပျော် ပါး ကျက်စားသော သတ္တဝါ များကိုလည်း ဘေးမဲ့ပေးရန် အလှူခံ၍ မင်းတရားအား ငါးပါး သီလ၌ တည်စေလျက် မင်းကျင့်တရား ဆယ်ပါးကို ဟောကြား၍ တောသို့ပြန်ခဲ့ပြီး လျှင် ကျေးဇူးရှင် မိဘနှစ်ပါးတို့အား လုပ်ကျွေးမြဲ လုပ်ကျွေး တော်မူလေသည်။ မိဘလုပ်ကျွေးသော နန္ဒိယ သမင် မင်း၏ ဆောင်ရွက်ချက်ကြောင့် မရေမတွက်နိုင်အောင် များပြားသည့် သတ္တဝါတို့ အသက်ဘေးမှ ချမ်းသာရာ ရကြသည်။

(ဆောင်) မိဘနှစ်ဆင် ကျေးဇူးရှင်၊ အစဉ်လုပ်ကျွေးပါ။
မိဘနှစ်ပါး၊ လေးစားကြည်ဖြူ၊ ထိုသူသည်ကား၊
ရှင်လူအများ၊ ချစ်ကြည်ပွား၍၊ ကျော်ကြားလူ့ခွင်၊
သေပြန်လျှင်လည်း၊ ထက်ခွင်နတ်ထံ၊ စံရမှန်သည်၊
ကောန်မူချ မှတ်ဖွယ်တည်း။

# မိခင်ကို အသက်နှင့် လဲလှယ် ကာကွယ်ကြသော မျောက်များ

မဟာနန္ဒိယာမျောက်မင်းဇာတ်တွင် မိခင်မျက်မမြင် ဒုက္ခိတ မျောက်အိုမကြီးကို မုဆိုးလာ၍ လေးနှင့် ပစ်သတ်မည်ပြုစဉ် အစ်ကိုဖြစ်သူ မဟာနန္ဒိယမျောက်မင်းက မိခင်ကို မြားမမှန် မထိရန် ရှေ့ကနေ၍ အသေခံတော်မူသည်။ ထိုနောက် မျောက်တကောင်ကိုရ၍ အားမရသေးသော မုဆိုးသည် မိခင် မျက်မမြင် ဒုက္ခိတ မျောက်အိုမကြီးကို ပစ်သတ်မည် ပြုပြန်လေရာ၊ ညီဖြစ်သော စူဠနန္ဒိယက နောင်တော်ကြီး ကဲ့သို့ပင် မိခင်၏ အသက်ကို ကာကွယ်ရန် မိခင်၏ရှေ့တည့်တည့်၌ နေ၍ ရဲရဲဝံ့ဝံ့ အသေခံတော် မူပြန်လေသည်။ မိဘ ကျေးဇူးကို တကယ့်ကို သိတတ်သည့် မျောက်တို့ပါ တကား။ အို-မိဘမြတ် ကျေးဇူး စာတော်ဖတ်၊ အသင်သည်လည်း မိဘကျေးဇူးကို သိသူစင်စစ် ဖြစ်ပါလော့။

(ဆောင်) တိရစ္ဆာန်စဉ်၊ ဖြစ်လျက်ပင်လည်း၊ မိခင် ဖခင်၊
နှစ်အင်ကျေးဇူး၊ အထူးသိတတ်၊ ကြီးမြတ်တုံဘိ၊
လူ့ဇာတိ၌၊ ကြုံလာဖြစ်လာ၊ သင့်မှာ မူ ကား၊
လွန်စွာသာ၍ သိဖို့တည်း။

## မိဘလုပ်ကျွေးသဖြင့် ရွှေသမင် အသက်ချမ်းသာရ

ရှေးအတိတ်အခါက ငါတို့ဘုရားရှင် အလောင်းတော် ဖြတ်သည် သမ္ဘာတော်နုခိုက်ဖြစ်၍ သမင်မျိုး၌ ဖြစ်တော်မူခဲ့သည်။ ဝါဝါဝင်းဝင်း ရွှေအဆင်းရှိသဖြင့် 'ရွှေသမင်မင်း' ဟု ခေါ်တွင်သည်။ မူလအမည်ကား 'ရောဟဏ' ဖြစ်၏။ ညီတော်ကား 'စိတ္တ' ဖြစ်၏။ နှမတော်ကား 'သုတနာ' ဟု အမည်သညာတွင်၏။ ထိုသမင်မောင်နှမသုံးဦးသားတို့သည် ဟိမဝန္တာတောင်သေလာဝယ် တောင်နှစ်လုံးကို လွန်၍ သုံးလုံးမြောက်ဖြစ်သော တောင်ကြား၌ 'ရောဟဏ' မည်သော ရေအိုင်ကို အမှီပြုကြ၍ မျက်စိနှစ်ကွင်း အလင်းမရကြရှာသော မိခင်၊ ဖခင် ကျေးဇူးရှင်ကြီးများကို ဝပ်တွားမြတ်လေး လုပ်ကျွေးပြုစုကာ နေကြသည်။

တနေ့တွင် အလောင်းတော် ရောဟဏ ရွှေသမင်ကို ကျော့ကွင်းမိလေရာ ညီတော်စိတ္တနှင့် နှမတော် သုတနာတို့သည် ငှဲညှာသနား ဖဲခွာ၍ မသွားရက်ကြသဖြင့် အစ်ကိုကြီး အနီးမှာပင် မခွာပဲ ရပ်စွာ အသေခံ၍ နေကြလေသည်။

ထိုအခါ ရောဟဏ ရွှေသမင်မင်းက "ညီတော် စိတ္တနှင့် နန္ဒမတော် သုတနာ၊ ယခုအခါတွင် ဇာရုဏာကင်းမဲ့သော မုဆိုး လက်တွင်းသို့ အစ်ကိုကြီး၏ အသက်ဇီဝိန်ကို အပ်နှင်းရချေ တော့မည်။ အစ်ကိုကြီး သေသုံး ကွယ်လွန်သွားသော်လည်း မျက်မမြင်မိဘ ဒုက္ခိတတို့ကို ပစ်မထားပဲ ချစ်သနားသော စိတ် မြတ်ဖြင့် မပြတ်လုပ်ကျွေးကြပါ။ ယခုလို အစ်ကိုအနားမှာသာ မခွာမခွဲ အတူတကွ၍ နေကြပါလျှင် မိခင် ဖခင်ကြီး နှစ်ဦးတို့မှာ မှန်စွာပင် သေပွဲဝင်ရှာကြပါလိမ့်မည်။ သို့အတွက် ယခု မြန်စွာ သွား၍ အစာအစာ ကျွေးမွေးကြပါ" ဟု ပြောကြား လေ၏။

ဤသို့ ပြောကြားသော်လည်း ညီတော်နှင့် နန္ဒမတော်တို့သည် ကား အစ်ကိုကြီးအနီးအနားမှ ဖဲခွာမသွားကြပဲ ဘေးနှစ်ဘက်မှ တွဲကာသာ နေကြကုန်၏။ ယင်းသို့ ပြောဆို၍ မကြာမီ မုဆိုး ကြီး ရောက်လာ၍ ညီတော် စိတ္တသည် မုဆိုးကြီး အနီးထံပါး သွားပြီးလျှင် "အို–အရှင်၊ ကျွန်ုပ်တို့ မောင်နှမသုံးဦးသား တို့ကား မျက်မမြင် မိဘအိုများကို လုပ်ကျွေးနေကြသူများ ဖြစ်ကြပါသည်။ အသင်မုဆိုးကြီးသည် ဤသုံးဦးကို သတ်လိုက် ပါလျှင် မိဘနှစ်ပါးကို သတ်ဖြတ်သည် မည်ပါ၏။ သတ်ဖြတ် ရာ ရောက်ပါ၏။ မိဘများပါ အဆစ်ပါ၍ နစ်နာကြမည့် အရေးကို တွေးတောမျှော်ရှုကာ အစ်ကိုကြီး၏ အသက်ကို ချမ်းသာပေးတော်မူပါ။ အစ်ကိုကြီးအသက်ကို ပေးလှူပါလျှင် သားအမိ သားအဘ ငါးဦးတို့၏ အသက်ကိုလည်း ပေးလှူ သည် မည်ပါ၏" ဟု သနားဖွယ်ရာ လူ့ဘာသာလူ့စကားဖြင့်

ပြောဆိုလေလျှင်၊ မုဆိုးကြီးမှာ နူးညံ့ပျော့ပျောင်းစိတ်ကောင်း ဝင်လာသဖြင့် "မိဘနှစ်ပါးတို့အား လုပ်ကျွေးပြုစုနေသော အသင်သုံးဦးတို့ကို ချုပ်ထား ဖွဲ့ချည်တော့မည် မဟုတ်ပါ။ ယခုပင် မိဘနှစ်ပြင် မျက်မမြင်ကို အစဉ်ထာဝရ လုပ်ကျွေးနေသော သင်တို့အစ်ကိုကြီးကို လွှတ်ပါ၏။ ငါလွှတ်လိုက်သော သမင်မင်းကို တွေ့ကြသော သင့်အမိအဘတို့သည်ကား နှစ်သက် ဝမ်းသာ၍ ကျန်းမာချမ်းသာ ရှိကြပါစေ" ဟု ဆိုကာ အလောင်းတော် ရောဟဏ ရွှေသမင်မင်းကို ချက်ချင်း လွှတ်လိုက်လေတော့၏။

မုဆိုးလက်မှ လွတ်ထွက်လာကြသော မောင်နှမသုံးဦးသား သမင်များသည် မိဘတို့ရှိရာသို့ မြန်စွာ သွားကြပြီးသော် ဝမ်းမြောက် ဝမ်းသာ ရှိကြသည်ဖြစ်၍ ရာသက်ပန် ပြုံးပြုံး ပျော်ပျော် ရှိကြလျက် ကျေးဇူးရှင် မိခင် ဖခင်တို့ကို ကြင်နာ ဆပ္ပွား ခစားဝပ်တုပ်၍ လုပ်ကျွေးမွေးမြူကြလေ၏။

ဤဇာတ်လမ်းဝတ္ထုသွားကို ထောက်ထား၍ မိဘလုပ်ကျွေး သော သူအား သူကောင်းများကို မဆိုထားဘိ၊ မုဆိုးစသူများ ပင် ကြည်ညိုကြကုန်၏။

(ဆောင်) မိအိုဘအို၊ ချစ်ကြည်ညို၍၊ နေ့ကို ညကို၊ လိုသည် မရှိ၊ ကျင့်ဝတ်ဖြည့်၍၊ သတိပညာ၊ ရွှေသွားကာ ဖြင့်၊ မှန်စွာလုပ်ကျွေး နိုင်စေသော်။

# ကြွေးနှစ်မျိုး

လောကကြီးမှာ—

၁။ ဥစ္စာကြွေး၊

၂။ အချစ်ကြွေး—

ဟူ၍ နှစ်မျိုးရှိသည်။

ယင်းနှစ်မျိုးတွင် သူများထံမှ ချေးယူသုံးစား ယူငင်ထား သော အကြွေးကို 'ဥစ္စာကြွေး' ဟု ခေါ်သည်။ ယင်းဥစ္စာ ကြွေးကို မပေးဆပ်နိုင်ပါလျှင် ယခုဘဝမှာလည်း အကျိုးနဲ့ အရှက်ကွဲ၊ တမလွန်ကျ နောက်ဘဝမှာလည်း 'မြေခံရသည်' ပြောဆိုကြသည်။ အကြွေးရှင်၏အိမ်၌ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်ဖြစ်၍ အခိုင်းအစေ ကျွန်ခံရလေသည်။ယင်းသို့ဖြစ်ရခြင်း ကား ဥစ္စာကြွေးတင်မှုကြောင့် ဖြစ်သည်။

'အချစ်ကြွေး' မှာကား မိမိလိုချင်သည့် အိမ်ထောင်ဖက် ကို မရခြင်း၊ မိမိပေါင်းဖော်ချင်သူနှင့် တူစုံမပေျာ်ရခြင်းပင် ဖြစ်၏။ ယင်း အချစ်ကြွေးမှာမူ လူမွေးလူရောင် မပြောင် တောက်နိုင်ပဲ သေဘေးသို့ပင် ဆိုက်ရောက်တတ်ချေသည်။ ထို့ကြောင့် ယင်းအကြွေးနှစ်မျိုးလုံးပင် ဘယ်ကြွေးမှ အေးမြ

ချမ်းသာခြင်းကို မဖြစ်စေနိုင်၊ မပေးနိုင်သည်ဖြစ်၍ ထိုအကြွေး များမှ ကင်းရှင်းအောင် ကြိုးပမ်းရာ၏။

(ဆောင်) ဥစ္စာအချစ်၊ ဖော်လှစ်ထုတ်ကြား၊ ကြွေးနှစ်ပါး ဝယ်၊ အဘယ်ကြွေးမှ၊ သုခချမ်းသာ၊ မဖြစ်ရာဘူး၊ နှစ်ဖြာအကြွေး၊ ကင်းစင်ဝေးအောင်၊ စိစွေး ဆင်ခြင် ကြိုးပမ်းလော့။

## မိဘတို့ကြွေး ကျေအောင်ဆပ်ကြ

ဖော်ပြခဲ့သော ဥစ္စာကြွေး၊ အချစ်ကြွေးများ အပြင် သားသမီးများသည် ငယ်စဉ်တောင်ကျေး ဘဝက မိဘတို့ ကျွေးမွေး ပေးကမ်း လာခဲ့သော အဝတ်အထည်၊ အစား အသောက်၊ နေရာ ထိုင်ခင်းများကို သုံးဆောင် ဝတ်ဆင်၍ နေ့စဉ်နေ့တိုင်း စားသောက်ခဲ့ကြရာ သားသမီးများမှာ မိဘ တို့၏ အကြွေးတန်းလန်းနှင့် နေကြသည်။ ဤအကြွေးကို မပေး မဆပ်သော သားသမီးများသည် သံသရာစခန်းတွင် အကြွေး တန်းလန်းနှင့် ပင်ပန်းကြီးစွာ ခရီးသွားလာကြရမည့် အရေးကို တွေးတော ကြောက်ရွံဖွယ် ကောင်းလှပေသည်။ သို့ဖြစ်၍ ရှေးသူတော်ကောင်း အလောင်းအလျာ ကြီးများသည် မိမိတို့ အပေါ်၌ တင်ရှိသော မိဘကြွေးကို ပြေလည်ကျေအေးအောင် ဆပ်တော်မူကြသည်။

# သာလိကေဒါရဇာတ်

ရှေး လွန်လေပြီးသော အခါက မဂဓတိုင်း ရာဇဂြိုဟ်မြို့တော် အရှေ့မြောက်ယွန်း အရပ်၌ စည်ကားသာယာလှသည့် သာလိန္ဒိယ အမည်ရှိသော ပုဏ္ဏားရွာကြီး တည်ရှိသည်။ ထိုရွာ၏ အရှေ့မြောက်အရပ် သာနုတောင်၌လည်း တင့်တယ်သာမော လက်ပံတောကြီး ရှိ၏။ ယင်းလက်ပံတောကြီးဝယ် အသိုက်အံရံ ပြုလုပ်နေကြသော ကျေးသားအပေါင်း ထောင်သောင်းမက ရှိလေရာ ငါတို့ မြတ်ရှင် ဗုဒ္ဓင်္ကုရ ဘုရားအလောင်း လျာသည်လည်း သမ္ဘာတော် ညှိုးငယ်သဖြင့် ထို ကျေးမျိုးဝယ် ဖြစ်တော်မူသည်။

အလောင်းတော် ကျေးမင်းကား ထူးခြားလှ၏။ အရွယ်တော်ရောက်လျှင် လှည်းပုံတောင်း ပမာဏ လှပ ကြီးမား၍ စွမ်းပကားလည်း ရှိတော်မူ၏။ မိဘ နှစ်ပါးကိုလည်း အစာရှာ မသွားစေပဲ မိမိကိုယ်တိုင်ပင် အစာရှာတော်မူ၍ ကောင်းစွာ လုပ်ကျွေးသည့်ပြင် သားငယ် သမီးငယ်များနှင့် သက်ရွယ်ကြီးမား ကျေးသားအိုကြီး များအားလည်း အစားအစာ ဖွေရှာ လုပ်ကျွေးတော်မူ၏။

တနေ့တွင် ပယ်တထောင်ရှိသော ကောသိယ ပုဏ္ဏား၏ လယ်ကွင်း၌ကျေးသားအခြံအရံနှင့်တကွကျရောက်စားသုံးသည် ရှိသော် လယ်စောင့်သမားသည် ကျေးငှက်တွေ များလှသည့် အတွက် သွားအောင် မချောက် နိုင်ချေ။ ချောက်ပြန် သော်လည်း ဤနေရာ ချောက်လျှင် ထိုနေရာမှာ၊ ထိုနေရာမှ ချောက်လျှင် ဤနေရာမှာ ကျ၍သာ စားသုံးကြသည်။

ထို လယ်ခင်း၌ သက်ဆင်း လာရောက်ကြသော ကျေးငှက် အပေါင်းတို့တွင် အခြားကျေးငှက်များသည်ကား အလိုရှိသမျှ ဝအောင်စား၍ နှုတ်ဖျားဖြင့် မကိုက်ချီပဲ ပြန်ကြသော်လည်း အလောင်းတော် ကျေးသားမှာမူကား မိမိ ကိုယ်တိုင်ကလည်း အဝစားသည့်ပြင် များစွာသော ကောက်နှံပေါင်း အကောင်း အကြီးတို့ကို နှုတ်သီးဖြင့် ကိုက်ချီ၊ ခြေဖြင့်လည်း ညှပ်ယူ၍ ပြန် သွားလေသည်။ လယ် စောင့် သမား သည် ထူး ခြား ၁ပြုမူသော အလောင်းတော် ကျေးမင်းကို "အမွေးအ...း ကလည်းလှ၊ ကိုယ်ကာယကလည်း ကြီးထွားသဖြင့် ထူးခြား သော အရာပေတည်း" ဟု နှုတ်ဝါစာမြွက်ဆိုပြီး အိမ်သို့ ပြန်သွားလေ၏။

လယ်စောင့်သမား အိမ်ရောက်သွားလေလျှင်ပင် လယ်ရှင် ပုဏ္ဏားက "အမောင် လယ်စောင့်သမား အမျိုးသား၊ ဘယ်လိုလဲ စပါးသီးနှံ သန်သန်စွမ်းစွမ်း ရှိပါ၏လော" ဟုမေးမြန်းလေရာ လယ်စောင့်သမားက "အို–အရှင်ပုဏ္ဏား၊ စပါးသီးနှံ သန်စွမ်း

လှသည်မှာ တစုံတရာ ဆိုစရာမရှိပါ။ ထူးဆန်းသော အရာ တခုကို ယနေ့မြင်ခဲ့ရပါသည်။ လယ်ကွင်းထဲမှာ ကျေးငှက်တွေ အများအပြား စပါးနှံ စားကြရာတွင် အခြား ကျေးသား များနှင့်မတူ၊ အမူအရာ တမျိုးဖြင့် ကျေးဆိုးကြီး တကောင် ရှိပါသည်။ ထို ကျေးဆိုးကြီးကား စပါးကိုလည်း ဝအောင် စားသည့်ပြင် ခြေထောက်ဖြင့် တနည်း၊ နှုတ်သီးဖြင့် တသွယ် သယ်ဆောင် ယူသွားပါသည်။ အခြားတပါးသော ကျေးငှက် များ အတွင်းမှာ လွန်စွာ ထူးခြားသည့် ကျေးသားကြီး ဖြစ်ပါသည်။ အဆင်းက လှလိုက်တာ၊ ကိုယ်ပေါက် ကိုယ် ရောက်ကလဲ ထွားကျိုင်းလိုက်တာ” စသည်ဖြင့် ပြောကြား လေလျှင် လယ်ရှင်ပုဏ္ဏားက “မြင်းမြီးကိုကျစ်၍ ကျော့ကွင်း လုပ် ကွင်းထောင်၍ ၎င်းကျေးသားကို မိအောင် ဖမ်းရမည်” ဟု အမိန့်ပေးလိုက်လေသည်။

လယ်စောင့်သမားသည် ပုဏ္ဏား ပြောသည့်အတိုင်း ထောင် ဖမ်းလေရာ အလောင်းတော် ကျေးမင်းကို မကြာမီ အတွင်း ချက်ချင်းမိသဖြင့် လယ်ရှင်ပုဏ္ဏားထံ အမြန် ယူဆောင်သွား လေ၏။ လယ်ရှင်ပုဏ္ဏားသည် အလောင်းတော် ကျေးမင်းကို မြင်လျှင်မြင်ခြင်း အားကြီးသော ချစ်ခင်ခြင်း ဖြစ်ပေါ်လာ၍ ရင်ခွင်ပေါ် တင်ကာ ကြည်ရွှင်စွာ ပိုက်ချီလျက် ကိုက်ချီ သွားသော စပါးနှံအကြောင်းကို မေးလေ၏။ အလောင်းတော် ကျေးသားသည်လည်း မေးသမျှကို မဆိုင်းမတွ ဖြေကြား လေသည်။

လယ်ရှင်ပုဏ္ဏား။ ။အသင် ကျေးသား သည် မိမိစား သောက်ရုံမက ချီသယ်၍ သွားသည်မှာ လှောင်ထားဖို့ရာ တိုက်တာကျီကျများရှိပါသလော၊သို့မဟုတ်ကျွန်ုပ်ကို ရန်လုပ်၍ ပြုတ်ပြုတ်ပြုန်း ပျက်စီးအောင် အငြိုးကြီးနှင့် ပြုလုပ်လေ သလော။

အလောင်းတော်ကျေးသား။ ။အို— ကောသိယ နွယ် ဖွား လယ်ရှင်ပုဏ္ဏား၊အကျွန်ုပ်သည် အရှင်ပုဏ္ဏားနှင့် ခိုက်ရန် မတွေ့ ရန်ငြိုးဖွဲ့ခြင်းကား အလျဉ်းပုံသေမရှိပါချေ။ ကျွန်ုပ်မှာ ဆန်ရေစပါး လှောင်ထားဖို့ရာ တိုက်တာကျီကျလည်း မရှိပါ။ အကျွန်ုပ်နေရာ ငုက်သံ တသောသောနှင့် လက်ပံတော ပြန်ရောက်လျှင် မိမိအပေါ်ရစ်ဆောင်းနေသော ကြွေးဟောင်း မြီဟောင်းကို လွှတ်ကြောင်းပေးဆပ်၍ နောက်ထပ် တိုးပွား ကြွေးသစ်များကိုလည်း ချထားရပါသည်။ ထိုလက်ပံတောမှာ နောင်ဘဝအားကိုးဖို့ အကျိုးပြီးမည်ဖြစ်သော ရွှေအိုးကြီးကို လည်း မြှုပ်နှံ့ ရပါသေးသည် ဟု ပြောကြား လေသည်။ အလောင်းတော်ကျေးသားသည် လူ့ဘာသာ လူ့စကားဖြင့် ပြောကြားပါသော်လည်း ပုဏ္ဏားကြီး၏ နားတွင်းတွင် မရှင်း မလင်းပဲ ရှိလေ၏။

လယ်ရှင်ပုဏ္ဏား။ ။အို....အမောင်ကျေးသား၊အမောင်တို့ တိရစ္ဆာန်များမှာ ကြွေးဟောင်းဆပ်ရသည်ဆိုသည်မှာ အဘယ် ပါနည်း။ အမောင်တို့ ကျေးသားများမှာ ကြွေးတင်သေး

သလော။ အတိုးပွားအောင် ပေးကမ်းချေးငှားခြင်း ဟူသည် လည်း အဘယ်ပါနည်း။ အတိုးအရင်းပွားအောင် ချေးငှား ရပါသေးသလော။ ရွှေအိုးမြှုပ်နှံသည်ဆိုခြင်းကား ဘယ်သင်း ဘယ်ဟာပါနည်း။ ကျေးသားများမှာ သားစာ မြေးစာ ဖွေရှာခဲ့ခြား မြှုပ်နှံထားကြပါသေးသလော။ အပြွယ် ရှင်း အောင် လင်းပါဦးလော့။

အလောင်းတော်ကျေးသား။ ။အို– လယ်ရှင် ပုဏ္ဏား၊ အကျွန်ုပ်မှာ အင်္ဂါခြေလက် ပျက်ကွက်ယိုယွင်း အိုမင်းရင့်ရော် နေကြသော ကျေးဇူးရှင် မိခင် ဖခင်တို့ ရှိပါသည်။ ထိုမိဘ နှစ်ပါး တို့ကား အကျွန်ုပ် အား ငယ်ငယ် တောင် ကျေး ကလေးဘဝကပင် ကျွေးမွေးခဲ့ကြပါသည်။ ထိုမိဘတို့ကျွေးမွေး ပေးကမ်းဘူးသော ကြွေးဟောင်း မြီဟောင်းတို့သည် ကျွန်ုပ် အပေါ်တွင် တင်ရှိလျက်နေပါသည်။ ထို တင်ရှိနေသော ကြွေးဟောင်း မြီဟောင်းမှ လွတ်ကင်းစေရန် နှုတ်သီးဖြင့် ချီဆောင်၍ မိဘအိုနှစ်ပါးအား ကျွေးမွေးချေဆပ်ရပါသည်။ ၎င်းကိုပင် ကြွေးမြီဟောင်း ဆပ်သည်ဟု ဆိုရပါသည်။

လယ်ရှင် ပုဏ္ဏား။ ။ကြွေးဟောင်း မြီဟောင်း ဆပ်ပုံ သဘောကို ကောင်းစွာနားလည်သဘောပေါက်ပါပြီ။ အတိုး အရင်း ပွားအောင် ကြွေးသစ်များချထားပုံကို စုံလင်စွာရှင်းပြ စေချင်ပါသည်။

အလောင်းတော်ကျေးသား။ ။အို– လယ်ရှင် ပုဏ္ဏား၊ အကျွန်ုပ်မှာ အဟောင်းအမွေး မပေါက်မစုံသေးသော သား

ကလေး၊ သမီးကလေးများ ရှိပါသေးသည်။ နောင် အကျွန်ုပ် အိုမင်း ကြီးရင့်သောအခါ ထို သားငယ်၊ သမီးငယ် များက အကျွန်ုပ်အား တဖန်ပြန်လှန်ကျွေးမွေး အရေးတယူပြုကြစေရန် ရည်သန်မျှော်ကိုးပြီးလျှင် ယခုကပင် ရှာကြံ၍ ကျွေး၊ မွေးမှုရ ပါသည်။ ၎င်းတို့ကိုပင် အတိုးရအောင် ကြွေးမြီ ချခြင်းဟု ခေါ်ဆိုရပါသည်။

လယ်ရှင်ပုဏ္ဏား။ ။ကြွေး ဟောင်း နှင့် ကြွေးသစ် အကြောင်းကို ကောင်းကောင်းသိရပါပြီ။ ရွှေအိုး မြှုပ်နှံသည် ဆိုသည့် အကြောင်းကိုလည်း ကောင်းစွာသိလိုပါသဖြင့် တဖန် ဆက်လက်၍ ပြောပြပါဦး။

အလောင်းတော် ကျေးသား။ ။အို–လယ်ရှင် ပုဏ္ဏား၊ ကြွေးသစ်ကြွေးဟောင်း အကြောင်းနှစ်ခုကတော့ ယခု ဘဝ အတွက် မျှော်လင့်ချက်အရင်းထူ၍ ပြုမူခြင်း ဖြစ်ပါသည်။ ရွှေအိုးမြှုပ်နှံခြင်း ဆိုသည်မှာ နောင်ဘဝတွက် မျှော်လင့်ချက် ကြီးကြီးခိုင်မြဲသောသဒ္ဒါဖြင့် ပြုရခြင်းဖြစ်ပါသည်။ အကြောင်း မှာ ထို ကျွန်ုပ်နေသော လက်ပံတောမှာ မိဘနှင့် သားသမီး များမှတပါး အခြားကြွင်းကျန်သော အိမ်ကုန်းကွ အသက် အရွယ်ကြီးပြင်း၍ ပုဂ္ဂိုလ်ဆင်းကြသည့် ကျေးတသင်း ဒုက္ခိတ တို့မှာ အစာအာဟာရ ချို့တဲ့နွမ်းနဲ့လျက် အားထားရာ ကင်းမဲ့ ကြပါသည်။ ထိုကျေးအိုဒုက္ခိတတို့အား နောင်သံသရာ အရှည် မှန်း၍ စပါးနှံတချို့ကို ခွဲခြမ်းပြီးပေးကမ်းမျှတကာ အလှူဒါန

ပြုကြရပါသည်။ ၎င်းကိုပင် အနုဂါမိကရွှေအိုး မြှုပ်နှံသည်ဟု ဆိုရပါသည်။

လယ်ရှင်ပုဏ္ဏားသည် အလောင်းတော်ကျေးမင်း ဖြေရှင်းသော စကားကိုကြားရလေလျှင် "ဤကျေးမင်းကား လောကတလွား လူသားများထက်ပင် ဝတ္တရား သိတတ်၍ မြင့်မြတ်သောစိတ် ရှိပေစွ" ဟု အားရ နှစ်သိမ့် ပီတိ စိမ့်ပြီးသော် "အမောင်ကျေးသား၊ ကျုပ်၏လယ်ခင်းကို ဆွေရင်းမျိုးချာ ကျေးများစွာတို့နှင့် အလိုရှိရာ ချီဆောင်၍ ဝ,အောင်လည်း စားသုံးတော်မူ၊ နောက်ထပ်လည်း အရှင်ကျေးသား၏ မျက်နှာကို မကြာခဏတွေ့မြင်ပါရစေ" ဟု ပြောဆိုကာ ပျားရည်နှင့် ရောသော ပေါက်ပေါက်တို့ကို ဝ,လောက်အောင် ကျွေးမွေးသည့်ပြင် ကျော့ကွင်းမိ၍ ထိရှပွန်းပဲ့သော နေရာများကိုလည်း ဆီ,နနွင်းတို့ဖြင့် ဖြည်းညှင်းသာယာစွာ သုတ်လိမ်းပေးပြီးသော် ကောင်းမွန်စွာ လွှတ်လိုက်လေ၏။

ထိုအခါ အလောင်းတော် ကျေးမင်းက လယ်ရှင်ပုဏ္ဏားအား "အို—လယ်ရှင်ပုဏ္ဏား၊ အရှင်၏ အစားအစာကိုလည်း စားသုံးရပါပြီ။ မမေ့မလျော့ မပေါ့မဆသော သတိဖြင့် နေပြီးလျှင် အလှူခံ ပုဂ္ဂိုလ်အား ချီမြကြည်သာစွာ ပေးလှူပါလော့။ မိအို ဘအိုများကိုလည်း လေးစားကြည်ဖြူ အရေးယူပြီးလျှင် မွေးမြူပါလော့" ဟု တရား ဟောတော် မူပြီးလျှင် မိမိနေရာ လက်ပံတောသို့ ရွှင်လန်း ဝမ်းမြောက်စွာ ပြန်ကြွတော်မူလေ၏။

(ဆောင်) လောကဓမ္မတာ၊ လူ့တံထွာဖြင့်၊ နောင်ခါထို့တူ၊ မွေးစိမ့်ယူ၍၊ မှတ်ယူသောအား၊ သမီးသားကို၊ ဝတ်စားဆင်ယင်၊ သုတ်သင်လုပ်ကျွေး၊ ပြုစုမွေးက၊ ကြွေးသစ်ချသည်၊ သဘောမည်၏၊ ရှင်ကြည်အထူး၊ မွေးခဲ့ဘူးသည့်၊ ကျေးဇူးသခင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ခစားမကင်း၊ လုပ်ကျွေးခြင်းမူ၊ မယွင်းပညတ်၊ ကြွေးဟောင်းဆပ်တည်း၊ တရပ်သို့မှ၊ သမဏဗြာဟ္မဏာ၊ ယာစကာအား၊ သဒ္ဒါကြည်ဖြူ၊ ပေးလှူသည်မှာ၊ သံသရာဝယ်၊ လိုရာမည်သူး၊ သုံးရန်မျိုးဖြင့်၊ ရွှေအိုးမြှုပ်သည်၊ မည်လက်ရှောင်း၏၊ ကြွေးဟောင်းဆပ်လစ်၊ ကြွေးသစ်ချခြင်း၊ မြေတွင်းနှံ့ရိုး၊ သူမခိုးနိုင်၊ ရွှေအိုးမြှုပ်ထ၊ ဤကိစ္စနှင့်၊ သောကဆယ်မျိုး၊ နောင်မစိုးအောင်၊ သတိုးသက်ဝေ၊ ကျင့်တတ်စေလော့၊ တက်နေသို့ပြိုး၊ ဘုန်းရောင်တိုး၍၊ တန်ခိုးလျှံလိမ့် မည်သောကြောင့်[၁]။

## ကြွေးဟောင်းဆပ်ကြ, ကြွေးသစ်တည်ကြ, ရွှေအိုးမြှုပ်ကြ

ဖော်ပြပါ အလောင်းတော်ကျေးမင်း၏ လုပ်ထုံးကို နှလုံးသွင်း၍ မိဘတို့ကို အတတ်နိုင်ဆုံးပြုစုစောင့်ရှောက်လုပ်ကျွေး၍

---

၁။ မယ်ခဒဝလက်ဇ်ာသစ်။ ၃၂၁၊ ပိုဒ်။

ကြွေးဟောင်းဆပ်ကြရာ၏။ မိမိ၏ သားငယ် သမီးငယ်များကိုလည်း လူလားမြောက်အောင် မိဘ ဝတ္တရား ကျေပွန်စွာ ပြုစုစောင့်ရှောက်၍ ကြွေးသစ် တည်ကြကုန်ရာ၏။ ရတနာသုံးပါးအား လှူဒါန်းပူဇော်ခြင်း၊ သက်ကြီး ရွယ်အို ပုဂ္ဂိုလ်များအား လှူဒါန်းစောင့်ရှောက်ခြင်းတို့ကိုပြု၍ ရွှေအိုး မြှုပ်ကြကုန်ရာ၏။

(ဆောင်) မိခင် ဖခင်၊ ကျေးဇူးရှင်အား၊ နေ့စဉ်မြတ်လေး၊
ပြုစုမွေး၊ ကြွေးဟောင်း ဆပ်ကြပါ။

သားသမီးအား၊ လူလားမြောက်အောင်၊ စောင့်
ရှောက်မွေး၊ ကြွေးသစ်တည်ကြပါ။

အလှူခံများ၊ တတ်အားသမျှ၊ နိစ္စကြည်ဖြူ၊ အလှူ
ပြုလုပ်၊ ရွှေအိုး မြှုပ်ကြပါ။

# ဗြဟ္မာ့အမည် ရရှိကြခြင်း

ဘုရားမြတ်စွာသည် မိဘတို့ကို ဗြဟ္မာအမည်ရှိသူတို့ ဟူ၍လည်း ဟောကြားတော်မူသည်။ ဗြဟ္မာတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရ တရားလေးပါးတို့ကို အခါ ခပ်သိမ်း မစွန့်လွှတ်ကြပဲ ထာဝစဉ်အမြဲ လက်ကိုင်ထား သကဲ့သို့ မိဘ နှစ်ပါး တို့သည်လည်း သားသမီးအပေါ် ထို ဗြဟ္မဝိဟာရတရားလေးပါး ထာဝရအမြဲထားကြသည်။

## မေတ္တာဖြစ်ပွားကြပုံ

မိခင် ဖခင် ကျေးဇူးရှင် နှစ်ဦးတို့သည် မမွေး မဖွားသေးသော သားသမီးများကိုပင် 'ငါတို့သည် ဘယ်ခါကာလ ခါသမယတွင် ရောဂါ ကင်းရှင်း၍ အဆင်းအင်္ဂါ ပြည့်စုံစွာနှင့် ချမ်းချမ်းသာသာ မီးရှူးသန့်စင် ဖွားမြင်လာသည်ကို တွေ့မြင်ကြရပါကုန်အံ့နည်း' ဟူ၍ ချစ်ခင်ဟူသော မေတ္တာစိတ်သည် ယိုဖိတ်မတတ် အဆက်မပြတ် ဖြစ်ပေါ်နေကြသည်။

(ဆောင်) ရောဂါကင်းကွာ၊ ချမ်းသာစွာဖြင့်၊ ရတနာတုံး၊ သားရွှေတုံးကို၊ ပြုံးရွှင်ပိုမို၊ တို့မြင်လို၏၊ အစဉ်မကွာ၊ မေတ္တာ သက်ဝင်၊ လွန် ချစ် ခင် သည်၊ ခေါ်တွင်ဖြဟ္မာ မည်ကြောင်းတည်း။

ကရုဏာ ဖြစ်ပွားကြပုံ

မီးရှူးသုန်စင် ဖွားမြင်လာသော အခါ၌လည်း အိပ်ရာထက်၌ ပက်လက်ကလေးနေစဉ် မှုက်, ခြင်, ကြမ်းပိုး ကိုက်ထိုးနှိပ်စက် ဆင်းရဲစွာ အိပ်စက်ရခြင်းကြောင့် ရှိုက်ကြီးတငင် ပင်ပင်ပန်းပန်း မြည်တမ်းငိုကြွေးသံကို မိဘတို့ ကြားကြလျှင် သနား ကြင်နာခြင်း ကရုဏာသည် မျိုးသိပ်၍ မရအောင် ဖြစ်ကြကုန်၏။

(ဆောင်) ခြင်,မှုက်ခပဲ၊ ကိုက်ခဲလေရာ၊ ချိန်အခါ၌၊ မာတာပိတာ၊ မိန္ဒင့်ဘမှာ၊ ကရုဏာပွား၊ တဖွားဖွားသည်၊ မှတ်သားဖြဟ္မာ၊ မည်ကြောင်းတည်း။

မုဒိတာ ဖြစ်ပွားကြပုံ

စကားစမြည် မပီကလာပီကလာနှင့် တောင်တောင် ဤဤ တီတီတာတာ ပြောဆိုတတ်သောအရွယ်၊ မတ်တတ်ပြေးလွှား ကစားခုန်စားပြုနိုင်သောအရွယ်၊ မိုးဦးပေါက်သစ်မျှစ်စို့သဖွယ်

ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် ပျိုမျစ်လှပ ကိုယ်ပေါက် ကိုယ်ရောက် မို့မောက်လှပ ကျနသော အရွယ်၊ တင့်တင့် တယ်တယ် ရှုချင်စဖွယ်ပြင်ဆင်၍ ဆင်ယင်ဝတ်စားထားသော အခါ၊ စာမေးပွဲများအောင်ရာအခါ၊ လူရည်ချွန် စသည်ရရာ စသည်များ၌ မိဘနှစ်ဦးတို့ ကြည်နူးနှစ်သိမ့်ကြ၍ တစိမ့်စိမ့် ပီတိဖြစ်ကာ မုဒိတာဖြစ်ကြကုန်၏။

(ဆောင်) မပီကလာ၊ပီတလာနှင့်၊ တာတီကဲပို၊နှုတ်ချိုစကား၊ ပြောကြားတတ်ရာ၊ ရွယ်ချိန်ခါနှင့်၊ သဘာယာ သင့်တင့်၊ ရှုချင့်စဖွယ်၊ အရွယ်များမှာ၊ မာတာပီတာ မိနှင့်ဘ၊ မုချမုဒိတာ ဖြစ်သတည်း။

## ဥပေက္ခာ ဖြစ်ပွားကြပုံ

မိဘတို့သည် သားယောကျ်ား အရွယ်ရောက်လျှင်လည်း သင့်တင့်သောသတို့သမီးနှင့် လက်ထပ်ထိမ်းမြားပေးကြရသည်။ သမီး မိန်းကလေးအရွယ်ရောက်လျှင်လည်း 'သမီးကညာအခါ မလင့်' ဆိုသည့်အတိုင်း အခါမလင့် အခါမလွန် စေရဘူး။ 'အိမ်ထောင်မချ၊ သမီးလှအား၊ မြင့်ရှည်ထားသော်၊ မောင်ဘွား မိဘ၊ ထိန်းရခဲ၊ အရှက်ကွဲ၏' ဟူသည့် အတိုင်း မိဘ တို့သည် သမီးကို အိမ်ထောင်မချပဲ အကြာကြီးကြာအောင် မထားရဘူး။ ယင်းသို့အကြာကြီးကြာအောင်မထားပဲ သင့်တင့် သော သတို့သားနှင့် စုလျားရစ်ပတ် လက်ထပ် ချီးမြှောက်

ထောက်ပံ့ပြီးသောအခါ ငါတို့ သားသမီးများကား လောက ခမ္မတာအိမ်ရာတည်ထောင် လူ့ဘောင်၌ တင့်တောင့်တင့်တယ် နေနိုင်ကြပြီ။ ကိုယ့်ဒူး ကိုယ်ချွန်နိုင်ကြပြီ။ လူကြီးလုပ်တတ်ကြ ပြီဟု ယုံကြည်မျှော်လင့်၍ သင့်တင့်အောင် စိတ်ထားကြသဖြင့် မိဘ နှစ်ပါးတို့အား ဥပေက္ခာတရား ဖြစ်ပွားကြကုန်၏။

(ဆောင်) ချစ်၍မအား၊ငါတို့သားကား၊လူလားမြောက်ပြီ
ပြည့်စုံပြီတည်း၊ ကိုယ့်နည်း ကိုယ့်ဟန်၊ ကိုယ့်ဝန်
ကိုယ်ထမ်း၊ လူတန်းစေ့ပြီ၊ ရည်ရွယ် ကြကာ၊
ဥပေက္ခာကား၊ မှန်စွာမချွတ် ဖြစ်သတည်း။

ဤသို့ဖြင့် ဗြဟ္မာတို့အလား မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တရား လက်ကိုင်ထားကြသဖြင့် မိခင် ဖခင်တို့သည် ဗြဟ္မာအမည်ကို ရကြပေသည်။

## ပုဗ္ဗာစရိယ လက်ဦးဆရာမည်ကြခြင်း

မိဘနှစ်ဦးတို့သည် လက်ဦး ဆရာတို့လည်း မည်ကြသည်။ မိဘတို့သည် မိမိတို့သားသမီး မွေးဖွားပြီးသည်ကစ၍ ယုယ ပိုက်သွေးအနေးတယုပြုစုခဲ့ကြပြီးလျှင်တဖြည်းဖြည်း နေပုံထိုင်ပုံ၊ စားပုံ သောက်ပုံ၊ ပြောဆိုပုံကစပြီး အဖုံဖုံအစုံစုံ ရှေးဦးမဆွ အစလက်မှန် သင်ပြခဲ့သော ပုဂ္ဂိုလ်တို့ဖြစ်ရကား 'ပုဗ္ဗာစရိယ= လက်ဦးဆရာ' ဟူသော အမည်ထူးကို ဆွတ်ခူးကြကုန်၏။

## အာဟုနေယျဟူသော အမည်ကို ရရှိကြခြင်း

သားသမီးတို့သည် ခရီးတိုင်တာ ကွာလှမ်းသည့် အရပ်မှ ဆင်းရဲ ပင်ပန်းစွာ ဆောင်ယူ လာခဲ့သော ဝတ္ထု ပစ္စည်း စားသောက်ဖွယ်တို့ဖြင့် မိဘနှစ်ပါးတို့အား လေးမြတ် ကြည်ဖြူစွာ လုပ်ကျွေးအပ်၊ လုပ်ကျွေးသင့်၊ လုပ်ကျွေးထိုက်ပေသည်။ သို့ဖြစ်၍ မိဘနှစ်ဦးတို့သည် 'အာဟုနေယျ'ဟူသော အမည်ကိုလည်း ရရှိ ပိုင်ဆိုင်ကြကုန်၏။

ထို့ကြောင့် ဘုရားမြတ်စွာသည်—

ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ။
အာဟုနေယျာစ ပုတ္တာနံ၊ ပဇာယအနုကမ္ပကာ။
တသ္မာဟိ နေ နမဿေယျ၊ သက္ကရေယျစ ပဏ္ဍိတော။
အန္နေန အထပါနေန၊ ဝတ္ထေန သယနေနစ။
ဥစ္ဆာဒနေန နှာပနေန၊ ပါဒါနံ ဓောဝနေနစ။
တာယနံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။
ဣဓေဝနံ ပသံသန္တိ၊ ပေစ္စသဂ္ဂေ ပမောဒတိ။[၁]

ဘိက္ခဝေ၊ ချဉ်းကပ်ခစား ရဟန်းများတို့။ မာတာပိတရော၊ မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင်တို့ကို။ ဗြဟ္မာတိ၊ ဗြဟ္မာတမူ

............................................................................

၁။ အံ၊ ၁၊ ၁၃၁။ သဗြဟ္မကသုတ်။ အံ၊ ၁၊ ၃၈၂။ ဗြဟ္မသုတ်။

အလားတူသော ပုဂ္ဂိုလ်တို့ဟူ၍လည်းကောင်း။ ပုဗ္ဗာစရိယာတိ၊ ရှေးဦးမဆွ အစလက်မှန် သွန်သင်ညွှန်တတ် ဆရာမြတ်တို့ ဟူ၍ လည်းကောင်း။ ဝုစ္စရေ၊ သမုတ်ပညတ် ခေါ်ဆို အပ်ကုန်၏။ ပုတ္တာနံ၊ ချစ်၍မငြီး သားသမီးတို့၏။ အာဟုနေယျာစ၊ ဝေးရပ် ကပင် ယူဆောင်ငင်၍ လှန်လျှင်လေးမြတ် ပူဇော်အပ်သော အလှူဝတ္ထု အတန်တန်ကိုလည်း ခံယူထိုက်ကုန်၏ဟူ၍။ ဝုစ္စရေ၊ သမုတ်ပညတ် ခေါ်ဆိုအပ်ကုန်၏။

ပဇာယ၊ ပဇာမည်ငြား သားသမီးများကို။ အနုကမ္ပကာ၊ နေ့ညမခြား အစဉ်ထာဝရ သနားစောင့်ရှောက် ချီးမြှောက် တတ်သူတို့ ဟူ၍။ ဝုစ္စရေ၊ ခေါ်ဆိုပညတ် သမုတ်အပ်ကုန်၏။

တသ္မာဟိ-တသ္မာဧဝ၊ ထိုသို့ဗြဟ္မာသညီ အမည်နာမ ရကုန် သူတို့၏ အဖြစ်ကြောင့်။ ပဏ္ဍိတော၊ အသိပညာ မကျ မလွှတ် ဖြစ်တတ်သောသားသမီးသည်။ ဝါ-ပညာရှိသားသမီး သည်။ နေ၊ ထိုကျေးဇူးကြီးမားမိဘနှင့်ပါးတို့ကို နမသေယျ၊ ရှိခိုးမြတ်နိုး ရှိခိုးလည်း ရှိခိုးရာ၏။ အန္နေနစ၊ ထမင်း စသား စားဖွယ်များဖြင့် လည်းကောင်း။ အထ၊ ထိုမှတပါး။ ပါနေနစ၊ အဖျော်ယမကာ အစရှိသော သောက်ဖွယ်ဖြင့် လည်းကောင်း။ ဝတ္ထေနစ၊ ထမိ, အင်္ကျီ, တဘက်ခြုံထည် အစရှိသော အဝတ် ဖြင့် လည်းကောင်း။ သယနေနစ၊ ခုတင်, မွေ့ရာ အစရှိသော အိပ်ရာနေရာဖြင့် လည်းကောင်း။ ဥစ္ဆာဒနေနစ၊ မကောင်း ဆိုးရွား အနံ့များကို ပယ်ရှားခြင်းငှာ အထက်၌ နံ့သာလိမ်း

ပေးသဖြင့် လည်းကောင်း။ နှာပနေနနှစ၊ ရေချိုးပေးခြင်းဖြင့် လည်းကောင်း။ ပါဒါနံ၊ ခြေတို့ကို။မဒ္ဒနေနစ၊ ဆေးကြော သုတ်သင် ပေးခြင်းဖြင့် လည်းကောင်း။ သက္ကရေယျ၊ ကောင်းစွာလည်း ပြုစုရာ၏။ ဝါ–အရိုအသေလည်း ပြုရာ၏။

မာတာပိတူသု၊ မြင်းမိုရ်ဆယ်ပြန် ကျေးဇူးလွန်သည့် ချစ်ဝှန် ကဲထ အမိအဘတို့၌။ တာဒိသပါရိစရိယာယ၊ ထိုသို့ ရိုသေ မြတ်လေး ပြုစုလုပ်ကျွေးခြင်းဖြင့်။နံ၊ ထိုမိဘနှစ်ပါး လေးစား မြတ်လေး လုပ်ကျွေးသော သားသမီးကို။ပဏ္ဍိတာ၊ ဉာဏ်အသိ မကွာ ပညာရှိသည်။ ဣဓေဝ၊ ဤယခုမျက်မြင် ပစ္စုပ္ပန် ဘဝ၌ ပင်လျှင်။ ပသံသန္တိ၊ တော်ပါပေစွ-ကောင်းပေစွဟု ယုံကြည် စိတ်ဝမ်း ချီးမွမ်းကြကုန်၏။ သော၊ ထိုမိဘနှစ်ပါး လေးစား ကြိုးကုတ် လုပ်ကျွေးသော သားသမီးသည်။ ပေစ္စ၊ တမလွန် လောက နောက်ဘဝသို့ရောက်၍။ သဂ္ဂေ၊ ထက်ရင်ဌာနီ ဘုံနတ်ပြည်၌။ မောဒတိ၊ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ရပေ၏။

(ဆောင်) လက်သစ် တောင်တာ၊ ယှဉ်ဇနာပေါင်း၊ တာပြန် လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့် ဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မေးမိဖခင်၊ ကျေးဇူးရှင်နှင့်၊ ထိုပြင်တခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရားတဆူ၊ ဂူတလုံးသွင်၊ စိတ်က ထင်လျက်၊ ဦးတင်လက်ထား၊ အစားအဝတ်၊ မလွတ်ရစေ၊ ရေပူရေအေး၊လိုရာပေး၍၊မွေးကျွေး

ကြပေ၊ တတွေ့မှတ်သား၊ အခါး, အချို၊ သူတို့ဆိုလည်း၊ ဘိုးဘွားမိဘ၊ ဆရာစသည်၊ ပြသဆိုတွေ့မျိုတတ်စေ၊။

## ပုဗ္ဗဒေဝတာ=လက်ဦးနတ်

"ပုဗ္ဗဒေဝတာ ဘိက္ခဝေ မာတာပိတူနံ ဧတံ အဓိဝစနံ"[၁]။ ရဟန်းတို့၊ ပုဗ္ဗဒေဝတာ=ရှေးဦးနတ် ဟူသော အမည်ဟာ အမိအဘတို့၏ အမည်နာမ ဝေါဟာရဖြစ်တယ်လို့ ဘုရားရှင် ဟောတော်မူသည်။ သားသမီးတို့သည် မိဘ နှစ်ပါးတို့ကို အားထား အမှီပြုရသဖြင့် သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်တို့၏ အကြောင်းကို သိကြသည်။ ယင်းသို့ သိရသဖြင့် ကျင့်ကြံအားထုတ်မှုသာလျှင် ထိုကောင်းမှုကုသိုလ်၏ အကျိုးအာနိသင်ကို ခံစားကြရသည်။ သို့ဖြစ်၍ သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်တို့ကား နောက်မှ သိမြင်တွေ့ကြုံရသော နတ်များဖြစ်ကြ၍ 'ပစ္ဆာဒေဝတာ' မည်ကြ၏။ မိဘနှစ်ပါးတို့ကား ထိုနတ်သုံးဦးတို့၏ ရှေးဦးမဆွ အစစွာ ကျေးဇူးဥပကာရ ရသောကြောင့် 'ပုဗ္ဗဒေဝတာ=လက်ဦးနတ်' မည်ကြသည်။

---

၁။ အရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာဆုံးမစာ။ ၁–ပုဒ်။

၂။ အံ၊ ၁။ ၃၀၂၊ ဗြဟ္မသုတ်။

(ဆောင်) သမ္မုတိ ဥပပတ်၊ နတ်ဝိသုဒ္ဓိ၊ တို့၏ဦးစွာ၊ ဥပကာရ၊ ကျေးဇူးရသဖြင့်၊ မုချနှစ်ပြင်၊ မိဖခင်၊ ခေါ်တွင် ပုဗ္ဗဒေဝတာ ဟူသတည်း။

## အမိအာဘနှင့် ဝိသုဒ္ဓိနတ်

နတ်သည်—

၁။ သမ္မုတိနတ်၊

၂။ ဥပပတ္တိနတ်၊

၃။ ဝိသုဒ္ဓိနတ်—

ဟူ၍ သုံးမျိုးရှိ၏။

ယင်းသုံးမျိုးတွင် လူအများ သမုတ်တင်မြှောက်အပ်သော ဘုရင်မင်းမြတ်ကို 'သမ္မုတိနတ်' ဟု ခေါ်သည်။ ထက်ရပ် နတ်ဘုံများ၌ ပျော်ပါးရွှင်ကြည် တည်ရှိကြသော နတ်တို့ကို 'ဥပပတ္တိနတ်' ဟု ခေါ်သည်။ သဗ္ဗညုဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါ ရဟန္တာသခင် အရှင်မြတ်တို့ကို 'ဝိသုဒ္ဓိနတ်' ဟု ခေါ်ဆိုကြသည်။

ထိုနတ်သုံးမျိုးတို့တွင် အမိအဘနှစ်ပါးတို့ကား ဝိသုဒ္ဓိနတ်တို့နှင့် တူလေသည်။ တူပုံကား ဤသို့တည်း။ ဝိသုဒ္ဓိနတ် ဖြစ်တော်မူကြသော အာသဝေါကင်းကွာ ရဟန္တာသခင် အရှင်မြတ်တို့သည် တရားမယှဉ် ဗာလပုထုဇဉ်တို့၏ ပြစ်မှား

ကျူးလွန်မှုကို အလေးမပြု ဂရုမမူပဲ ထိုဗာလပုထုဇဉ်တို့၏ အကျိုးစီးပွား တိုးတက်ရေးကိုသာ ငဲ့မျှော်တော်မူကြ၍ ဗာလပုထုဇဉ်တို့၏ အပူဇော်မှန် အလှူတော်ကို ခံတော်မူကြ၍ ဗာလပုထုဇဉ်တို့၏ ပူဇော်သက္ကာရကျိုးကို ဖွံ့ဖြိုးတိုးပွားကြီးမား အောင် ရွက်ဆောင်တော်မူကြလေသည်။

ထိုနည်းတူစွာပင် ဥပကာရဂုဏ်ထူး ကျေးဇူးရှိတော်မူကြ သော မိဘတို့လည်း သားဆိုးသမီးဆိုးတို့၏ စက်ဆုပ် ဖွယ်ရာ မသမာသောအချက်တို့ဖြင့် နှိပ်စက်ရမ်းကား ပြစ်မှားလွန်ကျူး ခြင်းကို ဝမ်းတွင်းမခု ဂရုမမူ အပြစ်မယူပဲ ထိုသားသမီးတို့၏ ကြီးပွားရေး, စီးပွားရေး, ချမ်းသာရေးလောက်ကိုသာ မျှော် ထောက် ငဲ့စား လိုလားကြသည်ဖြစ်၍ သားသမီးတို့၏ ရိုသေ ကော်ရော် ပူဇော်လုပ်ကျွေး မွေးမြူပေးသည့် အကျိုးဖွံ့ဖြိုး ထွန်းကား၍ ကြီးပွား ကြရလေအောင် အလှူခံ အဖြစ်ဖြင့် ရွက်ဆောင်ကြရလေ၏။ ထို့ကြောင့် မိဘနှစ်ပါးကို 'ဝိသုဒ္ဓိ နတ်များနှင့်တူသည်' ဆိုရလေသည်။

## နတ်များ စာရင်း ကောက်ယူခြင်း

စတုမဟာရာဇ် နတ်မင်းကြီးတို့သည် ဥပုသ် သီတင်းနေ့ များတွင် လူ့ပြည်သက်ဆင်း လှည့်လည်ကြပြီးလျှင် အမိ,အဘ ပြုစုလုပ်ကျွေးသူတို့၏အမည်,နေရပ်, အမျိုးအနွယ်စာရင်းတို့ကို ရွှေပေ(ရွှေပြား)၌ ရေးသွင်း စာရင်းကောက်ယူကြ၍ တာ ဝတိံသာ နတ်ပြည် သုဓမ္မာ နတ်သဘင် အစည်း အဝေး၌

"မည်သည့်မြို့ရွာက မည်သူသည် ကုသိုလ်ကောင်းမှုပြု၍ မိခင်ဖခင်ကျေးဇူးရှင်ကြီးများကို ခစားမြတ်လေး ရိုသေစွာ လုပ်ကျွေးပါသည်" ဟု ပိပြင်စွာ စာရင်းဖတ်၍ နတ်အများအား ပြောကြား သိစေကြကုန်၏။

ထိုအခါ သိကြားမင်းနှင့်တကွ စည်းဝေးရောက်ရှိကြသော နတ်အပေါင်းတို့သည် ကောင်းမှုကုသိုလ်ပြု၍ မိဘ လုပ်ကျွေးကြသူတို့၏ စာရင်းကို ရှင်းလင်းပြတ်သားစွာ နားကြား ကြရလျှင် "ငါတို့ဌာနီ နတ်တို့ပြည်သည် လွန်စွာစည်ကားနတ်သစ်တွေများတော့မည်" ဟု စိတ်ထားကြည်ညိုကာ နှစ်လို ဝမ်းမြောက်ကြကုန်၏။ မိဘ လုပ်ကျွေးသူများ စာရင်း နည်းပါးလျှင် စိတ်မရွှင်လန်းပဲ ရှိကြကုန်၏။

သို့ဖြစ်၍ အမိအဘကို ယုယုယယ လုပ်ကျွေးသူ များသည် နတ်ပြည်၌ စာရင်းရောက်၍ နာမည်သတင်း ပေါက် ပြီး သား ဖြစ်ကြသဖြင့် မိဘလုပ်ကျွေးပြုစုသော ကုသိုလ်ကို နတ်ပြည်ရောက်ကြောင်း ကုသိုလ် ကောင်း အစစ်အမှန် ဖြစ်သည် ဟု မချကေန်ဆိုရသည်ဖြစ်၍ ထိုကုသိုလ်မျိုးကို ကြိုးကြိုး စားစား ပြုရာ၏။

ဝင်းပြင် ကမ္ဘာ ပျက်ခါနီးတွင်လည်း "အို- အချင်းတို့၊ နောက်နှစ်ပေါင်းတသိန်း ကျရောက် လေလျှင် ဤကမ္ဘာကြီး ပျက်စီးတော့မည်။ ထို့ကြောင့်အမောင်တို့အမိတို့၊ မေတ္တာပွားကြ၊ ကရုဏာ, မုဒိတာ, ဥပေက္ခာပွားကြပါ။ထို့ပြင်အမိအဘကို တုပ်ကွမြတ်လေး လုပ်ကျွေး ကြပါကုန်" စသည်ဖြင့် လူသား တို့အား သတိပေး ကြွေးကြော်ကြကုန်၏။

ယင်းသို့အမိနှင့်အဘကိုအႏိုကထား၍ နတ်များကြွေးကြော်ကြသည်ကို ထောက်လျှင် မည်မျှလောက် ကျေးဇူးကြီးမား၍ နတ်များကပင် အရေးထားကြောင်း ကောင်းစွာ သိကြပေသည်။

## မိဘနှစ်ပါးအား မေတ္တာပွားများရန်

ရင်းပြင် မိဘနှစ်ပါးတို့အားလည်း—

"မာတာပိတရော အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ"

ဟု ပါဠိသက်သက်ဖြင့်လည်း မေတ္တာပွားများရာ၏။ သို့မဟုတ် "မာတာပိတရော၊ အမိအဘ တို့သည်။ အဝေရာ၊ တွင်းပန်နှစ်တန်ရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ အဗျာပဇ္ဇာ၊ စိုးရိမ်ကြောင့်ကြဗျာပါဒ မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ၊ စိတ်ဆင်းရဲခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်ဖြစ်၍။ အတ္တာနံ၊ အတ္တဘောကို။ ပရိဟရန္တု၊ ဆောင်နိုင်ကြပါစေကုန် သတည်း။ ဒုက္ခာ၊ ဆင်းရဲဟူသမျှမှ။ မုစ္စန္တု၊ လွတ်မြောက်ကြပါစေကုန်သတည်း။ ယထာလဒ္ဓ သမ္ပတ္တိတော၊ ရရှိမြဲ လက်ရှိစည်းစိမ်မှ။

မာဝိဂစ္ဆန္တု၊ မကင်းကြ ပါစေ ကုန်သတည်း။ ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိသူတို့ပါတကား။” ဟူ၍လည်း ပါဠိအနက်နှစ်ချက်တွဲ၍ ရွတ်ဆို မေတ္တာပွားရာ၏။

သို့မဟုတ် အောက်ပါဂါထာ ပါဠိအနက်ဖြင့်လည်း မေတ္တာ ပွားရာ၏။

သိနေရုသန္နိဘာ သန္တာ၊ မာတာ ပိတာ ဟိတာဝဟာ။
သုခိတာ ပုညဝန္တော၊ မုစ္စန္တု ဒုက္ခသမ္ဘဝါ။ ။

သိနေရုသန္နိဘာ၊ ရွှေရောင် မြပန် လေးတန်ရောင်စို တောင် မြင်းမိုရ်နှင့် တူတော် မူကြကုန်သော။ သန္တာ၊ သားသမီးများ အပေါ်မှာ မေတ္တာရေ အအေးဓာတ် ကိန်းဝပ်ကြကုန်သော။ ဟိတာဝဟာ၊ သားနှင့်သမီး ချစ်မငြိုးတို့၏ ပစ္စည်းအထွေထွေ ရွှေငွေစပါး အစီးအပွားတိုးအောင် ရွက်ဆောင်တော်မူကြကုန်သော။ မာတာပိတာ၊ ငယ်စဉ်တောင်ကျေး ကလေးကာစ နို့ချို ကို ဝအောင်တိုက်ကျွေး၍ မွေးဘူး ပေးဘူး ကျေးဇူးကြီးမား မိဘနှစ်ပါးတို့သည်။ သုခိတာ၊ သော်တာစန်းယုန် ပန်းပဒုမ် အသွင် ရှင်ကြည်လန်းစွာ ချမ်းသာတော်မူကြကုန်သည်ဖြစ်၍။ ပုညဝန္တော၊ ဒါန,သီလ,ဘာဝနာပေါင်းစု ကောင်းမှု တရား နေ့စဉ်ပွားကြ ကုန်လျက်။ ဒုက္ခသမ္ဘဝါ၊ဒုက္ခ ဖြစ်ကြောင်း မကောင်းရန်စွယ် အန္တရာယ်ဟူသမျှမှ၊ မုစ္စန္တု၊ပိန်းကြာဖက်ပြင် ရေမတင် သကဲ့သို့ လျင်မြန် ဆောစွာ ကင်းလွတ်တော်မူကြ ပါစေကုန်သတည်း။

## မိဘလုပ်ကျွေးက အကျိုးဆယ်ပါး ရရှိနိုင်

ဘုရားရှင်သည် ကျေးဇူးရှင် မိခင်ဖခင်တို့အား လုပ်ကျွေးပြုစုသော ရဟန်းအားဖြစ်စေ၊ လူဝတ်ကြောင် ပုဂ္ဂိုလ်အားဖြစ်စေ ချီးမွမ်းတော်မူသည်။ မိဘကို ရိုသေမြတ်နိုးလေး လုပ်ကျွေးပြုစုပါက—

လူ့ဘဲဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာမိဘ၊ ဘုရားစသား၊ ထိုမျှမိတ်ချစ်၊ သူတော်စင်ကို၊ မပြစ်မမှား၊ သူတို့ အားကား—

၁။ ဟာပါးရပ်ရွာ၊ သွားစပါလည်း၊ အစားအစာ၊ မရှားပါပဲ၊ ရောက်သွားရာရာ၊ ပူဇော်လာ၏။

၂။ ရာဇာ စောရ၊ ဒမြခိုးသူ၊ ကလူနိုင်ထက်၊ မနှိပ်စက်ရာ။

၃။ မျက်နှာချစ်ဖွယ်၊ လှသဖွယ်နှင့်။

၄။ ပွဲလယ်အထူး၊ ရဲဂုဏ်မြူးလျက်။

၅။ ကျေးဇူးသတင်း၊ ကျော်ခြင်းမိုးပျံ။

၆။ ခြံရံမကွဲ၊ အမြဲမကွေ့။

၇။ ကျက်သရေနတ်နှယ်၊ တင့်တယ်ပွင့်လင်း။

၈။ ဆင်, မြင်း, ကျွဲ, နွား၊ လယ်ယာများ၌၊ စပါးဆန်နှံ၊ သီးခွံမပျက်။

၉။ တောင်ထက် ချောက်ကမ်း၊ စွဲလမ်းလွှတ်ကွာ၊ ကျော်ပါလည်း၊ တည်ရာရခြား။

၁၀။ သားနှင့် သမီး၊ ညောင်ပင်ကြီးသို့၊ ခိုင်ပြီး ခြေမြစ်၊ မြဲမြဲဖြစ်ဟု–

စင်စစ်မှန်လှ၊ ဟောဖော်ပြသား၊ ဒသမိတ္တ၊ ပူဇနဂါထာ၊ ဤဆယ်ဖြာကို၊ ကောင်းစွာနားလည်၊ မှတ်သားတည်လော့[၁]။

ဟူသည့် ၁၀ ပါးသောအကျိုးကို လင်ငင်းမှုချ ရနိုင်လေသည်။

၎င်းအကျိုး ၁၀ ပါးအပြင် နတ်ကောင်း နတ်မြတ်တို့က လည်း မပြတ် စောင်မ၍ ရောက်ရှိခံစားရသော ရောဂါဝေဒနာများကို ဆေးဝါးဖြင့် ကုသကြောင်း ထုံးဟောင်း သာဓက ဇာတက ဒေသနာလည်း ရှိပေသည်။ ထိုဝတ္ထု ဇာတ်ကွက်မှ လိုရင်းအချက်ကို အောက်ပါအတိုင်း ဖတ်ရှုလေ့လာသိရှိရာ၏။

---

၁။ မဃဒေဝလင်္ကာသစ်။

## သုဝဏ္ဏသာမဇာတ်

ဘုရားလက်ထက်တော် အခါက သာဝတ္ထိ မြို့တော်သား ရဟန်းတော်တပါးသည် စားရမဲ့ သောက်ရမဲ့ ဖြစ်နေရသော မိဘနှစ်ပါးကို စားဦးစားဖျားပေး၍ မွေးမြူခြင်းကြောင့် အခြားရဟန်းများက အပြစ်ရှိသည် ဟူသော အထင်ဖြင့် ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က "မိဘလုပ်ကျွေးသော ရဟန်းအား အပြစ်တစုံတရာမရှိ။ ငါဘုရားအလိုတော်ကျဖြစ်ပေသည်" ဟု မိန့်တော်မူကာ သာဓုသုံးကြိမ်ခေါ်တော်မူသည့်အပြင် "ဤရဟန်းတော်သည် အပြစ်ရှိသောအမှုကိုပြုလုပ်သည် မဟုတ်။ ရှေးပညာရှိ သူတော်ကောင်းတို့ ပြုလုပ်မြဲဖြစ်သော ထုံးဥပဒေသကို ပြုလုပ်ပေသည်တကား" ဟု မိန့်ကြားတော်မူပြီးနောက် သုဝဏ္ဏသာမ ဇာတ်တော်ကို သက်သေသာဓကပြု၍ ဟောကြားတော်မူလေသည်။

ရှေးအတိတ်အခါက "မိဂသမ္မတာ" မြစ်၏ အနီးတွင် သိကြားမင်းလှူဒါန်းသော သင်္ခမ်းကျောင်းဝယ် မျက်စိနှစ်ကွင်း အလင်းမရသော မိဘနှစ်ပါးကို ခစားလုပ်ကျွေးနေသော ဘုရားအလောင်းတော် သုဝဏ္ဏသျှံ သည်တို့သားသည် သမင်အပေါင်း ခြံရံလျက် ရေဆိပ်သို့ ဆင်းသက်လေရာ သမင်သားကို စားလို၍ တိုင်းပြည်ကို အပ်နှင်းကာ ဟိမဝန္တာတော

အရပ်သို့ အဖော်မခေါ် တယောက်ထီးတည်း ထွက်လာသော ဗာရာဏသီ တိုင်းပြည်သနင်း ပိဠိယက္ခမင်း တွေ့မြင်သဖြင့် အဆိပ်လူးမြားဖြင့် တအားကုန် ပစ်လိုက်သည်တွင် အလောင်းတော် သုဝဏ္ဏသျှံသည် မြားမှန်သဖြင့် ကျွမ်းပြန်ကာ လဲသွားလေ၏။

ပိဠိယက္ခမင်းသည် အလောင်းအလျာ ညည်းတွားသော အခါကျမှ လူဖြစ်ကြောင်း သိရှိရ၍ အနီးသို့ လာရောက်ကာ မျက်ရည်လွှတ်စို ငိုယိုရာပြီးသော် မျက်မမြင် ဒုက္ခိတ မိဘနှစ်ပါးကို သွား၍ ခေါ်ပေးလေ၏။

မိဘများလည်း သားအနီးရောက်ကြ၍ သစ္စာဆိုနေကြစဉ် ဗဟုသုန္ဒရီ အမည်ရှိသော နတ်ဒေဝီလည်း ကိုယ်တိုင်လာ၍ သစ္စာဆိုသဖြင့် အလောင်းတော် သုဝဏ္ဏသျှံသည် အဆိပ်ကျေပ ထနိုင်လေရာ ရောဂါကင်းစင်၍ ကျေးဇူးရှင် မိဘနှစ်ပါးတို့မှာလည်း မျက်စိနှစ်ကွင်း အလင်းရကြလေကုန်၏။

ထိုအခါ အလောင်းတော် သုဝဏ္ဏသျှံသည် ပိဠိယက္ခမင်းအား "အို-မင်းသား၊ မိဘနှစ်ပါးကို ယုယုယယ လေးလေးစားစား လုပ်ကျွေးမွေးမြူသောသူကို တန်ခိုးကြီးမားသော နတ်များကသော်လည်း ဆေးဝါး မန္တရားဖြင့် ကုသစောင့်မကြပါသည်။ ထို့ပြင် မိခင် ဖခင်တို့အား လုပ်ကျွေးမွေးမြူသောသူကို ယခုဘဝမှာပင် ပညာရှိတို့က 'တော်ပါပေ၏၊ ကောင်းပါပေစွ' ဟု ချီးမွမ်းကြသည်။ သေလွန်ပြန်လျှင် ထက်ရပ်ဌာနီ ဘုံနတ်ပြည်၌ ဖြစ်၍ နတ်စည်းစိမ်ကို ခံစားရပါသည်" စသည်ဖြင့် ဟောကြားတော်မူသည်ကို ပိဠိယက္ခမင်း ကြားနာရ

သဖြင့် ကောင်းစွာလိုက်နာ ကျင့်ကြံလေရာ သေသည်၏အခြား မဲ့၌ နတ်ပြည်၌ ဖြစ်ရလေသည်။ သုဝဏ္ဏသျှံ မိသားသုံးဦးတို့ ကား ဈာန်အဘိညာဉ် ရကြ၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကြရကုန်၏ ။

(ဆောင်) တောခြေမြိုင်ခွင်၊ ကပ်ဒေလဝင်သည့်၊ ရှင်သုဝဏ္ဏ၊ လောင်းသာမလည်း၊ မိဘနှစ်ယောက်၊ မျက်စိ မှောက်အား၊ ချိတ်ကောက်တံချူ၊ သစ်သီးယူ၍၊ ကြည်ဖြူမကွေ၊ လုပ်ကျွေးပေရှင့်၊ မြူတေ လန်း လန်း၊ မြရည်ဖျန်းသို့၊ နီမြန်းလည်ရေး၊ နတ်အာ မွေးနှင့်၊ ရွှေကျေးသူတော်၊ ဟောဝန်ပျော်လည်း၊ မမျှော်မျက်စိ၊ ဘနှင့်မိကို၊ ဆောင်ဘိစားရေး၊ လုပ်ကျွေးရှင့်၊ သက်ဝေဖြာသွယ်၊ သားပန်း နွယ်လည်း၊ မပယ်မရှား၊ မိဘအားကို၊ ဆပ္ပား သိမ်မွေ့၊ လုပ်ကျွေးလေ့ဖြင့်၊ စုတေ နတ်ရွာ ရောက်စေမင်း[၂]။

## အရွှေ အရပ်မျက်နှာအလား မိဘနှစ်ပါး

ဘုရားရှင်သည် အမိအဘနှစ်ပါးတို့ကို အရွှေ အရပ်မျက်နှာ အလား အသွတ်အမြတ်ထား၍ ဟောကြားတော်မူသည်။ မိဘ

---

၁။ အကျယ် ဇာ၊ ၄၊ ၆။ ၇၅–၁၁၇–ကြည့်။

၂။ မာဘောဝါဒဆုံးမစာ၊ ၂၄–ပိုဒ်။

တို့ကို "ပုဗ္ဗဒိသာ" အရှေ့အရပ်မျက်နှာ၌ ထားအပ်သော ပုဂ္ဂိုလ်၊ ဆရာသမားတို့ကို တောင်အရပ်မျက်နှာ၌ ထားအပ်သော ပုဂ္ဂိုလ်၊ သား, မယားတို့ကို အနောက်အရပ် မျက်နှာ၌ ထားအပ်သော ပုဂ္ဂိုလ်၊ အဆွေခင်ပွန်းတို့ကို မြောက်အရပ် မျက်နှာ၌ ထားအပ်သော ပုဂ္ဂိုလ်၊ ကျေးကျွန် အမှုလုပ် အစေအပါးတို့ကို အောက်အရပ်မျက်နှာ၌ ထားအပ်သော ပုဂ္ဂိုလ်၊ ရဟန်းပုဏ္ဏားတို့ကို အထက်အရပ်၌ ထားအပ်သော ပုဂ္ဂိုလ်တို့ဟူ၍ ဟောတော်မူသည်[1]။

(ဆောင်) မိဘမည်ငြား၊ ဤနှစ်ပါးကို၊ ရှေ့ထားအပ်စွ၊ ဘာဝတ္ထကြောင့်၊ ပုဗ္ဗဒိသာ(ပုဗ္ဗဒိသာ)၊ မျက်နှာရှေ့မှတ်၊ ဆရာမြတ်အား၊ မပြတ်ကာလ၊ ပူဇော်ရကြောင့်၊ ဒက္ခိဏာခေါ်၊ တဘော်ဝန်းလျား၊ သားမယားမူ၊ နောက်ကားပစ္ဆိ၊ မှုရှိထုတ်ပေး၊ မိတ်ဆွေမြောက်ညာ၊ ဥတ္တရာမည်ထ၊ ကမ္မကရ၊ ကျေးကျွန်မှာလျှင်၊ ဒိသာအောက်ခန်း၊ ရဟန်းပုဏ္ဏား၊ ဘုရားပစ္စေကာ၊ ဟူသမျှကား၊ မြတ်လှဂုဏ်ပါ၊ ထိပ်မှာတင်အပ်၊ အထက်ရပ်တည့်၊ ပညတ်ဝေပါဟာ၊ ခြောက်ဒိသာကို....[2]။

---

၁။ ဒီ။ ၃။ ၁၅၆။ (သိင်္ဂါလသုတ်)

၂။ မဃဒေဝလင်္ကာသစ်။ ၃၂၀-ပိုဒ်။

## သားသုံးမျိုး

လောက၌ သားသုံးမျိုးရှိကြောင်း ဘုရားရှင် ဟောတော်မူသည်။ ယင်း သုံးမျိုးကား—

၁။ အတိဇာတသား၊

၂။ အနုဇာတသား၊

၃။ အဝဇာတသား-

အားဖြင့် သုံးမျိုးဖြစ်သည်။

ယင်းသုံးမျိုးအနက် မိဘတို့ထက် သီလ, သမာဓိ, ပညာ ဂုဏ်ရည် သာလွန်ထူးချွန်သောသားကို 'အတိဇာတသား' ဟု ခေါ်သည်။

အတိဇာတံ အနုဇာတံ၊ ပုတ္တမိစ္ဆန္တိ ပဏ္ဍိတာ။

အဝဇာတံ န ဣစ္ဆန္တိ၊ ယောဟောတိ ကုလဂန္ဓနော။

ပဏ္ဍိတာ၊ ပညာရှိသော မိဘတို့သည်။ အတိဇာတံ ပုတ္တံ၊ မိမိတို့ထက် သီလ,သမာဓိ, ပညာဂုဏ်သိန် အရှိန်မြင့်မား အတိ

ဇာတသားကိုလည်းကောင်း၊ အနုဇာတံပုတ္တံ၊ မိမိတို့နှင့် သီလ, သမာဓိ, ပညာဂုဏ်ရည်တူညီသော သားကိုလည်း ကောင်း။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ ဝါ- ရလိုကြကုန်၏။ ယောအဝဇာတ ပုတ္တော၊ အကြင်မိဘတို့ အောက် သီလ,သမာဓိ, ပညာ ယုတ်ညံ့သော သားဆိုး သားမိုက်သည်။ ကုလ ဂန္ဓနော၊ အမျိုးကိုဖျက်ဆီးတတ်၏။ တံအဝဇာတံပုတ္တံ၊ ထို မိမိတို့အောက် သီလ,ပညာ ယုတ်ညံ့သောသားကို။ နဣစ္ဆန္တိ၊ အလိုမရှိကြကုန်။

## မိဘတို့ အလိုရှိသည့် သားဖြစ်အောင် ကြိုးပမ်းကြ

အို...အမျိုးသားသူတော်ကောင်း၊ ဖော်ပြပါ ဘုရားဇိနေသီ ဒေသနာတော်အရ မိဘတို့ကမူ မိမိတို့ထက် သီလ, သမာဓိ, ပညာကဲလွန်ထူးချွန်သည့် အတိဇာတသားမျိုးနှင့် အနည်းဆုံး မိမိတို့နှင့် သီလ,သမာဓိ,ပညာ ဂုဏ်ရှိန်ဂုဏ်ဝါတူသည့် အနုဇာတသားမျိုးကို အလိုရှိကြသည်။

သို့ဖြစ်၍ သင်သည် မိဘတို့ထက် သီလ,သမာဓိ, ပညာဂုဏ်အသရေ သာလွန်သည့် အတိဇာတသား ဖြစ်အောင် ကြိုးပမ်းပါလော့။ အနည်းဆုံး မိဘတို့နှင့် သီလ, သမာဓိ, ပညာ ဂုဏ်ရည်တူသည့် အနုဇာတသား ဖြစ်အောင် ကြိုးပမ်းရာ၏။ သို့ရာတွင် ယခု ပါပသမုတ် ကလိယုဂ် ဆုတ်ကပ်ခေတ်မှာကား မိဘတို့အောက် သီလ,သမာဓိ, ပညာဂုဏ်ရည်ညံ့သည် အမူးသမား၊ အပျော်သမားတွေသာ များနေသည်။

(ဆောင်) အာဘကောင်းသား၊ ခံရေမျှား၏၊ သားကောင်း
အဘ၊ ဖြစ်ခဲ့စွန့်ရှင်၊ သားလှမောင်သိ၊ အတိ, အနု:
ခေါ်ပြုအဝ၊ ဇာတသုံးဖြာ၊ ကျမ်းဌလာသား၊
မာတာပိတာ၊ မိန့်ဘထက်၊ သီလသမာ၊ ပညာ
ကျင့်မှု၊ လွန်တူယှဉ်ထ၊ သားသုံးဝတည့်၊ ပါပ
သမုတ်၊ ကလိယုဂ်ဌ၊ ဆုတ်ကပ်သွားသည့်၊ နောက်
သားတကာ၊ အဝဇာဖြင့်၊ အလိမ္မာကို၊ မလို
ဆည်းပူး၊ လေလွင့်ရှုးရှဲ၊ အမူးအမော်၊ စားပျော်
သောက်ပြု၊ ကစားမှုနှင့်၊ မိုက်တုမိုက်ထ၊ လိုက်များ
ကြလိမ့်။

## ရွှေလမင်းသဖွယ် တင့်တယ်ထွန်းလင်းသည့် သားဖြစ်အောင် ကြိုးပမ်းကြ

ဘုရားရှင်သည် ဣတိဝုတ် ပါဠိတော် ပုတ္တသုတ်၌ပင်—

ယေစ ခေါ ပုတ္တာ လောကသ္မိံ၊ ယေဘဝန္တိ ဥပါသကာ။
သဒ္ဓါသီလေန သမ္ပန္နာ၊ ဝဒညူ ဝီတမစ္ဆရာ။
စန္ဒော အဗ္ဘဃနာမုတ္တော၊ ပရိသာသု ဝိရောစရေ[၂]။

ဟု ဟောတော်မူသည်။

---

၁။ မဃဒေဝလင်္ကာသစ်။ ၃၂၁-ပိုဒ်၊
၂။ ဣတိဝုတ္တကပါဠိ။ ၂၃၆။ ပုတ္တသုတ်။

ဘိက္ခဝေ၊ ချဉ်းကပ်ခစား အို-ရဟန်းများတို့။ လောကသ္မိံ၊ လောကအတွင်း၌။ ပုတ္တာ၊ သားအမျိုးအစားတို့သည်။ ဧ တေ ခေါ၊ ဤသုံးမျိုး သုံးပါးတို့သာတည်း။ ယေပုတ္တာ၊ အကြင် သားတို့သည်။ ဥပါသကာ၊ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်တတ်ကြကုန်၏။ သဒ္ဓါ၊ ရတနာသုံးတန်၊ ကံ-ကံ၏ အကျိုးကို သက်ဝင်ယုံကြကုန်၏။ သီလဝန္တာ၊ ငါးပါးသီလ, ရှစ်ပါးသီလ စသည်ထွေပြား သီလများနှင့်။ သမ္ပန္နာ၊ ကိုလို လောက်င ပြည့်စုံကြကုန်၏။ ဝဒညူ၊ အလှူခံ ပုဂ္ဂိုလ်တို့၏ စကားကို သိကြကုန်၏။ ဝီတမစ္ဆရာ၊ မစ္ဆေရ အညစ်အကြေး ကင်းစင်ဝေးကြကုန်၏။ တေပုတ္တာ၊ သဒ္ဓါ သီလ ဒါနဆည်းပူး ထိုသားထူး သားမြတ်တို့သည်။ အဗ္ဘဃနာ ပုတ္တော၊ မိုးသား တိမ်တိုက်မှ လွတ်သော။ စန္ဒောယထာ၊ ကမ္ဘာ့တန်ဆာ လစန်းရတနာကဲ့သို့။ ပရိသာသု၊ များပြောထူထပ် ပရိသတ်တို့၌။ ဝိရောစရေ၊ တင့်တယ်ထွန်းပကြကုန်၏။

သို့ဖြစ်၍ ဘုရားရှင် သွန်သင်မိန့်ကြားတော်မူသည့် အတိုင်း သဒ္ဓါ, သီလ, ဒါန စုံလင် ထူးမြတ်သည့် အဘိဇာတ, အနုဇာတသား ဖြစ်အောင် ကြိုးပမ်းဖြစ်အောင် ကြိုးပမ်းပါ လေဟု ထင်မံ တိုက်တွန်းအပ်ပါသည်။

(ဆောင်) သဒ္ဓါသီလ၊ ဒါနစုံထ၊ သား ပုတ္တကား၊ မိုးဝ
အလယ်၊ လမင်းနှယ်သို့၊ တင့်တယ်စံပ၊ ထူးခြားလှ
ဟု၊ မုနိထွတ်တင်၊ ဟောသွန်သင်သည်၊ အသင်
**ဖြစ်အောင် ကြိုးပါလော့။**

## မိဘကျေးဇူးကို ဆပ်တော်မူသော ဘုရားရှင်

ဘုရားမြတ်စွာသည် ပဉ္စမမြောက် ဝါကို ဝေသာလီပြည် အနီး မဟာဝုန် တောကြီးအတွင်း စုလစ်မွန်ချွန် အထွတ်တင် အပ်သော ကူဋာဂါရကျောင်းတိုက်၌ ဝါကပ်တော်မူသည်။ ယင်းသို့ ပဉ္စမမြောက် ဝါကပ်တော်မူသော အခါမှာပင် ဖခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးကို ရွှေနန်းတော် အတွင်း မင်္ဂလာထီးဖြူတော်အောက်၌ အရဟတ္တဖိုလ် ပေါက် ရောက်စေတော်မူ၍ ကျေးဇူးဆပ်တော်မူခဲ့လေသည်။

၎င်းပြင် ခုနစ်ဝါမြောက်တွင် တာဝတိံသာ နတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော် မူ၍ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတာ နတ်သားကို အမှူး ထား၍ အဘိဓမ္မာတရားကို ဟောကြားတော်မူခဲ့လေသည်။ ယင်းသို့ အဘိဓမ္မာတရား ဟောကြားတော်မူ၍ မွေးခဲ့ပေဘူး ကျေးဇူးတော် အနန္တကို ဆပ်တော်မူခြင်း ဖြစ်လေသည်။ ယင်းသို့ ဘုရားမြတ်စွာဟောကြားတော်မူအပ်သော အဘိဓမ္မာ ဒေသနာကို ကြားနာကြရသဖြင့် မယ်တော်နတ်သား အမှူး ထားသည့် ကုဋေ ၈၀ နတ်ပြဟ္မာတို့ ကျွတ်တမ်းဝင်ကြ ကုန်၏။

---

၁။ အံ၊ ဥ၊ ၁။ ၂၆၃။

**မာတာရံ ပမုခံကတွာ၊ တသ္မာ ပညာယ တေဇသာ။**

**အဘိဓမ္မာကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ [၁]။**

မာတာရံ၊ ကျေးဇူးရှင်ဖစ် နတ်ခေတ်ရှင်ပျော် မြတ်မယ်တော်ကို။ ပမုခံကတွာ၊ ရှေ့ရှုတိုက်ကျေး မွေးခဲ့ပေသူ ကျေးဇူးတော် အနန္တကို ကျေပါစေကြံဆ၍ ဝံပြုမြူးရှင် အကြီးအမှူး ဘင်တော်မူလျက်။ တသ္မာပညာယ၊ ထိုသမ္ဗုဒ္ဓာ ရွှေဉာဏ်တော်၏။ တေဇသာ၊ သုံးပါးသော အစွမ်းဖြင့်၊ အဘိဓမ္မာ ကထာမဂ္ဂံ၊ အဘိဓမ္မာ ဒေသနာတော် အစဉ်ကို။ ဒေဝါနံ၊ စကြဝဠာပေါင်း တိုက်တသောင်းမှ ခညောင်းလာ ငြား နတ်ဗြဟ္မာ အများတို့အား၊ သမ္ပဝတ္တယိ၊ အင်္ဂါရှစ်ဖော် အသံတော်ဖြင့် ဟောဖော် မိန့်ကြားတော်မူခဲ့လေပြီ။

## မိခင်ကျေးဇူးဆပ်တော်မူသော
## အရှင်သာရိပုတ္တရာ

ဘုရားမြတ်စွာ၏ ပညာတော်ဒဂ် လက်ယာတော်ရံတပည့်ကြီး အရှင်သာရိပုတ္တရာ မထေရ်သည် နောက်ဆုံးပိတ် နာရီကရွာရှိ မယ်တော်တိုက်ခန်းသို့ ကြွတော်မူ၍ မိခင်သာရိပုဏ္ဏေးမကြီး အား မိစ္ဆာအယူမှ လွတ်မြောက်စေ၍ သောတာပတ္တိဖိုလ်၌ တည်စေတော်မူခဲ့ပြီး မွေးကျေးဇူး၊ ကျွေးကျေးဇူး တို့ကို

---

၁။ အဘိ၊ ဋ္ဌ၊ ၁။ ၁။

ဆပ်တော်မူခဲ့လေသည်။ နောက်တွင် မယ်တော်တိုက်ခန်းမှာပင် ပရိနိဗ္ဗာန် စံတော်မူခဲ့လေသည်[၁]။

ဤသို့ စသည်ဖြင့် ဘုရားအစရှိသော သူတော်ကောင်းကြီးများ မိဘကျေးဇူးကို ဆပ်တော်မူခဲ့ကြကုန်၏[၂]။

ကဿပဘုရားရှင် လက်ထက်က ဃဋိကာရ အနာဂါမ်အိုးထိန်းသည်သည် သက်ဆုံးတိုင် မျက်မမြင်ဒုက္ခိတမိဘနှစ်ပါးကို လေးမြတ်ကြည်ဖြူ လုပ်ကျွေးပြုစုခဲ့သည်။ ကွယ်လွန်ပြီးနောက် သုဒ္ဓါဝါသ ဗြဟ္မာဘုံ၌ ဖြစ်လေသည်။ သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ပရိနိဗ္ဗာန် ဝင်စံမည် ဖြစ်သည်။

(မဇ္ဈိမပဏ္ဏာသ၊ ဃဋိကာရသုတ်၊ ၂၄၂ ကြည့်)

## သားကောင်း သမီးကောင်းဖြစ်အောင် ကြိုးစားကြပါ

ဖော်ပြခဲ့သည့် သီလာပံသု မေရုဇဟို ကျေးဇူးပိုမို ကဲလွန်များပြားကြသော မိဘတို့ကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ သဘောမထားပဲ အတတ်နိုင်ဆုံး ယုယုယယ ပြုစု

---

၁။ ဒီ၊ ဋ္ဌ၊ ၂။ ၁၄၁-၁၄၄-ကြည့်။

၂။ မိကိုညာက၊ ဘကိုလက်ဝဲ၊ ကိုင်ဆွဲချီလျက်၊ ပခုံးထက်ငယ်၊ အသက်ဆုံးအောင်၊ မြတ်နိုးဆောင်၍၊ အခေါင်အဖျား၊ လုပ်ကျွေးငြားလည်း၊ မွေးဖွားပိုက်ကျူး၊ ရှေးတင်ဘူးသည့်၊ ကျေးဇူးလှယ်ပြိုင်၊ မဆပ်နိုင်ခဲ့၊ ရောက်တိုင်မင်္ဂဖိုလ်၊ ကုသိုလ်တရား၊ ကြားစပေမှ၊ တုံ့ချေရဟု-

ကျွေးမွေး စောင့်ရှောက်ကြပြီး **သားကောင်း** သမီးကောင်း ဖြစ်အောင် ကြိုးစားကြပါ။ သား ကောင်း သမီးကောင်း ဟူသော ဘွဲ့ထူးကို ဆွတ်ခူးကြပါ။ အမိ အဘ မရှိသည့် နောက်ကျမှ မပြုစုလိုက်ရလေခြင်း၊ မကျွေးမွေးလိုက်ရလေ ခြင်းရယ်လို့ နောင်တ တဖန် ပူပန်မှု မပြုကြကုန်လင့်။ မိဘ များ မရှိသည့်နောက်တွင်လည်း ရတနာသုံးပါးအား လှူဒါန်း ပူဇော် ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေကြပါ။ မိမိတို့ ဘက်မှ ဘာ တခု လိုပါသေးတယ်လို့ မဖြစ်ရ လေအောင် ကြိုးပမ်း ကြကုန်ရာသည်။

## သားသမီးတို့ ဤသို့ စိတ်ထားသင့်

သား သမီးများသည် မိဘတို့၏ ဥယျာဉ်ပျိုးသလို ပြုစု စောင့်ရှောက် မြေတောင် မြှောက်မှုကြောင့် လူလားမြောက် သည့် အခါကစ၍—

"သည်အချိန်မှစ၍ မိဘတို့ ဇရာထန်ပြင်း နှိပ်စက်ခြင်း ကြောင့် အိုမင်းခဲ့သော်- အစစ အရာရာ ငါ တာဝန် ယူ၍ စောင့်ရှောက်မည်။ လိုခဲ့လသေး မရှိအောင် ငါ ပြုစုမည်။ ငါကျွေးမွေးမည်။ငါသုတ်သင်မည်" စသည်ဖြင့် သဘောထား ရမည်။ ကြံစည် စိတ်ကူးအြရမည်။

"မမာမကျန်း ရှိခဲ့လျှင် ငါ ကုသမည်။ ဆေးဖိုးဝါးခ ငါ အကုန်ခံမည်။ သမားတော် ငါ ဦးအောင် ခေါ်၍ ပြုစုမည်။

ဆရာဝန် ငါက ဦးအောင် ခေါ်၍ ပြုစုမည်။ လိုအပ်သမျှ ဆေးဝါး ဓာတ်စာ ငါက အကုန်အကျခံ၍ ကျွေးမွေးမည်” စသည်ဖြင့် စိတ်ထားကြရမည်။

“မတော်တဆ သင်္ခါရသဘောကို မလွန်ဆန် မရှန်းကန်နိုင်၍ မိဘတို့ ကွယ်လွန်ပြန်လျှင်လည်း ကုန်ကျသမျှ ငါက တာဝန်ယူ၍ သင်္ဂြိုဟ်မည်” စသည်ဖြင့် စိတ်ကူးထားကြရမည်။ စိတ်ကူးထားသည့်အတိုင်းလည်း ပြုလုပ်နိုင်အောင် ကြိုးစားကြရမည်။

(ဆောင်) သားဟူသည်လည်း၊ တည်တည်ပပ၊ မိဘတို့ကို၊
ကယ်သင်္ဂြိုဟ်အံ့၊ အိုလည်းငါသား၊ နာလည်း
ငါချည်း၊ သေလည်းငါ့ဝန်၊ ကေန်မသွေ၊ ရှိပါ
စေဟု၊ ထွေထွေထူးထူး၊ ကြံစိတ်ကူး၍၊ ဆည်းပူး
ပြုနိုင် ကြစေသော်။

# မိဘမြတ်ကျေးဇူးကျမ်း

## လက်စသတ်ခြင်း

မိမိသည် မိဘနှစ်ဦးကို စိတ်ကျေနပ်လောက်အောင် ပြုစုလိုက်ရပါသည်။ အစား၊ အဝတ် မလွှတ်အောင် ကျွေးမွေးပေးကမ်း ပြုစုလိုက်ရပါသည်။ ဖခင်ဒါယကာကြီး ကွယ်လွန်စဉ်က သံဃာတော် ၈၀ ကျော်တို့ကိုပင့်၍ သင်္ကန်း၊ စာအုပ်များကို ဖခင်ဒါယကာကြီးကိုရည်မှန်း၍လှူဒါန်းပြီး များပြားသော ပရိသတ်ဖြင့် သင်္ဂြိုဟ်ခဲ့လေသည်။ ဖခင်ဒါယကာကြီးကို အကြောင်းပြု၍ ပခုက္ကူ ရှင်ကျင့်ဝတ်ကျမ်းကို ကိုယ်တိုင်ရေးသားပြုစုပြီး ရိုက်နှိပ်၍ လှူဒါန်းခဲ့လေသည်[၁]။

ယခုယဖန် ရွှေမြင်းမိုရ်တောင် ဆယ်ပြန်မဟာ ကျေးဇူးကြီးမားလှသည့် မိခင်ကြီး ဒေါ်လှုပို၊ ၁၃၄၂ ခုနှစ် နယုန်လဆန်း ၁၀ ရက်နေ့တွင် ကွယ်လွန် ခဲ့ပါသည်။ ၁၀ ရက်

---

၁။ ပခုက္ကူရှင်ကျင့်ဝတ်ကျမ်း နိဒါန်းကြည့်။

ထားရှိ၊ နယုန်လဆုတ် ၄ ရက်နေ့တွင် သံဃာတော် ၁၃၇ ပါးတို့အား သင်္ကန်း (သင်းပိုင်)၊ပခုက္ကူရှင်ကျင့်ဝတ်၊ ပခုက္ကူ အန္တရာယ်ကင်း ကမ္မဝါ၊ ပခုက္ကူ သာသနာဝင် ကျမ်းစာများ လှူဒါန်း၍၊ တထောင်နီးပါးရှိ လူထုပရိသတ်ကြီးဖြင့် အန္တိမ ဈာပနပွဲပြုလုပ်သင်္ဂြိုဟ်ခဲ့ပါသည်။ ယင်းသို့ သင်္ဂြိုဟ်ပြီး နောက် ကနေ့ဖြစ်သော နယုန်လဆုတ် ၅ ရက်နေ့တွင် ဤမည်သော မိဘမြတ်ကျေးဇူး ကျမ်းကို မိခင်ကြီး ကျေးဇူးတော် တစိတ် တဒေသ ကျေပါစေတော့ဟု ကြံဆ၍ စတင်ရေးသား၍ မိခင် ကြီး ကွယ်လွန်၍ တလမြောက် ဖြစ်သော ၁၃၄၂ ခု နှစ် ပထမ ဝါဆိုလဆန်း ၁၀ ရက်နေ့ ဖြစ်သော ဤယနေ့ ၅နာရီ ၁၂ မိနစ် အချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ပါ သည်။ ယင်းသို့ ပြီးမြောက်သဖြင့် သင်္ခါရတရားတို့ကို အမြဲပင် ဆင်ခြင် သံဝေဂ ဖြစ်ပွားယင်း အောက်ပါ မြန်မာ ကေပိုဒ် လင်္ကာဖြင့် အထွတ်တပ်၍ နိဂုံးအုပ်လိုက်ပါသည်။

## မိဘမြတ်ကျေးဇူးကျမ်း နိဂုံး

သိမှတ်စိမ့်ငှာ၊ စာတမ်းမှာပိမ့်၊ဗြဟ္မာဟူသည်၊ အမည်နာမ၊
ဝေါဟာရနှင့်၊ ပုဗ္ဗာစရိယ၊ ဘွဲ့ထူးရသား၊ အာဟုနေယျ
စသည့်ဥဿုံ၊ ကုံလုံလောကင်၊ မည်ထူးရ၏၊ လောကထင်ရှား၊
မိဘများက၊ များပြားဆန်းထူး၊ ကျေးဇူးကြီး၏၊ သီးသီး
ပေါက်ပွား၊ သမီးသားတို့၊ နှစ်ပါးမိဘ၊ ပြုစုကြလော့၊
ယုယကြလော့၊ နောက်မှ နောင်တ၊ မရကြနှင့်၊ မိဘနှစ်ဖြာ၊

လွန်လေပါလည်း၊ များစွာအထူး၊ ကျေးဇူးရည်မှန်း၊ လူဒါန်း ကြွလေ၊ မလစ်ခစလင့်၊ ဗုဒ္ဓမိန့်မှာ၊ မာတာပိတူ၊ ဥပဇ္ဈာန်၊ မင်္ဂလံကို၊ ကေန်ဘော၊ မမေ့ကြနှင့်၊ မိဘာဂုဏ်ကို၊ အာချိုစွဲမြဲ၊ ရည်မှန်းဘိ၍၊ ဤသည့်စာကျမ်း၊ စာတော်ပန်းကို၊ ခန်းခန်း စုံစွာ၊ ပြုစုပါ၏၊ အချားသူငါ၊ ဖတ်ရှုနာ၍၊ ကျွမ်းလာ သည့်အား၊ လိုက်နာပွားကာ၊ မမှားပုံသေ၊ ကျင့်ကြစေရန်၊ တိုက်တွန်းပါသည်၊ မှတ်ရန် နောက်နောင် စာတမ်းတည်း။

အရှင်ကောလာသ ပြုစုသော

## ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း။
၂။ တိပိဋကအတ္ထုဒ္ဒါရသုစိကျမ်း။
၃။ တိပိဋကသုတ္တသုစိ။
၄။ အင်္ဂလိပ်-ပါဠိအဘိဓာန်။
၅။ ပါဠိ-အင်္ဂလိပ်အဘိဓာန်။
၆။ သက္ကတ-မြန်မာအဘိဓာန်။
၇။ ပဉ္စက္ကူ သာသနာ၀င်။
၈။ မဟာ၀ိသုတာရာမ သာသနာ၀င်။
၉။ မန္တလေးသာသနာ၀င် ပထမတွဲ။
၁၀။ မန္တလေးသာသနာ၀င် ဒုတိယတွဲ။
၁၁။ မန္တလေးသာသနာ၀င် တတိယတွဲ။
၁၂။ မန္တလေးသာသနာ၀င် စတုတ္ထတွဲ။
၁၃။ မန္တလေးသာသနာ၀င် ပဉ္စမတွဲ။
၁၄။ မန္တလေးသာသနာ၀င် ဆဋ္ဌမတွဲ။

၁၅။ မန္တလေးသာသနာဝင် သတ္တမတွဲ။
၁၆။ မန္တလေးသာသနာဝင် အဋ္ဌမတွဲ။
၁၇။ မန္တလေးသာသနာဝင် နဝမတွဲ။
၁၈။ မန္တလေးသာသနာဝင် ဒသမတွဲ။
၁၉။ မန္တလေးသာသနာဝင် ဧကာဒသမတွဲ။
၂၀။ မန္တလေးသာသနာဝင် ဒွါဒသမတွဲ။
၂၁။ မန္တလေးသာသနာဝင် တေရသမတွဲ။
၂၂။ မန္တလေးသာသနာဝင် စုဒ္ဒသမတွဲ။
၂၃။ မန္တလေးသာသနာဝင် ပန္နရသမတွဲ။
၂၄။ ပုဂံ သာသနာဝင်။
၂၅။ ပင်းယ သာသနာဝင်။
၂၆။ အင်းဝ သာသနာဝင်။
၂၇။ စစ်ကိုင်း သာသနာဝင်။
၂၈။ အမရပူရ သာသနာဝင်။
၂၉။ စွန်းလွန်း ပဋိပတ္တိသာသနာဝင်။
၃၀။ သီဟိုဠ် ရဟန္တာများ။
၃၁။ သီဟိုဠ်ဘုရားစုံ သမိုင်း။
၃၂။ စေတီယပ္ပတ္တိ ဒီပနီ။
၃၃။ ပခုက္ကူ ဘုရားစုံသမိုင်း။

၃၄။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၃၅။ ပခုက္ကူ စာချနည်း။
၃၆။ ပခုက္ကူ ရေစက်ချကျမ်း။
၃၇။ ပခုက္ကူ သဒ္ဒါသုတ်နက်။
၃၈။ ပခုက္ကူ ဂုဏ်တော်ဖွင့်။
၃၉။ ပခုက္ကူ ဘုရားရှိခိုးကျမ်း။
၄၀။ ပခုက္ကူ စာစပ်ကျမ်း။
၄၁။ ပခုက္ကူ နိပါတ်နက်များကျမ်း။
၄၂။ ပခုက္ကူ ပရိတ် နိဿယအကျဉ်း။
၄၃။ ပါဠိ ပါဠ မဉ္ဇူရီ ပါဠိဖတ်စာ။
၄၄။ ဥပုသ်သည်များ လက်စွဲ။
၄၅။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိဒီပနီနှင့် အဖိုးတန် စာပေများ။
၄၆။ အဘိဓဇ မဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏ မဟာထေရ စရိတ။
၄၇။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရဝုတ္တန္တဒီပနီ။
၄၈။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ ကလျာဏ ထေရဂုဏ်ရည်။
၄၉။ ဝါးကန် ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန်ထေရ ဂုဏ်ရည်။

၅၀။ သံပုရာပင်ကုန်း ဆရာတော် အရှင်အရိယ၏ အရိယ ထေရဂုဏ်ရည်။

၅၁။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော် အရှင်ဉာဏုတ္တရ၏ မဟာဝိဇိတာရာမ ထေရာပဒါန်။

၅၂။ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာထေရုပ္ပတ္တိသင်္ဂဟဒီပိကာ။

၅၃။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဆရာတော်ဘုရားကြီး၏ မဟာထေရလင်္ကာ။

၅၄။ သာသနာ့ပိုင် ဆရာတော် ဦးဥယျောထေရုပ္ပတ္တိ။

၅၅။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာခြောက်ဆယ် ပါဌ်နိဿယ။

၅၆။ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာရှစ်ဆယ် ပါဌ်နိဿယ။

၅၇။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ်ပါဌ် နိဿယ။

၅၈။ ရေစကြို ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ၁၀၀ ပါဌ် နိဿယ။

၅၉။ ကျွန်းဦး ဆရာတော် ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ သုံးဆယ်ပါဌ် နိဿယ။

၆၀။ လက်ဝဲဏာတော် သုံးဆယ့်နှစ်ပါး ဘုရားရှိခိုးဂါထာ ပါဌ် နိဿယ။

၆၁။ လက္ခဏာတော်ငယ် ရှစ်ဆယ် ဘုရားရှိခိုးဂါထာပါ၍ နိဿယ။

၆၂။ တရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုးဂါထာပါ၍ နိဿယ။

၆၃။ နမက္ကာရပါ၍ နိဿယ။

၆၄။ ရှင်ဥပဂုတ် ရှိခိုး ဆယ့်နှစ်ဂါထာ ပါ၍ နိဿယ။

၆၅။ ပဉ္စသိခ သီချင်းဂါထာပါ၍နိဿယ။

၆၆။ မြစ်ခြေမြို့အဘယာရာမတိုက် သောဘနာလင်္ကာရသိမ် မော်ကွန်း ပါ၍နိဿယ။

၆၇။ မရဏဿတိဘာဝနာ။

၆၈။ မူလပဏ္ဏာသ အဋ္ဌကထာဂဏ္ဌိ။

၆၉။ ပိဋကတ်သုံးပုံ ဘုရားရှိခိုး (၁၁၅- ဂါထာ ပါ၍ နိဿယ)။

၇၀။ မဟာဝံသ ပါဠိ (သီဟိုဠ် ပါဠိမှ မြန်မာ အက္ခရာ ပြန်ရေး)။

၇၁။ ဒီပဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိ ပြန်ရေး)။

၇၂။ အစ္ဆရိယပဒါန်နှင့်အဖိုးတန်စာပေများ။

၇၃။ ပခုက္ကူအဘိဓာန် နိဿယသစ်။

၇၄။ တိပိဋကဝုတ္တန္တသဒ္ဒိပနီကျမ်း။

၇၅။ ကဝိဒပ္ပဏနီတိပါဠိ နိဿယ။

၇၆။ တိပိဋကဓရဝတ္ထုပ္ပဝိကာသိနီ။

၇၇။ ဆယ့်နှစ်ရာသီဘွဲ့ဂါထာ ပါဠိ နိဿယ။

၇၈။ ရေနံချောင်းမြို့ ရွှေတောင် တိုက်အုပ် ဆရာတော် အရှင်ဝဏ္ဏာစာရ၏ ထေရဝတ္ထုပ္ပဝိလာသိနီ။

၇၉။ သမန္တကူဋဝဏ္ဏနာပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိ ပြန်ရေး)။

၈၀။ မဟာဝိသုဒ္ဓါရာမ နိကာယဝတ်ရွတ်စဉ်အဖွင့်။

၈၁။ မဟာဝိသုဒ္ဓါရာမ နိကာယသာသနာဝင်သစ်။

၈၂။ မဟာဝိသုဒ္ဓါရာမိက ဂဏဝါစက နိကာယ သမိုင်း မှတ်တမ်း။

၈၃။ မဟာစည်ထေရဝတ္ထုပ္ပဝိလာသိနီ။

၈၄။ သာသနာဝင်ဘွဲ့တံဆိပ်တော်များသမိုင်း။

၈၅။ ၁၃၄၀-ပြည့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ၃-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး ၁၀-ပါး တို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒီပနီ။

၈၆။ အဂ္ဂမဟာပဏ္ဍိတအရှင်ဂန္ဓမာ၏ မဟာထေရဝိက္ကဏ္ဍိတာ။

၈၇။ ပခုက္ကူ အဖိုးတန်စာပေများ။

၈၈။ မိဘမြတ် ကျေးဇူး။

၇၉။ ထေယျာဒသင်းခလ ထေရဂုဏ်ရည်။

၈၀။ ၁၃၄၁-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆-ပါးတို့၏ အဖြစ်တော်ငြ် မဟာထေရုပ္ပတ္တိပကာသနီ။

၈၁။ ရွှေတန့်တစ် ဘုရားသမိုင်း။

အရှင်ကေလာသ ၏

# ပုံနှိပ်ဆဲ ကျမ်းစာများ

သာသနာဝင် ဘွဲ့တံဆိပ်တော်များသမိုင်း။

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ၏ အဋ္ဌုပ္ပတ္တိကျမ်းကြီး
(စာမျက်နှာ ၆၅၀-ခန့်)။

၁၃၄၀-ပြည့်နှစ် အဘိဓဇမဟာရဋ္ဌဂုရု နှင့်
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘုရားကြီး (၁၃) ပါးတို့၏ ထေရုပ္ပတ္တိသန္ဓိပနီ။

—o—